unesco

STEM Strengthening Pre-service Teacher Education in Myanmar

SUOMI FINLAND

မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြိုဆရာအတတ်သင်

ပညာရေးအစီအစဉ်

တတိယနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# EDU3116

# သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ – စာရိတ္တနှင့် ပြည်သူ့နီတိ

မူလတန်းအထူးပြု

ဆရာလမ်းညွှန်

# နိဒါန်း

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အစီအစဉ်အတွက် သင်ရိုးညွှန်းတမ်းကို အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဆရာအတတ်သင် ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦး အနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ဆရာအတတ်သင် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးကို အပိုင်း (၂) ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှ ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့ အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ်မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည်သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင် အစီအစဉ်ပါ သင်ရိုးကို သင်ယူပြီးချိန်တွင်လည်း ဆရာအတတ်သင် ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ – အသုံးချ – ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို – UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး" (Strengthening Pre–service Teacher Education in Myanmar) စီမံချက် မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ကို ဖင်လန်အစိုးရက ပေးအပ်ထားပါသည်။

# မာတိကာ


နိဒါန်း ....................................................................................................က
မာတိကာ...................................................................................................ဃ
ဤဆရာလမ်းညွှန်ကို မည်သို့ အသုံးပြုရမည်နည်း။ ...............................................၁
အခန်း ၅။ စည်းကမ်း ..................................................................................... ၅၉
၅.၁။ မူလတန်းအောက်ဆင့်ရှိ စည်းကမ်း..........................................................၆၂
၅.၁.၁။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများနှင့်အညီ စည်းကမ်းလိုက်နာခြင်း ..........................................................၆၂
၅.၁.၂။ 'စည်းကမ်း' အခန်းကို သင်ကြားခြင်း...............................................၇၃
၅.၁.၃။ မူလတန်းအောက်ဆင့်တွင် 'စည်းကမ်း' အခန်းကို သင်ကြားခြင်း ....... ၉၀
၅.၁.၄။ အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံမှု.......................... ၁၀၁
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................၁၁၂
အခန်းဆုံးအနှစ်ချုပ် .......................................................................................၁၁၅
အဓိကအချက်များ.........................................................................................၁၁၅
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း...........................................................၁၁၆
ဆက်လက်ဖတ်မှတ်စရာများ ...........................................................................၁၁၆
အခန်း ၆။ ငြိမ်းချမ်းစွာ နေထိုင်ခြင်း.....................................................................၁၁၉
၆.၁။ ကွဲပြားစုံလင်သော လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ နေထိုင်ခြင်း............၁၂၂
၆.၁.၁။ မူလတန်းအောက်ဆင့်တွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်ပြီး ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ခုကို မြှင့်တင်ခြင်း.........................၁၂၂
၆.၁.၂။ 'ငြိမ်းချမ်းစွာ နေထိုင်ခြင်း' အခန်းကို သင်ကြားခြင်း ....................... ၁၃၄
၆.၁.၃။ မူလတန်းအောက်ဆင့်တွင် 'ငြိမ်းချမ်းစွာ နေထိုင်ခြင်း' ကို သင်ကြားခြင်း .................................................................................၁၄၆
၆.၁.၄။ 'မြန်မာကျောင်းဆရာ' ဖြစ်လာခြင်း.................................................၁၅၆
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ.........................................၁၆၆
အခန်းဆုံးအနှစ်ချုပ် .......................................................................................၁၇၁

အဓိကအချက်များ...............................................................................................၁၇၁
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း.....................................................................၁၇၁
ဆက်လက်ဖတ်မှတ်စရာများ ...................................................................................၁၇၂
ခက်ဆစ်အဘိဓာန် ...................................................................................................၁၇၅
ကျမ်းကိုးစာရင်း .......................................................................................................၁၇၇
နောက်ဆက်တွဲ...........................................................................................................၁၈၂
နောက်ဆက်တွဲ (၁)။ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းနှင့်
တုံ့ပြန်အကြံပြုချက်များအတွက် စံသတ်မှတ်ချက်များ .......၁၈၂

တတိယနှစ်၊ ဒုတိယစာသင်နှစ်ဝက်၊ EDU3116 ၊ သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ –
စာရိတ္တနှင့် ပြည်သူ့နီတိ၊ မူလတန်းအထူးပြု

# ဤဆရာလမ်းညွှန်ကို မည်သို့ အသုံးပြုရမည်နည်း။

## စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် ဆရာလမ်းညွှန်ကို မည်သူအသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်သည် ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ[၁]အား တတိယနှစ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် ကျောင်းသားကိုင်စာအုပ်ကို သင်ကြားရာတွင် ကူညီပံ့ပိုးပေးမည့် ဆရာများ[၂] အတွက် စီစဉ်ရေးသား ပြုစုထားသော စာအုပ်ဖြစ်ပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်ကို သင်ပြစဉ် ကျောင်းသားကိုင်စာအုပ်နှင့်တွဲ၍ ဤဆရာလမ်းညွှန်ကို အသုံးပြုရန်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းများနှင့် သင်ခန်းစာ တစ်ခုချင်းစီအတွက် သင်ယူမှုရလဒ်များ အောင်မြင်ပေါက်မြောက်စေရန် ဤဆရာလမ်းညွှန်တွင် ကျောင်းသားများအား ညွှန်ကြားရမည့်အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာ ဖော်ပြထားသည်။

## စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ကြားရေးအစီအစဉ်တွင် တတိယနှစ် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်ကို သင်ကြားရန် (ပထမစာသင်နှစ်ဝက်တွင် ၁၂ ချိန်၊ ဒုတိယစာသင်နှစ်ဝက်တွင် ၈ ချိန်) စုစုပေါင်း စာသင်ချိန် (၂၀) ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေးဒီဂရီကောလိပ်တွင် ဖြစ်ပါသည်။

## တတိယနှစ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် ဆရာလမ်းညွှန်တွင် မည်သည့်အရာများ ပါဝင်သနည်း။

ဤစာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ် ဆရာလမ်းညွှန်နှင့် ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းထားပုံနှင့် အကြောင်းအရာများသည် လေးနှစ်သင်ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထားပါသည်။

---

၁ ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။


၂ ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးဒီဂရီကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

တတိယနှစ် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်တွင် အောက်ပါအခန်းများ ပါဝင်ပါသည်။

- စာရိတ္တနှင့် ပြည်သူ့နီတိ အသိပညာကို စုစည်းခိုင်မာစေခြင်း
- လူမှုရေးကျင့်ဝတ်
- ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ
- သင်ကြား၊သင်ယူမှုနည်းလမ်းများကို ပြန်လည်သုံးသပ်ခြင်း
- စည်းကမ်း
- ငြိမ်းချမ်းစွာ နေထိုင်ခြင်း

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံ တူညီပါသည်။ အခန်းတစ်ခန်းချင်းစီနှင့် သင်ခန်းစာတိုင်းတွင် **မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**နှင့် **ရရှိသွားမည့် တတ်ကျွမ်းမှုများ** ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများ သိသင့်သောအရာ၊ လုပ်ဆောင်နိုင်သင့်သော အရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

ဆရာလမ်းညွှန်တွင် သင်ခန်းစာ တစ်ခုချင်းစီအတွက် အောက်ပါခေါင်းစဉ်များ ပါဝင်ပါသည် –



**ရရှိသွားမည့် တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများတတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။



**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန်များဖြစ်ပါသည်။



**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများတွင် အသုံးပြုရမည့် သင်ယူမှုနည်းလမ်းများကို ခြုံငုံဖော်ပြခြင်း ဖြစ်သည်။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ။** သင်ခန်းစာ၏ သင်ယူမှုလုပ်ငန်းများ မပြုလုပ်မီ၊ ပြုလုပ်စဉ်နှင့် ပြုလုပ်ပြီးနောက်ပိုင်းတွင် အသုံးပြုရန် အကြံပြုထားသည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများကို ခြုံငုံဖော်ပြထားခြင်းဖြစ်သည်။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာဗဟုသုတရင်းမြစ်များ အတွက် အကြောင်းအရာခေါင်းစဉ်များနှင့် ရည်ညွှန်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသောဘာသာရပ်များနှင့် ဆက်နွယ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် ရည်ညွှန်းချက်များ ပါဝင်ပါသည်။

**လိုအပ်သော ရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media)၊ ကားချပ်များ၊ ရောင်စုံစာရွက်များ၊ မာကာများ၊ ဝက်ဘ်ဆိုက်ဒ်လင့်များ၊ ဗီဒီယိုများ၊ ကုန်ကျစရိတ်သက်သာသော/အခမဲ့ရရှိနိုင်သော ရင်းမြစ်များနှင့် လက်တွေ့လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသော အချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော သင်ယူမှုလုပ်ငန်းများ ပါဝင်ပါသည်။ သင်ခန်းစာတိုင်းတွင် ဘာသာရပ်နှင့် ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ (သို့မဟုတ်) စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စတင် သင်ကြားသင့်သည်။ သင်ယူမှုလုပ်ငန်း အမျိုးမျိုးသည် သင်ကြားသင်ယူမှုတွင် တတ်ကျွမ်းမှု အခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။

**ဆရာ့မှတ်စု။** သင်ခန်းစာကို စီစဉ်ထားသည့်အတိုင်း အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ နှင့် ရှေ့မဆက်မီ ကျောင်းသားများ ထိရောက်စွာသင်ယူနိုင်ရေးအတွက် အလေးထားရမည့် အချက်များ ရှိ/မရှိ စစ်ဆေးနိုင်ရန် ဆရာ့မှတ်စုကို ညွှန်ကြားချက် ဇယားကွက်များဖြင့် သင်ခန်းစာ၏ အဓိကအပိုင်းများတွင် အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။

**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းကို လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင် လုပ်ဆောင်ရသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားမှုတွင် အထောက်အကူပြုရန်အတွက် လုပ်ငန်းတစ်ခုချင်းအပေါ်တွင် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ဆောင်ပုံကို ရှင်းလင်းပြသခြင်း (သို့မဟုတ်) အနှစ်ချုပ်၍ ပြန်လည်ပြောဆိုရှင်းပြခြင်းဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မည်သို့အသုံးပြုရမည် ဟူသော ညွှန်ကြားချက်များသည် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူ သေတ္တာ (Toolbox for assessment approaches) တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** သင်ယူမှုလုပ်ငန်းတစ်ခုချင်းစီ အပေါ် စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်၍ ကျောင်းသားများထံမှ ရရှိနိုင်သော တုံ့ပြန်ချက်အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအားခြုံငုံခြင်း ဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင်ပါဝင်သော ဆရာ့တတ်ကျွမ်းမှုစံများအား မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်း ပြန်လှန်သုံးသပ်ခြင်း ဖြစ်သည်။ ဆရာ့တတ်ကျွမ်းမှု စံအညွှန်းကိန်းများသည် သင်ခန်းစာပါ အကြောင်းအရာများတွင် မည်သို့ ပါဝင်ပတ်သက်နေကြောင်းကို အနှစ်ချုပ် ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာ အချို့တွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်၍ ကျောင်းသားများ၏ သင်ယူမှုကို ပိုမိုထိရောက်မှုရှိစေရန် ထပ်မံလှုံ့ဆော်ပေးနိုင်မည့် အကြံပြုချက်များ ပါဝင်ပါသည်။ ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများသည် ကွဲပြားသော သင်ယူမှု လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများရှိသည့် ကျောင်းသားများကို သင်ကြားရာ၌ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း၏ အကျိုးကျေးဇူးများကို အလေးပေး ဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများကို အတန်းချိန်အတွင်း မဖြစ်မနေ လုပ်ဆောင်ရန် မလိုအပ်ပါ။

**လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာ အချို့တွင် ကျောင်းသားများ၏ ကွဲပြားသော သင်ယူမှုလိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများအား ထည့်သွင်းစဉ်းစား၍ တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင် ပါဝင်သော ဆရာ့တတ်ကျွမ်းမှုစံများ ပေါက်မြောက်အောင်မြင်စေရန် သင်ယူမှု လုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်နိုင်ရန် အကြံပြုချက်များ ပါဝင်ပါသည်။ လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများသည် လူတိုင်းအကျုံးဝင်၍ ပြောင်းလွယ်ပြင်လွယ်ရှိသော သင်ကြား၊ သင်ယူမှု ပုံစံများ အတွက် အလေးထားဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများအား အတန်းချိန်အတွင်း မဖြစ်မနေ လုပ်ဆောင်ရန် မလိုအပ်ပါ။

ဆရာလမ်းညွှန်တွင် အခန်းငယ်တစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်ပါသည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ။** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင် ပါသော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထားပါသည်။ ဤအပိုင်းသည် ဆရာများဖြစ်ကြသည့် သင်တို့၏ အသိပညာများကို တိုးမြှင့်ပေးပြီး ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏ အဖြေအပေါ် မှန်/မမှန် အတည်ပြုပေးရန် အထောက်အကူပြုပါသည်။ ဤအပိုင်းသည် သင်ခန်းစာသင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။

ဆရာလမ်းညွှန်၏ အခန်းတစ်ခုချင်းစီတွင် **အခန်းဆုံးအနှစ်ချုပ်** ပါရှိသည်။ အခန်းဆုံး အနှစ်ချုပ်တွင် အောက်ပါတို့ပါဝင်သည် –

**အဓိကအချက်များ။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အခန်းတစ်ခန်းတွင်ပါသော အကြောင်းအရာများမှ ကျောင်းသားများ သိရှိသင့်သည့် အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင်တို့ သိရှိစေနိုင်ရန် ဤနေရာတွင် ထပ်မံ ဖော်ပြထားပါသည်။ သင်၏ တာဝန်မှာ ကျောင်းသားများအား ဤအပိုင်းကို ဖတ်ရှုရန်အတွက် တိုက်တွန်းပေးရန်ဖြစ်ပါသည်။ အခန်းဆုံး ပြန်လည်သုံးသပ် စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန် အချက်နှင့် သင်ယူခဲ့ပြီးသော သင်ခန်းစာ (အခန်း) တွင် သင်ယူမှုနှင့်ဆိုင်သော မေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သော အခန်းများအလိုက် ဖတ်စရာ ထပ်ဆောင်း ရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထား ပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမိုသိရှိ နားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေးဒီဂရီကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသား တစ်ဦးချင်းစီတို့က မိမိဘာသာမိမိ လေ့လာနိုင်စေရန် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံတွင် ကျောင်းသားကိုင်စာအုပ်ပါ တစ်ဦးချင်းသင်ယူမှုလုပ်ငန်းများကို ဆရာလမ်းညွှန်တွင် အကြမ်းဖျင်းဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ပေါင်းစပ်၍ လုပ်ဆောင်နိုင်မည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်းများကို အိမ်စာအလုပ် အဖြစ်ပေးခြင်း (သို့မဟုတ်) ကျောင်းသားများအား ၎င်းတို့ ပုံမှန်နှုန်းထားအတိုင်း လုပ်ဆောင်ရန် တိုက်တွန်းခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်များသည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်တွင် ပါဝင်သော ညွှန်ကြားချက်များသည် အကြံပြုချက်များသာဖြစ်ပါသည်။ သင်၏ စာသင်ခန်း အတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုစရိုက်လက္ခဏာနှင့် သင်ယူမှုလိုအပ်ချက်များ

ရှိနိုင်ပါသည်။ ပညာရေးဒီဂရီကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ ကိုယ်ပိုင် သင်ယူမှု လုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

## တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာ အဘယ်နည်း။

ပညာရေးဒီဂရီကောလိပ် ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့သည် တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုအတိုင်း လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်တွင် ထည့်သွင်း ရေးဆွဲထားပြီး ၎င်းသည် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) အပေါ်တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှု ဆိုသည်မှာ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကိုသာ အလေးပေးသည် မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက် ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့ဘဝအခြေအနေတွင် ပြန်လည်၍အသုံးချရန် အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှုအခြေပြုသင်ရိုးညွှန်းတမ်းများသည် သင်ယူသူဗဟိုပြု ဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ်နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။

ဆရာအတတ်သင်ပညာရေး၏ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်း ထားပါသည်။၃

- **နောက်ခံအခြေအနေနှင့် ဆက်စပ်ပေးခြင်း (Contextualisation)** ။ သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝ အခြေအနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေပေါ်တွင် အခြေပြုလျက် ပြင်ဆင်ရေးဆွဲထားသည်။

၃ Adapted from the Glossary of curriculum terminology (UNESCO–International Bureau of Education, 2013).

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် (Flipped classroom)။** ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်းအတွင်း ဆရာက ဦးဆောင်ပို့ချသင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/ မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူ ပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိကိုယ်ပိုင် လေ့လာသင်ယူမှုနှုန်းဖြင့် ကြိုတင် ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူထားသည်များကို ဆရာ၏ ပံ့ပိုးကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာ နားလည်သဘောပေါက်လာကြမည်ဖြစ်သည်။
- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက် ဆောင်ရွက်မှုဖြင့် ပြဿနာအား ဖြေရှင်းခြင်း (သို့မဟုတ်) လုပ်ငန်းဆောင်တာတစ်ခုအား ပြီးမြောက်စေခြင်းဖြစ်သည်။ သင်ယူနားလည် သဘောပေါက်မှုသည် အတန်းဖော် အချင်းချင်းသော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင်တက်ကြွစွာ ထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းများ မှတစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏ အဓိကဝိသေသလက္ခဏာများမှာ – တူညီသော အလုပ် (သို့မဟုတ်) လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့် လေ့လာသင်ယူခြင်းနှင့် ပူးပေါင်း ဆောင်ရွက်တတ်သော အမူအကျင့် ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မှီခို ဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်း – စသည်တို့ ဖြစ်သည်။[၄]
- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေး အစီအစဉ် သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သော နည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်းများကို ပေးထားပါသည်။

၄ Lejenue's Collaborative Learning for Educational Achievement. (1999).

# သင်ရိုးရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤဘာသာရပ်သည် မြန်မာနိုင်ငံ၏ အနာဂတ် နိုင်ငံသားကောင်းများ၊ လူ့ဘောင်အဖွဲ့အစည်းများကို ဖန်တီးမြှင့်တင်ပေးနိုင်သည့် အခြေခံပညာ သင်ရိုးညွှန်းတမ်း၏ တန်ဖိုးထားမှုနှင့် သဘောထားများကို နမူနာယူပြီး ကျောင်းသားများကို စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ် သင်ကြားနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများကို မြှင့်တင်ပေးမည်ဖြစ်သည်။ ကျောင်းသားများသည် မိမိတို့နေထိုင်ရာ ကမ္ဘာကြီးနှင့် အိမ်၊ ကျောင်း၊ လူ့ဘောင်အဖွဲ့အစည်း၊ နိုင်ငံ၊ ဒေသနှင့် ကမ္ဘာတို့အကြား ဆက်နွယ်မှုများကို နက်နက်နဲနဲ နားလည်သဘောပေါက်မည် ဖြစ်သည်။ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်သည် လူမှုရေးနှင့် စာရိတ္တ တန်ဖိုးထားမှုများ၊ အခွင့်အရေးနှင့် တာဝန်များ၊ လူ့ဘောင်အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်မှုများနှင့် နိုင်ငံရေးဆိုင်ရာ သိမြင်တတ်မြောက်မှုကို အလေးပေးမည်ဖြစ်သည်။ မတူကွဲပြားသော ကျောင်းသားများ၏ မတူညီသော လိုအင်များအပေါ် မူတည်ပြီး လိုက်လျောညီထွေအောင် သင်ကြားနိုင်သည့် ဆရာများ ဖြစ်လာစေရန် ကျောင်းသားများသည် သင်ယူမှုရလဒ်များကို ပြည့်မီစေရန်အတွက် ဘာသာရပ်အကြောင်းအရာများ၏ မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို မည်သို့ အကောင်အထည်ဖော်ရမည်နှင့် သင်ယူမှုလုပ်ငန်းများ၊ သင်ခန်းစာများကို မည်သို့ဖန်တီးရမည်ကို သင်ယူရမည် ဖြစ်သည်။ ထိုကျောင်းသားများသည် မတူညီသော သင်ယူသူများ (အသက်၊ လူမျိုး၊ ယဉ်ကျေးမှု၊ သင်ယူမှုပုံစံနှင့် လိုအပ်ချက် စသည်တို့) နှင့် ဒေသအခြေအနေများနှင့် ကိုက်ညီအောင် မိမိ၏ သင်ကြားရေးနှင့် သင်ယူမှု အရင်းအမြစ်များအား မည်သို့ ဖန်တီးရမည်ကို သိရှိမည် ဖြစ်သည်။ ပညာရေး ဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်အရ ပထမနှစ်နှင့် ဒုတိယနှစ်တွင် ကျောင်းသားများကို စာရိတ္တနှင့် ပြည်သူ့နီတိ၏ အခြေခံဗဟုသုတများနှင့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာသင်ကြားနိုင်ရန် အခြေခံသင်ကြားနည်း အကြောင်းအရာ ဗဟုသုတများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ တတိယနှစ်နှင့် စတုတ္ထနှစ်တွင် ကျောင်းသားများသည် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်အကြောင်းအရာ ဗဟုသုတများကို ပိုမိုနက်နက်နဲနဲ သိရှိရန်နှင့် မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ၏ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားနည်းများနှင့် စစ်ဆေးအကဲဖြတ်မှုများကို စနစ်တကျ နားလည်သဘောပေါက်ရန် ရည်ရွယ်ပါသည်။

## အခြေခံပညာရေး ရည်မှန်းချက်များ

ဤစာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အခြေခံပညာတွင် သတ်မှတ်ထားသော စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းကို သင်ကြားနိုင်ရန် ပြင်ဆင်ပေးခြင်းဖြစ်သည်။ မူလတန်း ကျောင်းသားများကို ထိရောက်စွာသင်ကြားနိုင်မည့် ဆရာများဖြစ်လာစေရန်အတွက် ဘာသာရပ်နှင့်ဆိုင်သော အခြေခံကျွမ်းကျင်မှုများ ကောင်းမွန်စွာ ရရှိစေရန် သူငယ်တန်း၊ မူလတန်းအဆင့်များနှင့် ကိုက်ညီသော စာပေစံများကို သင်ယူရမည် ဖြစ်သည် (ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ ၂၀၁၉)။

အခြေခံပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူ တတ်မြောက်ရန်

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိပြီး ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်ရန်

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသူများဖြစ်ရန်

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင်ကြံဆ ဆောင်ရွက်တတ်သူများဖြစ်ရန်

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာကို လက်ဆင့်ကမ်းနိုင်သူများဖြစ်ရန်

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့် လျော်ညီသော နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှု အရည်အသွေး မြင့်မားရန်

(ဈ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ် ဖွံ့ဖြိုးလာရန်

(ဉ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိရန်

(ည) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေး အခြေခံအသိများနှင့်အညီ လက်တွေ့ကျင့်သုံး နေထိုင်တတ်သူများဖြစ်ရန်

## စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် မူလတန်းကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှု ဦးတည်ချက်များ

- စာရိတ္တဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်စွမ်းရန် မှန်ကန်သော ဆုံးဖြတ်ချက်နှင့် မှန်ကန်သော အပြုအမူကို ရရှိခြင်းဖြင့် သိမြင်နိုးကြားသော၊ တာဝန်ကျေသော နိုင်ငံသားတစ်ဦး ဖြစ်လာစေရန်
- လူ့အခွင့်အရေး၏ တန်ဖိုးကို လေးစားစေရန်နှင့် နိုင်ငံသားတစ်ဦး၏ တာဝန်ယူမှုကို သရုပ်ပြသရန်
- တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန်
- ဒေသဆိုင်ရာ နိုးကြားအသိရှိမှုသာမက ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်များကိုပါ သိမြင်နိုးစပ်သော နိုင်ငံသားကောင်းများ ဖြစ်စေရန်

## စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်နှင့် ဆက်နွယ်သော အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ဖော်ပြပါမည်။ ထိုတတ်ကျွမ်းမှု စံသတ်မှတ်ချက်များသည် ဆရာအတတ်သင် ကျောင်းသားများ မည်သည့်အရာများကို သိရှိထားသင့်ပြီး၊ ပညာရေးဒီဂရီကောလိပ်မှ ဘွဲ့ရသွားသောအခါ မည်သည့်အရာများ ရရှိတတ်ကျွမ်းသွားမည်ကို ယေဘုယျ ခြုံငုံပြသပေးသည့် လမ်းညွှန်တစ်ခု ဖြစ်ပါသည်။

ဎင်းတတ်ကျွမ်းမှု စံသတ်မှတ်ချက်များသည် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးမာတိကာပါ အကြောင်းအရာ အခန်းများအတွက် ချမှတ်ထားသည့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် ချိတ်ဆက်မှုရှိပါသည်။

**ဇယား (က)။ တတိယနှစ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၊ မူလတန်းအထူးပြု ဆရာများအတွက် အဓိကတတ်ကျွမ်းမှုစံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က–၂) ပညာရေးဆိုင်ရာ နည်းပညာများကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား သိသည်။** | (က) (၂.၂) သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာ (ICT) ကို သင်ကြားသင်ယူမှုတွင် သင့်လျော်စွာအသုံးပြုနိုင်မှုကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၂.၃) မီဒီယာ (media) နှင့် သတင်းအချက်အလက်များဆိုင်ရာ (information literacy) အခြေခံသဘောတရားအယူအဆများနှင့် မှုများကို နားလည်ကြောင်း ဖော်ပြ သရုပ်ပြသည်။ |
| **(က–၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ကောင်းမွန်စွာ ဆက်ဆံရမည်ကို သိသည်။** | (က) (၃.၁) မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၃.၁.၁) မြန်မာ့လူ့ဘောင် အသိုက်အဝန်းတွင် လက်ခံထားသည့် ဆရာများအတွက် စံအဖြစ် လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ် (၅)သွယ်နှင့် ဆရာအခန်းကဏ္ဍကို ဖော်ပြသည်။ |
| | (က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။ | (က) (၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများ အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု အတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။<br><br>(က) (၃.၂.၂) မိဘများ၊ ရပ်ရွာ အဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က–၄) သင်ရိုးညွှန်းတမ်း အကြောင်း သိသည်။** | (က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။<br><br>(က) (၄.၁.၂) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူများကို ဖော်ပြသည်။ |
| **(က–၅) ဘာသာရပ် အကြောင်းအရာကို သိသည်။** | (က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိကအသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |
| | (က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှုအခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာအခြေခံမူများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။ |
| **(ခ–၁) သင်ကြားမှု နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။** | (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ) (၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များ နှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။<br><br>(ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများကို ရွေးချယ်သည်။ |
| | (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။<br><br>(ခ) (၁.၂.၂) ကျောင်းသားများအတွက် လက်တွေ့လုပ်ငန်းများမှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ ဆက်စပ်နေသော အကြောင်းအရာ၊ အသိသညာများကို စူးစမ်းရှာဖွေနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
| --- | --- | --- |
| **(ခ–၃) ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုသော၊ ဘေးကင်းလုံခြုံစိတ်ချမှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။** | (ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၃.၁.၃) စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာမှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေး အလေ့အကျင့်ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့်ဆောင်ရွက်သည်။ |
| | (ခ) (၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၃.၂.၁) ကျောင်းသားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိရန် သဘောတူချမှတ်ထားသော စာသင်ခန်းအတွင်း စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များကို လိုက်နာ ဆောင်ရွက်ရန် ဖန်တီးသည်။ ရှင်းပြသည်။ ပြသထားသည်။ အားဖြည့်ဆောင်ရွက်သည်။<br><br>(ခ) (၃.၂.၂) ကျောင်းသားများအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားစွာ တန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန် အားပေးသည်။<br><br>(ခ) (၃.၂.၃) ကျောင်းသားတစ်ဦးစီ၏ နောက်ခံအကြောင်းအရင်းများနှင့် လိုအပ်ချက်များကို သိရှိရန် လေ့လာသင်ယူသည်။ ကျောင်းသားအားလုံးနှင့် ပုံမှန် အပြန်အလှန် ဆက်သွယ်ပြောဆိုသည်။ |
| **(ဂ–၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။** | (ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅) သွယ် အပါအဝင် ဆရာ့ အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။<br><br>(ဂ) (၁.၁.၂) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများနှင့် ရပ်ရွာလူထုက ဆရာများအပေါ် မျှော်မှန်းထားသည်များနှင့် ကိုက်ညီသည့် အပြုသဘောဆောင်သည့် သဘောထားများ၊ တန်ဖိုးထားမှုများ၊ အပြုအမူများကို တစ်သမတ်တည်း ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ဂ) (၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုရာတွင် မိမိ၏ လက်တွေ့သင်ကြားမှုများအား လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်း ပြသသည်။ | (ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(ဂ) (၁.၂.၂) မိမိကိုယ်ပိုင် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကို ဖော်ပြသည်။ |
| | (ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာ အဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှု ပြသသည်။ လေ့လာရန် အချိန်ယူသည်။ |
| **(ဂ-၃) ကျောင်းသားအားလုံး ပညာရေး အရည်အသွေး မြင့်မားစေရန်နှင့် ပညာရေး တန်းတူမျှမှု ရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။** | (ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုးကူညီကြောင်း ပြသသည်။ | (ဂ) (၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုကြောင်းပြသသည်။<br><br>(ဂ) (၃.၁.၂) ကျောင်းသားများ၏ ကွဲပြားခြားနားသော လူမှုအခြေအနေများနှင့် နောက်ခံအကြောင်းများကို အသိအမှတ်ပြုပြီး ကျောင်းသားအားလုံးအား တန်းတူညီမျှ ဆက်ဆံသည်။ |
| **(ဃ-၁) မိမိ၏ သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ် သုံးသပ်သည်။** | (ဃ) (၁.၁) မိမိ၏ လက်တွေ့သင်ကြားမှု လုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။ | (ဃ) (၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစား သုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှု အထောက်အထားများကို အသုံးပြုသည်။<br><br>(ဃ) (၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
| --- | --- | --- |
| **(ဃ–၂) သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။** | (ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ) (၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက် ချမှတ်ဆောင်ရွက်သည်။ |

*ရင်းမြစ်* – မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ (၂၀၂၀ ခုနှစ်) (စာ. ၇၉ – ၁၁၀)

## အရွယ်ရောက်သူလူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူလူငယ်များ ဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါအကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးသားအသိ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ
- အတန်းတွင်းအတန်းပြင် သင်ယူမှုများတွင် တက်ကြွစွာ ပါဝင်ရန် အခွင့်အလမ်း ရသောအခါနှင့်
- မိမိ၏ သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာ စဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင် ပြုလုပ်စေသောအခါတို့တွင် ဖြစ်သည်။

ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည့် အမျိုးမျိုးသော သင်ကြားသင်ယူမှု နည်းဗျူဟာများသည် အရွယ်ရောက်သူ လူငယ်များအား သင်ကြားသည့် သဘောတရားများမှ ‘အလေ့အကျင့်ကောင်းများ’ ကို အခြေခံထားသည်။

## ၁။ ဆီလျော်မှုရှိပါစေ။

အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက်ရည်မှန်းချက်ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏ သင်ယူမှုများသည် နေ့စဉ်ဘဝတွင် အဘယ်ကဲ့သို့ အရေးပါကြမည်ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများ သင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရရန် လိုအပ်သည် ဆိုသည့်အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏ အနာဂတ်အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်ပတ်သက်နေသည်ကို သိမြင်ရန် လိုအပ်သည်။ ကျောင်းသားများ ယခု မည်သည်ကို သင်ယူနေကြသည် (သို့မဟုတ်) တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

## ၂။ သင့်ကျောင်းသားများ၏ နောက်ခံဘဝအခြေအနေများကို သိပါ။

သင်၏ ကျောင်းသားများသည် အနည်းဆုံး (၁၈) နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ ဘာသာရပ်ပါအကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝအဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်သူလူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန် လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာ အကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏ လက်တွေ့ဘဝအတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

## ၃။ စူးစမ်းလေ့လာဖော်ထုတ်မှုကို အားပေးပါ။

အရွယ်ရောက်သူလူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏ သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း လိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား

သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကို သင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာ ပါဝင်လာစေရန် နည်းလမ်းများကို ရှာဖွေပါ။ ဤသို့ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးဖြစ်နေခြင်းထက် ပံ့ပိုးကူညီသူတစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်းအတွင်းရှိ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသောအရာကို ရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှု နောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင်ဦးစီးဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## လူတိုင်းအကျုံးဝင်၍ သာတူညီမျှမှုရှိသော စာသင်ခန်းတွင်း အလေ့အထများအတွက် လမ်းညွှန်ချက်များ

လူတိုင်းအကျုံးဝင်ပါဝင်မှု ဆိုသည်မှာ လူအားလုံးသည် မည်သည့်ပုံစံနှင့်မျှ ခွဲခြားဆက်ဆံခံရခြင်း မရှိဘဲ တန်းတူအခွင့်အရေးများအား နှစ်ခြိုက်စွာ ခံစားရရှိနိုင်မှုကို သေချာစေသော အပြုအမူ ဖြစ်သည်။ ပညာရေးတွင် လူတိုင်း အကျုံးဝင်ပါဝင်မှု ဆိုသည်မှာ ၁၉၈၉ ခုနှစ်၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်တွင် ချမှတ်ခဲ့သည့်အတိုင်း ကလေး တစ်ယောက်အား ၎င်း၏ ကျား၊မ ဖြစ်တည်မှု၊ ဘာသာစကား၊ တိုင်းရင်းသားဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှု၊ မသန်စွမ်းမှု၊ လူမှုစီးပွားအခြေအနေနှင့် ပထဝီဝင်နေရာ စသည်တို့ကို ပဓာနမထားဘဲ ပညာသင်ယူခွင့် ရရှိနိုင်ရေး ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန (MoE) ၏ မျှော်မှန်းချက်မှာ ကုလသမဂ္ဂသဘောတူညီချက်မှ သတ်မှတ်ချက်များကို လိုက်နာစောင့်ထိန်းရာတွင် သိသာထင်ရှားသော တိုးတက်မှုများ ရှိစေရန် ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင် (SDG) အား ရောက်ရှိအောင်မြင်နိုင်ရန်မှာလည်း ပညာရေး ဝန်ကြီးဌာန (MoE) ၏ ရည်မှန်းချက် ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင် ဆိုသည်မှာ *SDG ပန်းတိုင် (၄) – လူသားအားလုံးအကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်း ရရှိရေး* ဖြစ်သည်။

လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ပညာရေးဒီဂရီကောလိပ်၏ အဆင့်တိုင်း၌ သင်ယူသူနှင့် ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်တို့အား ဖန်တီးထားခြင်းတို့မှတစ်ဆင့် SDG ပန်းတိုင် (၄) သို့ ရောက်ရှိအောင်မြင်နိုင်သည်ဟု နားလည်သဘောပေါက်ထားနိုင်သည်။ ဆရာများက လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် သာတူညီမျှရှိသော စာသင်ခန်းအလေ့အထများကို ၎င်းတို့၏ ကျောင်းသားများအား စံနမူနာအဖြစ် ပြသနိုင်သလို အုပ်ချုပ်သူများကလည်း ခွဲခြားဆက်ဆံခြင်းအား ဆန့်ကျင်သည့် မူဝါဒ အပါအဝင် လူတိုင်းအကျုံးဝင်ပါဝင်မှုကို ဖော်ကျူးနေသည့် တာဝန်များ၊ မျှော်မှန်းအဆိုပြုချက်များနှင့် မူဝါဒများအား ဖန်တီးခြင်းတို့ဖြင့် ကူညီလုပ်ဆောင်နိုင်ပါသည်။

ဆရာတစ်ယောက်အနေဖြင့် စာသင်ခန်းအတွင်း ကျား၊မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူ ဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်၏ သင်ကြားမှုတွင် မရှိမဖြစ် အရေးပါသော အင်္ဂါရပ်တစ်ခု ဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများကို အညီအမျှ တန်ဖိုးထားသည်ဟု ခံစားရပြီး၊ သင်ယူမှုကို အညီအမျှ လက်လှမ်းမီရယူနိုင်သည့် ဘေးကင်းလုံခြုံ၍ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်ကို ရရှိစေရန် သင် အသုံးပြုမည့် သင်ကြားသင်ယူမှု နည်းလမ်းများနှင့် ရင်းမြစ်များကို သတိပြုရွေးချယ်ရန် လိုအပ်ပါသည်။

ကျောင်းသားများ ပညာရေးကို လက်လှမ်းမီရယူနိုင်ကြောင်း သေချာစေရန်မှာ သင့် တာဝန်ဝတ္တရား ဖြစ်သလို လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ကျား၊မ တန်းတူညီမျှမှု၏ အရေးပါပုံကို ကျောင်းသားများ နားလည်သဘောပေါက်၊ တန်ဖိုးထားရန်နှင့် ၎င်းတို့ကိုယ်ပိုင် သင်ကြားမှုအလေ့အကျင့်များနှင့် ပတ်သက်သော အသိပညာများကို ရယူရန်မှာလည်း သင့် တာဝန်ဝတ္တရား ဖြစ်သည်။ လူတိုင်း အကျုံးဝင်ပါဝင်ပြီး သင်ယူသူနှင့် ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်များအား ပြည့်စုံစွာ ရှင်းလင်းဖော်ပြပြီး (သို့မဟုတ်) သွယ်ဝိုက်ဖော်ပြပြီး ဖန်တီးခြင်းနှင့် စပ်လျဉ်းသော စာသင်ခန်းတွင်း ဖွံ့ဖြိုးတိုးတက်လာသည့် ကျွမ်းကျင်မှုများ၊ အသိပညာ၊ တန်ဖိုးထားမှုများနှင့် စိတ်နေသဘောထား များသည် ကျောင်းသားများ၏ အနာဂတ် စိတ်နေသဘောထားများအပေါ် ရေရှည်သက်ရောက်မှုများ ရှိနိုင်ပါလိမ့်မည်။

## လူတိုင်းအကျုံးဝင်သည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ကူညီပံ့ပိုးရန်အတွက် ယေဘုယျနည်းဗျူဟာများ

ကျောင်းသားများ လေ့လာသင်ယူရာတွင် ပေါက်မြောက်အောင်မြင်မှု ရရှိစေရန်အတွက် ၎င်းတို့အား ကူညီပံ့ပိုးပေးသည့် အရည်အသွေးမြင့် လူတိုင်းအကျုံးဝင် သင်ယူမှုပတ်ဝန်းကျင် တစ်ခုကို ဖန်တီးရန်မှာ ဆရာများတွင် တာဝန်ရှိပါသည်။

- ကျောင်းသားတစ်ဦးချင်းစီအကြောင်း စဉ်းစားပြီး ၎င်းတို့၏ ကျား၊မ ဖြစ်တည်မှု၊ မသန်စွမ်းဖြစ်မှု၊ ကိုးကွယ်ရာဘာသာ၊ တိုင်းရင်းသားဖြစ်မှု၊ ဘာသာစကား၊ ပထဝီဝင်ဆိုင်ရာ ဆက်စပ်အကြောင်းအရာနှင့် လူမှုစီးပွား အခြေအနေတို့ကြောင့် တွေ့ကြုံကောင်းတွေ့ကြုံရနိုင်သည့် အဟန့်အတားများကို ထည့်သွင်းစဉ်းစားပါ။
- သင့်ကိုယ်ပိုင် ဘက်လိုက်မှုများကို သတိထားပြီး သင်၏ လုပ်ဆောင်ချက်များနှင့် သင်ကြားမှုနည်းလမ်းများကို ပြန်လည်သုံးသပ်ပါ။
- ကျား၊မအားလုံး ပါဝင်ကြောင်းနှင့် အသိအမှတ်ပြုခံရကြောင်း သေချာအောင် လုပ်ဆောင်ပါ။ ကျား၊မရေးရာ တရားသေမှတ်ယူမှုများကို အားပေးခြင်း မပြုလုပ်မိအောင် သတိပြုပါ။
- တိုင်းရင်းသား (သို့မဟုတ်) ဘာသာရေး အုပ်စုအမျိုးမျိုး တွေ့ကြုံခဲ့ရသည့် (သို့မဟုတ်) ဆက်လက်တွေ့ကြုံနေရသည့် ဖယ်ထုတ်ထားမှုကို သတိထား ဆင်ခြင်ပါ။
- တိုင်းရင်းသားဘာသာစကားပြော အုပ်စုများမှလာသည့် ကျောင်းသားများအနေနှင့် ကျောင်းတွင် ညွှန်ကြားချက်များပေးသည့် ဘာသာစကားကို အသုံးပြုရာ၌ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု မရှိခြင်းမျိုး ဖြစ်ကောင်းဖြစ်နိုင်ကြောင်း သတိပြုပါ။ ကျောင်းသားအားလုံး ရင်းနှီးမည့် အသုံးအနှုန်းများကို အသုံးပြုပြီး သင်ခန်းစာတစ်လျှောက် နားလည်မှုကို စစ်ဆေးပါ။ လိုအပ်ပါက ကျောင်းသားအားလုံးအတွက် အဓိက စာရွက်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများအား ဘာသာပြန်ထားချက်များကို ပံ့ပိုးပေးပါ။
- ကွဲပြားခြားနားသော ဘာသာရေးအလေ့အကျင့်များကို လက်ခံအသိအမှတ်ပြုပြီး အတန်းထဲရှိသူအားလုံးကို ကိုယ်စားပြုရန် ကြိုးစားလုပ်ဆောင်ပါ။ အတန်းထဲ ရှိသူများအား အများဆုံးလွှမ်းမိုးထားသော ယဉ်ကျေးမှု (သို့မဟုတ်) ဘာသာရေးသို့ ဘက်လိုက်မှု မရှိပါစေနှင့်။

- လုပ်ငန်းများနှင့် ဥပမာများသည် လူမှုစီးပွားအုပ်စုအားလုံးမှ ကျောင်းသားများအတွက် နားလည်လွယ်ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ကြောင်း သေချာအောင် လုပ်ဆောင်ပါ။ နယ်မြေဒေသနှင့် ဆက်နွှယ်နေသော ဒေသဆိုင်ရာ ဥပမာများနှင့် ရရှိရန်လွယ်ကူသော၊ စရိတ်နည်းသော၊ အရန်သင့်ရနိုင်သော သင်ထောက်ကူပစ္စည်းများကို အသုံးပြုပါ။
- မသန်စွမ်းကျောင်းသားများအတွက် နေရာပြင်ဆင်မှုများကို ပံ့ပိုးပေးပြီး သင်ခန်းစာများကို ပြောင်းလဲပြုပြင်ပေးပါ။
- သင်ယူမှုပုံစံအမျိုးမျိုးအတွက် အလိုက်သင့်ဖြစ်စေရန် ရုပ်ပုံအချက်ပြမှုများ၊ အကြားအာရုံ အချက်ပြမှုများနှင့် ဖြစ်နိုင်ပါက အထိအတွေ့အာရုံ အချက်ပြမှုများမှတစ်ဆင့် သင်ခန်းစာ၏ သင်ယူမှုအချက်များကို တင်ပြကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- တူညီသော သင်ယူမှုတတ်ကျွမ်းမှုများနှင့် သင်ယူမှုရလဒ်များကို လေ့လာဖော်ထုတ်ရန် အလို့ငှာ ကွဲပြားခြားနားသော ကျောင်းသားများအတွက် အမျိုးမျိုးသော လုပ်ငန်းများကို ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် လုပ်ဆောင် တင်ဆက်ပါ။
- ကျောင်းသားအားလုံးအတွက် မျှော်မှန်းချက်များကို မြင့်မားစွာထားပါ။ သင်ယူမှုရလဒ်များကို ကျောင်းသားတစ်ဦးချင်းစီ ရရှိတတ်မြောက်သွားအောင် ကူညီပေးရန် အလေးပေး ဆောင်ရွက်ပါ။

## စာသင်ခန်းအတွင်း ကျား၊မ အကျုံးဝင်ပါဝင်မှုကို သေချာအောင် လုပ်ဆောင်ပါ။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှတစ်ဆင့် ကျား၊မ ရေးရာ တရားသေမှတ်ယူထားခြင်းများအား အမှုမဲ့အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊မ အားလုံးပါဝင်သော စာသင်ခန်းဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာ စာသင်ခန်းများအတွင်း ကျောင်းသားတို့၏ ကျား၊မ တန်းတူညီမျှမှုကို ကောင်းမွန်စွာ အထောက်အကူပြုသည့် ကျား၊မ ရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်းစဉ်းစား လုပ်ဆောင်သည့် အလေ့အကျင့်များ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

- အသံများ (ပြောဆိုမှုများ)၊ နာမည်များ၊ ကိုးကားမှုများနှင့် ဥပမာများတွင် အမျိုးသားကိုယ်စားပြုမှုနှင့် အမျိုးသမီးကိုယ်စားပြုမှုတို့သည် ညီတူညီမျှ ရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- ရုပ်ပုံဥပမာများသည် တည်ရှိနေပြီးသော မည်သည့်တရားသေမှတ်ယူမှုမျိုးကိုမဆို အားပေးထောက်ခံနေခြင်း မရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- စာသင်ခန်းအတွင်းတွင် ကျား၊မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအတွက် အကျုံးဝင်သော ဘာသာစကားကို အသုံးပြုပါ။ သင်၏ ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။
- ကျောင်းသားများအား ကျား၊မ ရေးရာသဘောကို သတိပြုမိစေရန် ကူညီအားပေးပါ။ ကျား၊မ ရေးရာဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် အသားပေး ရှင်းပြပါ။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အပြုအမူများကို ပြန်လည် သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ အပြန်အလှန် ပြောဆိုဆွေးနွေးရာတွင် ကျောင်းသားများနှင့် ကျောင်းသူများကို ညီတူညီမျှ ပြောဆိုဆွေးနွေးဖြစ်ကြောင်း၊ သင်ကြားရာတွင် ကျောင်းသားများကိုရော ကျောင်းသူများကိုပါ ညီတူညီမျှ အမည်တပ်ခေါ်ဆိုခြင်း၊ ပါဝင်ဆောင်ရွက်စေခြင်းတို့ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။ ဥပမာ – မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများ ရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင် ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြုစကား ပြောသောအခါ၊ မျက်လုံးချင်း ဆုံကြည့်သောအခါ (သို့မဟုတ်) ကျောင်းသား အမည်များကို မှတ်မိအောင် ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။
- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း/ခွဲခြင်း၊ ထိုင်ခုံနေရာ စီစဉ်ခြင်း၊ အတန်းကို အလှဆင်ခြင်းများ ပြုလုပ်ရာတွင် ကျား၊မ ရေးရာကို အလေးထား သိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် စီစဉ်ဆောင်ရွက်ပါ။

## ကျောင်းသားများ၏ လိုအပ်ချက်အလိုက် သင်ခန်းစာပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ် လမ်းညွှန်ချက်များ

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| သင်ခန်းစာခေါင်းစဉ်ကို စိတ်မဝင်စားသော ကျောင်းသားများ | ၎င်းတို့၏ ဘဝနှင့် ခေါင်းစဉ်အကြား သက်ဆိုင်သည့် ဆက်စပ်မှုများရှိအောင် လုပ်ဆောင်ပေးပါ။ |
| | ခေါင်းစဉ်အား လက်တွေ့အသုံးပြုနိုင်ပုံများကို ပြသပါ။ |
| | ၎င်းတို့၏ စိတ်ဝင်စားမှုနှင့် ဆက်စပ်နေသော ဥပမာများကို အသုံးပြုပါ။ |
| | သင်ခန်းစာအကြောင်းအရာတွင် ကျောင်းသားများ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် ဂိမ်းကစားပွဲများနှင့် လုပ်ငန်းများ ပါဝင်ပါစေ။ |
| လုပ်ငန်းများတွင် စိတ်အားတက်ကြွမှုမရှိသော ကျောင်းသားများ ပါဝင်ခြင်း | စာသင်ခန်းတွင် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အခြေပြု သင်ယူမှုအတွက် အခွင့်အလမ်းများကို တိုးမြှင့်ပေးပါ။ |
| | သင်ယူမှုလုပ်ငန်းများသည် ထိုက်သင့်သော ခက်ခဲမှုအဆင့်အတန်းများ၌ ရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပါ။ |
| စာသင်ခန်းတွင် ပါဝင်ရန် ကျောင်းသားများ တွန့်ဆုတ်နေခြင်း | ပါဝင်ရန်အတွက် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အချင်းချင်း/အုပ်စုငယ်များအကြား ပါဝင်မှုအတွက် မျှော်မှန်းချက်များကို ပြောင်းလွယ်ပြင်လွယ်ရှိပါစေ။ |
| | တိတ်ဆိတ်ငြိမ်သက်နေလေ့ရှိသော ကျောင်းသားများအား ပါဝင်ရန် အားပေးပြီး ပံ့ပိုးပေးပါ။ |
| အလုပ်များကို ပိုမိုလျင်မြန်စွာ လုပ်ဆောင်ပြီးစီးသော ကျောင်းသားများ | ထပ်ဆောင်းလုပ်ငန်းများ အဆင်သင့်ဖြစ်အောင် ရေးဆွဲထားပါ။ |
| လုပ်ငန်းများကို လုပ်ဆောင်ပြီးစီးရန် အချိန်ပို၍ကြာမြင့်တတ်သော ကျောင်းသားများ | လိုအပ်ပါက အလုပ်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အချိန်ထပ်တိုးပေးပါ။ |
| အမြင်အာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အကြားအာရုံ မသန်စွမ်းကျောင်းသားများ အပါအဝင်) | အရာဝတ္ထုများ/ရုပ်ပုံများ၊ ရုပ်ပုံစုစည်းမှုများ ပါဝင်သည့် ရောင်စုံပြ အချက်အလက်တို့ကို အသုံးပြုပါ။ |
| အကြားအာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အမြင်အာရုံ မသန်စွမ်းကျောင်းသားများ အပါအဝင်) | ဟောပြောပို့ချခြင်း (သို့မဟုတ်) ဆွေးနွေးမှု အခြေပြု သင်ယူခြင်း၊ အတန်းဖော် အခြေပြုလုပ်ငန်းများ၊ စာအုပ်များကို အသံထွက် ဖတ်ပြထားသည့် အသံဖိုင်များ၊ စာသားကို အသံထွက်ပြနိုင်သည့် ဆော့ဖ်ဝဲလ်များကို အသုံးပြုပါ။ |
| သင်ယူရာတွင် (သို့မဟုတ်) အာရုံစူးစိုက်ရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ | အချက်အလက် အပိုင်းအစငယ်များ၊ မကြာခဏ ထပ်ကျော့လုပ်ဆောင်မှုများ၊ ဥပမာ အမျိုးမျိုး၊ ခိုင်လုံသော သင်ယူမှုအတွေ့အကြုံများ၊ လက်တွေ့သရုပ်ပြသင်ကြားခြင်း၊ လက်တွေ့သင်ကြားခြင်းတို့ကို အသုံးပြုပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| ကိုယ်လက်လှုပ်ရှားမှုနည်းလမ်းကို အသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်စွာ သင်ယူနိုင်သော ကျောင်းသားများ | လက်တွေ့သင်ကြားခြင်း၊ အရာဝတ္ထုများကို ထိတွေ့ခြင်း၊ ထိတွေ့နိုင်သော ဂရပ်ဖစ်ပုံများ၊ မကြာခဏ ရွေ့လျားခြင်း၊ စီမံကိန်းအခြေပြုသင်ယူခြင်းတို့ကို အသုံးပြုပါ။ |
| ယဉ်ကျေးမှုကွဲပြားစုံလင်သော ကျောင်းသားများ | ယဉ်ကျေးမှုနှင့် ဆက်နွှယ်နေသော သင်ထောက်ကူများနှင့် ညွှန်ကြားချက်ပေးခြင်း နည်းလမ်းများကို အသုံးပြုပါ။ |
| မသန်စွမ်းကျောင်းသားများ | အခက်အခဲ တွေ့ကြုံရခြင်းမရှိဘဲ အထောက်အပံ့ အကူအညီပေးနိုင်သော ကျောင်းသားများနှင့်အတူ အုပ်စုဖွဲ့ပေးပါ။ |
| အကြားအာရုံမသန်စွမ်းသော ကျောင်းသားများ | စာသင်ခန်း၏ ရှေ့နားတွင် ထိုင်စေပါ။ |
| | နှုတ်ကြည့်ဖတ်ခြင်း (lip-reading) ကို လုပ်ဆောင်နိုင်ရန်အလို့ငှာ သင်၏ နှုတ်ခမ်းများကို သေချာစွာ မြင်နိုင်စေရန်အတွက် ၎င်းတို့ကို စာသင်ခန်း၏ ရှေ့နားတွင် ထိုင်စေပါ။ |
| | ဆက်သွယ်မှုပြုလုပ်ရန်အတွက် စာဖြင့် ရေးသားပံ့ပိုးပေးပါ။ |
| အမြင်အာရုံမသန်စွမ်းသော ကျောင်းသားများ | သင်ပုန်းနားတွင် ထိုင်စေပါ။ |
| | အမြင်အာရုံ ထင်ရှားအောင် ပြုပြင်ထားသည့် အရွယ်အစားကြီးမားစွာ ပုံနှိပ်ထားသော သင်ထောက်ကူပစ္စည်းများကို အသုံးပြုပါ။ |
| | ညွှန်ကြားချက်များကို နှုတ်ဖြင့်ရော ပုံဖြင့်ပါ ပံ့ပိုးပေးပါ။ |
| | အခြားအာရုံများကို အသုံးပြုခြင်းဖြင့် ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးပါ။ |
| ပုံနှိပ်စာလုံးများမှတစ်ဆင့် မိမိကိုယ်ကို ဖော်ပြလိုသော ကျောင်းသားများ (စကားပြောဆိုရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | နေ့စဉ်မှတ်တမ်း (ဂျာနယ်)၊ ကွက်လပ်ဖြည့် လုပ်ငန်းများ၊ စာစီစာကုံးများ၊ ဇာတ်လမ်းပုံပြင်များ (သို့မဟုတ်) ကဗျာများကို အသုံးပြုပါ။ |
| နှုတ်ဖြင့် ဖော်ပြလိုသော ကျောင်းသားများ (စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | စာသင်ခန်းတွင်း ဆွေးနွေးခြင်း (သို့မဟုတ်) မေးခွန်းများကို 'ပြန်လည်အစီရင်ခံခြင်း' တို့ကို အသုံးပြုပါ။ |
| ရုပ်ပုံများ၊ သရုပ်ပြပုံများဖြင့် အကောင်းဆုံးဆက်သွယ်နိုင်သော ကျောင်းသားများ (စကားပြောဆိုရာတွင် (သို့မဟုတ်) စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | ရုပ်ပြပုံများ၊ ပိုစတာပြုလုပ်ခြင်းများ (သို့မဟုတ်) အခြားပန်းချီအနုပညာပုံစံများကို အသုံးပြုပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| သရုပ်ပြသင်ကြားခြင်းနှင့် ရွေ့လျားခြင်းတို့မှတစ်ဆင့် မိမိကိုယ်ကို ပိုမိုကောင်းမွန်စွာ ဖော်ပြနိုင်သော ကျောင်းသားများ | ဒရာမာပြဇာတ်များ၊ တစ်ခန်းရပ် ဟာသပြဇာတ်များ၊ ခန္ဓာကိုယ်လှုပ်ရှားမှုများ၊ နမူနာပုံစံငယ်များ တည်ဆောက်ခြင်း မှတစ်ဆင့် သင်ကြားပါ။ |
| ဖြေဆိုခြင်းမပြုမီ အချိန်ယူစဉ်းစားရန် လိုအပ်သော ကျောင်းသားများ (ဒုတိယဘာသာစကားအဖြစ် သင်ယူသူများ အပါအဝင်) | သင်နှင့်/သို့မဟုတ် အတန်းဖော်များနှင့် မျှဝေဖြေဆိုခြင်းမပြုမီ အဖြေများကို စဉ်းစားရန်အတွက် ၎င်းတို့ကို အချိန်ပေးပါ။ |
| ရွေ့လျားရာတွင် အကန့်အသတ်ရှိသော ကျောင်းသားများ | ရွေ့လျားမှုပြုလုပ်ရန် လိုအပ်ပါက ၎င်းတို့၏ အခြားခန္ဓာကိုယ် အစိတ်အပိုင်းများကို အသုံးပြုခြင်း (သို့မဟုတ်) ဗီးလ်ချဲရွေ့လျားမှုကို အသုံးပြုခြင်းဖြင့် အသိပညာကို သရုပ်ပြသင်ကြားရန် ကျောင်းသားများကို ခွင့်ပြုသော အပြောင်းအလဲများ ပါဝင်သည့် သင်ခန်းစာအဖြစ် ညှိနှိုင်းပြင်ဆင်ပါ။ |
| | ၎င်းတို့၏ တတ်ကျွမ်းမှုကို စာဖြင့် (သို့မဟုတ်) နှုတ်ဖြင့်လည်း သရုပ်ပြနိုင်ပါသည်။ |
| အာရုံကြောနှင့် ခန္ဓာကိုယ် မသန်စွမ်း (Complex physical disabilities) ကျောင်းသားများ | စာရေးသားခြင်းကို ပံ့ပိုးပေးမည့် အကူစာရေးပေးသူတစ်ဦးကို အသုံးပြုပါ။ |
| သင်ယူမှု/ဖွဲ့စည်းတည်ဆောက်မှု ဆိုင်ရာတွင် အခက်အခဲရှိသော ကျောင်းသားများ | အတန်းဖော်အချင်းချင်း ကူညီပံ့ပိုးစေပါ။ |
| | ဝေါဟာရအစ စကားလုံးများ၊ အဓိကဝေါဟာရ စာရင်းများ၊ ရုပ်ပုံများ၊ လုပ်ဆောင်ရမည့် အချက်များ၊ လုပ်ငန်းပြီးမြောက်မှုကို စစ်ဆေးရန် စာရင်းများကို အသုံးပြုပါ။ |

## သင်ယူတတ်မြောက်မှုတိုးမြှင့်ရန် အားလုံးပါဝင်မှုနှင့် အရည်အသွေးပြည့်မီမှုရှိသော စစ်ဆေးအကဲဖြတ်ခြင်း

သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအများအပြားအတွက် အဟန့်အတားများကို ဖြစ်စေတတ်သည်။ လူတိုင်းအကျုံးဝင် ပါဝင်နိုင်သည့် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှုအခွင့်အလမ်းများအား ကျောင်းသားများ လက်လှမ်းမီရယူခြင်းကို အမြင့်ဆုံးဖြစ်စေရန်သာမက ၎င်းတို့တစ်ဦးချင်းစီ၏ ကွဲပြားခြားနားချက်များကို ထည့်သွင်းစဉ်းစားပြီး ပညာရေးအရည်အသွေးကို တိုးတက်စေရန် ပါဝင်လုပ်ဆောင်ရန်ကိုလည်း ခွင့်ပြုပေးသည်။

- သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းကို မကြာခဏ အသုံးပြုပါ။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့် ညွှန်ကြားချက်ပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်မည့် အချက်အလက်ကို အသုံးပြုပါ။

- ကျောင်းသားအားလုံး လက်လှမ်းမီပါဝင်နိုင်ရန်အတွက် စစ်ဆေးမှုများကို ပုံဖော်ရေးဆွဲပြီး ပြုပြင်ပြောင်းလဲပါ။
- ညွှန်ကြားချက်အားလုံးသည် ရှင်းလင်းပြီး နားလည်သဘောပေါက်ရန် လွယ်ကူကြောင်း၊ မေးခွန်းများသည် ကျောင်းသားများ ဖတ်ရှုနိုင်သည့် အဆင့်အတန်းများဖြစ်ကြောင်း၊ သရုပ်ပြပုံများသည် ရှင်းလင်းပြီး ဖတ်ရှုရလွယ်ကူကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- ပံ့ပိုးမှုလိုအပ်သော မသန်စွမ်းကျောင်းသားများအား အဖြေများကို ရေးသားရန် (သို့မဟုတ်) မေးခွန်းများကို နားလည်သဘောပေါက်စေရန် လိုအပ်သလို အထောက်အကူပြု ပံ့ပိုးရန် ခွင့်ပြုပါ။ (ဥပမာအားဖြင့် အခြားပညာသင်နှစ်/ အခြားအတန်းမှ အတန်းသားများ (သို့မဟုတ်) လက်ထောက်ဆရာမှတစ်ဆင့် ကူညီပံ့ပိုးနိုင်သည်။)
- သင်ယူမှုပန်းတိုင်သို့ ဦးတည်နေသည့် စံအမှတ်ပါဝင်သော စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို အသုံးပြုပါ။ (ထိုဇယားတွင်) “အထောက်အထား မရှိသေး”၊ “စတင်နေဆဲ”၊ “တိုးတက်ဆဲ” နှင့် “အမှီအခိုကင်း” စသည်တို့ကို အဆင့်သတ်မှတ်ချက်စကားများအဖြစ် အသုံးပြုပါ။ သင်ခန်းစာအပေါ် (သို့မဟုတ်) တစ်ဦးချင်းစီ၏ သင်ယူမှုပန်းတိုင်များအပေါ် မူတည်ပြီး စံအမှတ်များကို ပြုပြင်ညှိနှိုင်းနိုင်ပါသည်။ အခြားနည်းလမ်းများတွင် စစ်ဆေးရန်အချက်များပါသော စာရင်းများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ တုံ့ပြန်အကြံပြုချက်၊ ကျောင်းသားများ၏ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း၊ အလေးပေး ရွေးချယ်မှုများ ပါဝင်သည့် သင်ယူမှုဆိုင်ရာ အထောက်အထား မှတ်တမ်းများနှင့် တိုးတက်ရန် လိုအပ်သည့်နယ်ပယ်များ ပါဝင်သည်။
- သင်ခန်းစာတစ်ခုအား နားလည်သဘောပေါက်မှုကို စစ်ဆေးရာတွင် နည်းလမ်းတစ်ခုထက်မက ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းအမျိုးမျိုးမှတစ်ဆင့် သင်ယူမှုကို ပြောဆိုရေးသားဖော်ပြနိုင်မည့် ရွေးချယ်စရာအများအပြားကို ကျောင်းသားများအတွက် ပံ့ပိုးပေးပါ။

**စစ်ဆေးအကဲဖြတ်လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရာတွင် အခက်အခဲများ တွေ့ကြုံရနိုင်သော ကျောင်းသားများအတွက် ညှိနှိုင်းဆောင်ရွက်ပေးမှုများ**

| ညှိနှိုင်းဆောင်ရွက်ပေးမှု အမျိုးအစားများ | အကြံဉာဏ်များ |
| --- | --- |
| တင်ပြခြင်းကို လုပ်ဆောင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | စစ်ဆေးအကဲဖြတ်ခြင်းကို အသံထွက် ရွတ်ဖတ်ခြင်း (အသံသွင်းထားခြင်း (သို့မဟုတ်) အရွယ်ရောက်ပြီး စာဖတ်သူ) |
| | စစ်ဆေးအကဲဖြတ်ခြင်းအတွက် အရွယ်အစား ကြီးမားစွာ ပုံနှိပ်ထားခြင်း |
| | အကြားအာရုံကို အထောက်အကူပေးရန် အတွက် အသံကို ချဲ့ထားပေးခြင်း (အကြားအာရုံအထောက်အကူပြု အသံချဲ့ကိရိယာများ) |
| | ကွန်ပျူတာ မျက်နှာပြင်ပေါ်ရှိ စာသားများကို အသံထွက် ဖတ်ပြပေးနိုင်သော ဆော့ဖ်ဝဲလ်များ |
| မေးခွန်းများဖြေဆိုရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | မေးခွန်းများ ဖြေကြားရာတွင် ကူညီပေးသည့် ကွန်ပျူတာကို အသုံးပြုခြင်း (သို့မဟုတ်) အကူစာရေးပေးသူတစ်ဦးကို အသုံးပြုခြင်း |
| | သီးခြားစာအုပ်တွင် ဖြေဆိုခြင်းမပြုစေဘဲ ပုံနှိပ်စာအုပ်ထဲတွင် အဖြေများကို တိုက်ရိုက်ဝိုင်း၍ ဖြေဆိုစေခြင်း |
| | အချက်အလက်များကို စုစည်းဖော်ပြသည့် ကိရိယာများကို အသုံးပြုခြင်း။ ဥပမာ – ဂဏန်းတွက်စက်များ၊ အချက်အလက်စီမံခန့်ခွဲမှု ကိရိယာများ၊ စာလုံးပေါင်းသတ်ပုံ စစ်ဆေးပေးသည့် ကိရိယာများ၊ အဘိဓာန်များ |
| နေရာပြင်ဆင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | အနှောင့်အယှက်ကို အနည်းဆုံးသို့ လျှော့ချရန်အတွက် သီးခြားတစ်နေရာတွင် စာမေးပွဲစစ်ဆေးပေးခြင်း |
| | အုပ်စုငယ်အတွင်း စစ်ဆေးခြင်း |
| | အခန်းတွင်း အလင်းရောင်ကို ချိန်ညှိပေးခြင်း (ကျောင်းသားများ၏ လိုအပ်ချက်အလိုက် အလင်းရောင်ကို တိုးပေးခြင်း (သို့မဟုတ်) လျှော့ချပေးခြင်း) |
| | ဆူညံသံလျှော့ချသည့် ကြားခံကိရိယာ (နားကြပ်) များကို ပံ့ပိုးပေးခြင်း။ ဥပမာ – headphones, ear plugs, earphones |
| အချိန်ကို ညှိနှိုင်းဆောင်ရွက်ပေးမှုများ | စာမေးပွဲကို ပြီးဆုံးသည်အထိ ဖြေဆိုနိုင်စေရန် အချိန်တိုးပေးခြင်း |
| | ခေတ္တနားချိန် အများအပြား (သို့မဟုတ်) မကြာခဏ ပေးခြင်း |
| | စစ်မေးမှုအစီအစဉ်ကို ပြောင်းလဲပေးခြင်း (ဥပမာ – စိုးရိမ်ပူပန်မှုကို လျှော့ချရန်အတွက် ပိုမိုလွယ်ကူသော ဘာသာရပ်များကို ပံ့ပိုးပေးခြင်း) |
| | တစ်နေ့တည်းအပြီး စစ်ဆေးခြင်းထက် နေ့ရက်များစွာ အချိန်ပေး၍ စစ်ဆေးခြင်း |

## ပြန်လည်သုံးသပ်ခြင်းအလေ့အကျင့်ဖြင့် လူတိုင်းအကျုံးဝင် သင်ကြားရေးကို မြှင့်တင်ပါ။

ကျောင်းသားများ၏ နောက်ခံအခြေအနေ မည်သို့ပင် ရှိစေကာမူ ၎င်းတို့အားလုံး လက်လှမ်းမီ သင်ယူနိုင်သော၊ ပါဝင်ချိတ်ဆက် ဆောင်ရွက်နိုင်သော အရည်အသွေးပြည့်ပညာရေးအား သင်က ပံ့ပိုးပေးနေကြောင်း သေချာစေရန်အတွက် သင်၏ သင်ကြားခြင်းအလေ့အကျင့်ကို ပုံမှန် ပြန်လည်သုံးသပ်သင့်ပါသည်။ သင်ခန်းစာတစ်ခုပြီးတိုင်း သင်၏ ပြန်လည်သုံးသပ်ခြင်း အတွက် အောက်ပါမေးခွန်းများအကြောင်းကို စဉ်းစားပါ –

### ၁။ ကျောင်းသားအားလုံးကို ထည့်သွင်းစဉ်းစားပြီး သင်ကြားမှုကို ပြင်ဆင်သည်။

- သင်ခန်းစာလုပ်ငန်းများသည် ကျောင်းသားများ၏ စိတ်ဝင်စားမှုများနှင့် အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားထားပါသလား။
- သင်ကြားမှု နည်းဗျူဟာများနှင့် နည်းလမ်းများကို ပြောင်းလဲအသုံးပြုပါသလား။
- ကျောင်းသားများသည် သင်ခန်းစာလုပ်ငန်းများ၏ ရည်ရွယ်ချက်များကို နားလည် သဘောပေါက်ပါသလား။
- သင်ပြမှုပုံစံသည် ရရှိလိုသော သင်ယူမှုရလဒ်များအား သင်ယူပြီးမြောက်မှုကို ပံ့ပိုးပေးပါသလား။
- မည်သူ့အတွက် မည်သည့်အရာက အဆင်ပြေပြီး မည်သည့်အရာက အဆင်မပြေပါသနည်း။ ဘာသာရပ်သင်ကြားရာတွင် ပိုမိုကောင်းမွန်သော နည်းလမ်း ရှိပါသလား။
- ကျောင်းသားများ၏ သင်ယူမှုပုံစံ၊ ဦးစားပေးမှု၊ စွမ်းရည်နှင့် လိုအပ်ချက် အမျိုးမျိုးကို မျှော်လင့်ထားပါသလား။ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လုပ်ငန်းများကို ပုံဖော်ရေးဆွဲထားပါသလား။
- ကျောင်းသားများ၏ နားလည်သဘောပေါက်မှုနှင့် သိရှိပြီး အသိပညာတို့ကို မည်ကဲ့သို့ ထည့်သွင်းစဉ်းစားပါသနည်း။ နားလည်သဘောပေါက်မှုကို အဆင့်ဆင့် ပံ့ပိုးရန်နှင့် လိုအပ်ချက် အမျိုးမျိုးအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်ုပ်၏ သင်ခန်းစာကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲလျက် ရှိပါသနည်း။

## ၂။ သင်ခန်းစာများသည် ကျောင်းသားအားလုံးပါဝင်မှုကို အားပေးသည်။

- ကျောင်းသားအားလုံးကို သူတို့အမည်ဖြင့် ရည်ညွှန်းခေါ်ဆိုရာတွင် ကျား၊မ မရွေး ညီတူညီမျှ ရည်ညွှန်းခေါ်ဆိုပါသလား။
- ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ချိတ်ဆက်ပေးမည့် ဒေသဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ရှိပါသလား။
- သင်ခန်းစာ သင်နေစဉ်အတွင်း ၎င်းတို့လည်း ပြောဆိုနိုင်သည်ဟု ကျောင်းသားများ ခံစားရပါသလား။

## ၃။ ၎င်းတို့ကိုယ်ပိုင် သင်ယူမှုတွင် ကျောင်းသားများ တက်ကြွစွာ ပါဝင်သည်။

- ၎င်းတို့ကိုယ်ပိုင် သင်ယူမှုအတွက် တာဝန်ယူရန် ကျောင်းသားများကို တိုက်တွန်း အားပေးပါသလား။
- စာသင်ခန်းပတ်ဝန်းကျင်သည် အမှီအခိုကင်းသော သင်ယူမှုကို တိုက်တွန်း အားပေးပါသလား။
- ကျွန်ုပ်သည် သင်ခန်းစာကို ရေးဆွဲရာတွင် ကျောင်းသားများအား ၎င်းတို့ သင်ယူပုံအတွက် ရွေးချယ်စရာ အခြေခံသဘောတရားကို ခွင့်ပြုထားပါသလား။

## ၄။ အခြားသူများ၏ သင်ယူမှုတွင် ကူညီပံ့ပိုးပေးရန် ကျောင်းသားများအား တိုက်တွန်း အားပေးသည်။

- ထိုင်ခုံနေရာချထားမှုသည် ကျောင်းသားများ အပြန်အလှန်ဆက်သွယ်မှုကို တိုက်တွန်းအားပေးပါသလား။
- ကျောင်းသားများကို နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ရန် မျှော်လင့်ထားပါသလား။
- သင်ခန်းစာ၏ ပန်းတိုင်များကို အောင်မြင်စေရန်အတွက် ကျောင်းသားတစ်ဦးနှင့် တစ်ဦး ကူညီကြပါသလား။

**၅။ ကျောင်းသားများ အခက်အခဲနှင့် တွေ့ကြုံရသောအခါ အထောက်အပံ့များကို ပံ့ပိုးပေးသည်။**

- ကျောင်းသားများ အခက်အခဲတွေ့နေရသည်ကို ကျွန်ုပ်က သတိထား စောင့်ကြည့်နေပါသလား။
- ကျောင်းသားများသည် အကူအညီတောင်းနိုင်သည်ဟု ခံစားရပါသလား။

**၆။ စာသင်ခန်းတွင်းစည်းကမ်းသည် အပြန်အလှန်လေးစားမှုကို အခြေခံထားသည်။**

- အလှည့်ကျ ပြောဆိုရန်၊ နားထောင်ရန် စည်းကမ်းချမှတ်ထားပါသလား။
- ၎င်းတို့၏ အသံများကို ညီတူညီမျှ ကြားရသည် (၎င်းတို့အားလုံး ညီတူညီမျှ ပြောဆိုနိုင်သည်) ဟု ကျောင်းသားများ ခံစားရပါသလား။
- အနိုင်ကျင့်ခြင်း၊ ကျား၊မ ရေးရာ တရားသေ မှတ်ယူခြင်းနှင့် ခွဲခြားဆက်ဆံရာ ရောက်သော ဘက်လိုက်မှုများကို ရှုတ်ချတားမြစ်ထားပါသလား။

**၇။ စိုးရိမ်ပူပန်မှု (သို့မဟုတ်) မကျေနပ်မှုကို ခံစားရသောအခါ စကားပြောဆိုရန် တစ်စုံတစ်ယောက် ရှိသည်ဟု ကျောင်းသားများက ခံစားရသည်။**

- ကျောင်းသားများ၏ နောက်ခံအကြောင်းအရာ မည်သို့ရှိသည်ဖြစ်စေ၊ ကျောင်းသားအားလုံး၏ စိုးရိမ်ပူပန်မှုကို နားထောင်ပါသလား။
- ကျွန်ုပ်နှင့် တစ်ဦးချင်း တွေ့ဆုံဆွေးနွေးရန် ကျောင်းသားများကို ခွင့်ပြုပေးထားပါသလား။
- တိုက်တွန်းအားပေးပြီး အပြုသဘောဆောင်သည့် သင်ယူမှုပတ်ဝန်းကျင် တစ်ခုကို ကျွန်ုပ် ဖန်တီးထားပါသလား။

**၈။ စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားအားလုံး၏ အောင်မြင်မှုသို့ ပါဝင်ဖြည့်ဆည်းပေးသည်။**

- သင်ယူမှုကို အားပေးရန်အတွက် စစ်ဆေးအကဲဖြတ်ခြင်းကို ကျွန်ုပ် အသုံးပြုပါသလား။

- စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအားလုံး အကျုံးဝင်ပါဝင်နိုင်ပြီး လက်လှမ်းမီနိုင်ပါသလား။
- ကျောင်းသားများ သင်ယူရမည်ဟု ယူဆထားသော အရာများကို ၎င်းတို့ အမှန်တကယ် သင်ယူနေပါသလား။
- ကျောင်းသားများ၏ လုပ်ငန်းအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ပေးပါသလား။
- စစ်ဆေးမှု (သို့မဟုတ်) စာမေးပွဲများအတွက် ကျောင်းသားများကို ၎င်းတို့ တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ကျွန်ုပ် ကူညီလျက်ရှိပါသလား။
- ကွဲပြားစုံလင်ခြင်းကို လေးစားကြောင်း သေချာစေရန် ပေါင်းစည်းထားသည့် ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်း စနစ်တစ်ခုအတွင်းမှာပင် ဆရာများက လုပ်ဆောင်ပါသလား။

## သင်ကြား၊ သင်ယူမှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်တွင် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ တစ်ခုစီအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကို သင်ခန်းစာပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများ ရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ရန် မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအခြေအနေများနှင့် လိုအပ်ချက်များအရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်တွင် အသုံးပြုထားပါသည်။ သင်၏သင်ခန်းစာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကို လိုက်လျောညီထွေစွာ ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြား သင်ယူမှုနည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှုဆိုင်ရာနည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools (သို့မဟုတ်) အခြားအလားတူ ဝက်ဘ်ဆိုက်ဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သော လုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော သင်ယူမှုအထောက်အထား မှတ်တမ်း (Portfolios) ၊ ပြန်လည်သုံးသပ်ချက်နေ့စဉ်မှတ်တမ်း (ဂျာနယ်) များ ပါဝင်နိုင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ – ဖတ်ထားသော စာများအပေါ် မေးသော မေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ယခင်က သင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေးကူညီပေးသည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ရှေ့ဆက်သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဥပမာ – သင်ခန်းစာ မသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရန် မှာကြားခြင်း။

## ဖြစ်ရပ် လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်းစွမ်းရည်နှင့် ဝေဖန်သုံးသပ်တွေးခေါ်နိုင်ခြင်း အလေ့အကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကို ဖတ်ကြရသည်။ ထို့နောက် ဇာတ်ကွက်နှင့် ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု (သို့မဟုတ်) မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင် တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ရှိကြသည်။

## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)


ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးသော လုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ – လက်တွေ့တန်းပြ လေ့ကျင့်နေချိန်

အတွင်းတွင် အခြေခံပညာကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသော လုပ်ငန်းများ (သို့မဟုတ်) သင်နည်းတစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများ၏ နောက်ဆက်တွဲ အနေဖြင့် ကျောင်းသားများအား ၎င်းတို့သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှ သင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်း ပေးသည့်အနေဖြင့် အနီးကပ်ဆွေးနွေးသင်ကြားခြင်း၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း (Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသော လုပ်ငန်း (သို့မဟုတ်) ပိုစတာတစ်ခုစီကို ပြုလုပ်ကြပြီး နေရာအသီးသီးတွင် ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ ဝေဖန်ချက်၊ မေးခွန်း (သို့မဟုတ်) အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏ လုပ်ဆောင်ထားမှုများအား ပြသရန် အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့ မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင် ရေးကြသည်။



## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကို ပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့် သင်ခန်းစာတွင်မဆို အသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းအချို့ကို သင်၏ ဆရာလမ်းညွှန်တွင် တွေ့ရပါမည်။


- **စိတ်ကူးပုံဖော်ခြင်း (Mind Mapping/Concept Map)**

စိတ်ကူးပုံဖော်ခြင်းကို အသိပညာများ **(concepts)**၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းကို မြင်သာအောင်ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့် စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရန် အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့်ပြနိုင်သည်။ ခက်ခဲမှုအဆင့်အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာ ကျယ်ပြန့်၍ ယေဘုယျကျသည့် ခေါင်းစဉ်နှင့် စတင်ပြီး အတွေးအခေါ် အယူအဆများကို ချိတ်ဆက်နိုင်ရန် ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ (သို့မဟုတ် ပိုမိုအသေးစိတ်သော အသိသညာများ) ကို ဆက်သွယ်သည်။ အောက်တွင် ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကို တင်ပြထားပါသည်။



- **ဗင်ပုံဖြင့် သင်ကြားသင်ယူခြင်း (Venn diagram)**

မတူသော အကြောင်းအရာ (သို့မဟုတ်) စိတ်ကူး နှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ် လိုသောအခါ Venn diagram ကို သုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသော နေရာသည် (က) နှင့် (ခ) တို့၏ တူနေသော လက္ခဏာများဖြစ်ကြသည်။ ထပ်မနေသော နေရာများမှာ (က) နှင့် (ခ) တို့၏သီးသန့် ကိုယ်ပိုင်လက္ခဏာများ ဖြစ်ကြသည်။




- **သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)**

ဤနည်းလမ်းသည် အခန်းတစ်ခန်း၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲနှင့် သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာ ခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်ကသိပြီးသောအချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များ **(unit objectives)** ကို ပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း (သို့မဟုတ်) တစ်ဦးချင်းလုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ (သို့မဟုတ်) အခန်း **(unit)** ကို မသင်မီ ကျောင်းသားများအား ပထမ ကော်လံ နှစ်ခုတွင် မိမိတို့သိပြီးသည့်အကြောင်းအရာနှင့် သိလိုသောအကြောင်းအရာများကို ဖြည့်ပါစေ။ သင်ခန်းစာ (သို့မဟုတ်) အခန်း **(unit)** ကို သင်ပြီးချိန်တွင် ၎င်းတို့ သင်ယူတတ်မြောက်သွားသော အကြောင်းအရာများကို ဖြည့်ရပါမည်။

| K<br>သိပြီး အချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော<br>အချက်များ |
|---|---|---|
| | | |

- **တီပုံဇယားကွက် (T Chart)**

တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ – ကောင်းသောအကျိုးဆက်များနှင့် ဆိုးသောအကျိုးဆက်များ (သို့မဟုတ်) မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ် (၁) | ခေါင်းစဉ် (၂) |
|---|---|
| | |

## အုပ်စုလုပ်ငန်း (Group work)

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ – အောက်တွင်ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကိုကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွသည့် သင်ယူနိုင်မှုကို ဖြစ်စေသည်။

အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဟူသည့် ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများဖြေခြင်း၊ တင်ပြရန်ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြှုပ်ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ – မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းတွင် ကျွမ်းကျင်သူများ ဖြစ်ကြပြီး ထိုကျွမ်းကျင်သော အပိုင်းကို အချင်းချင်းပြန်လည်သင်ပြပေးရသော လုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့်အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကို ရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို သိရှိနိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားကျောင်းသားတစ်ယောက်၏ သင်ယူမှုအတွက် တာဝန်ရှိသလို ကျောင်းသားများက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက်အကူပြုပေးရန် အရေးပါသည်ကို သိမြင်လာသည့်အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်းသည် အထူးထိရောက်မှု ရှိနေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်း အပါအဝင် အရေးကြီးသော ကျွမ်းကျင်မှုစွမ်းရည် အများအပြားကို အသုံးပြုရန်လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း (Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများ အုပ်စုအကြား တစ်လမ်းသွား ဆက်သွယ်မှုများဖြစ်သည်။ ဤဟောပြောပို့ချချက်များသည် အကြောင်းအရာသစ်များကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ် အတောအတွင်း သင်သည် ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကို ဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့်လည်းကောင်း (သို့မဟုတ်)

ကျောင်းသားအား အကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့် လည်းကောင်း ပါဝင်ပတ်သက်မှု ရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း (Micro–teaching)

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး (သို့မဟုတ်) ကျောင်းသား အုပ်စုငယ်တစ်ခုသည် သင်ခန်းစာအားလုံး (သို့မဟုတ်) အစိတ်အပိုင်းကို ၎င်းတို့အချင်းချင်း သင်ကြားပေးကြသည်။ ယင်းနောက် ၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှု စွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့၏ သင်ယူ တတ်မြောက်ထားသည်များကို အသုံးချရန် သင်ခန်းစာ အသေးစားအပေါ် အကြံပြုသုံးသပ်ချက်များ ရယူကြပြီး အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းသည် လက်တွေ့တန်းပြ သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသော ကျောင်းများတွင် လက်တွေ့ သင်ကြားရေးများအတွက် ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများ အဓိက သင်ကြားလေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ – အဖွင့်မေးခွန်းများမေးခြင်း (သို့မဟုတ်) ကျောင်းသားများအား အပြုသဘောဆောင်သော အကြံပြုသုံးသပ်ချက်များပေးခြင်း ဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်း ဆိုသည်မှာ ကျောင်းသားများက သဘောတရားအသစ် (သို့မဟုတ်) ချဉ်းကပ်နည်းအသစ်တစ်ခုကို လေ့လာကြည့်ရှု သင်ယူနိုင်ရန် ဆရာက နမူနာသင်ပြခြင်း ဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် သင်နှစ်သက်သော သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းတစ်ခုကို နှုတ်က ပြောပြသည်ထက် လက်တွေ့သရုပ်ပြခြင်း ဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ် ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းကို မည်သို့ တင်ပြခဲ့သည်၊ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည်သည့် သက်ရောက်မှုရှိခဲ့သည် ဆိုသည့်အချက်အပေါ် ဆက်လက်ဆွေးနွေးစေနိုင်ပါသည်။ ဤနည်းလမ်းက သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်း ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် ကျောင်းသားများအား အနာဂတ်တွင် ၎င်းတို့

သင်ကြားပို့ချမည့် အခြေခံပညာ ကျောင်းသားများအတွက် မည်သို့ ဆက်စပ်အသုံးပြုနိုင်သည်ကို ထင်ဟပ်သုံးသပ်ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အချင်းချင်း (သို့မဟုတ်) ကျွမ်းကျင်သူဆရာများထံမှ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက်ကြည့်ရှုလေ့လာခဲ့မှုများကို နားလည်သဘောပေါက်စေရန်အတွက် ပုံစံချထားသည့် လေးနက်စွာ ပြန်လည်သုံးသပ်စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ သင်သည် ကျောင်းသားတစ်ဦး၏ သင်ခန်းစာတစ်ခုလုံး (သို့မဟုတ်) အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့် သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့် လက်တွေ့အကြား ဆက်စပ်မှုပြုပေးရန်နှင့် ကျောင်းသားများအား ၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသော အကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်း တစ်ရပ်ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ် သင် လုပ်ဆောင်သော သရုပ်ပြသင်ကြားမှုများ (ဥပမာ – သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုကို လမ်းညွှန်ပြသခြင်း) နှင့် ကျောင်းသားများ ဦးဆောင်သော (သို့မဟုတ်) ပါဝင်သော လက်တွေ့လုပ်ဆောင် သင်ကြားမှုများ (ဥပမာ – ကျောင်းသားများအား သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုပြုလုပ်စေခြင်းနှင့် ၎င်းနှင့်ဆက်စပ်နေသော လုပ်ငန်းပေးစာရွက်ကို ဖြည့်စွက်စေခြင်း) ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့ သင်ယူတတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory) နှင့် ဆရာများအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ်ပေးရာတွင် အထောက်အကူဖြစ်စေသည်။

## QR Codes

QR Code များသည် ဝက်ဘ်လိပ်စာများသို့ ဝင်ရောက်ရန် (သို့မဟုတ်) သတ်မှတ်သတင်းအချက်အလက်၏ ချိတ်ဆက်လင့်ခ်များအား စစ်ဆေးရန် ဖုန်းမှတစ်ဆင့် လွယ်ကူစွာ အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ချိတ်ဆက်လင့်ခ်များကို နှိပ်ခြင်းထက် စတုရန်းပုံအကွက်နက်လေးများ စုစည်းထားသည့် QR Code ဟု သိကြသော အရာလေးကို စကဲင်န်ဖတ်နိုင်ပါသည်။

ကျောင်းသားများသည် ပထမဦးစွာ မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို အသုံးပြုပြီး iOS Apple Store (သို့မဟုတ်) Google Play တို့မှ QR code scanner/reader ကို စမတ်ဖုန်းများအသုံးပြုပြီး ဒေါင်းလုတ်ချရန် လိုအပ်ပါလိမ့်မည်။ Scanner ကို ဒေါင်းလုတ်ချပြီးသောအခါ ချိတ်ဆက်ပြီးသော ကျောင်းသားများသည် ၎င်းတို့၏ ဖုန်းကို မြှောက်ကိုင်ထား၍ ကင်မရာဖြင့်ချိန်ကာ QR code ကို စကဲင်န်ဖတ်ပြီး ပေးထားသော အချက်အလက်ရှိရာနေရာသို့ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဤ code များကို ၎င်းတို့၏ ကိုယ်ပိုင်စာသင်ခန်းများတွင် အသုံးပြုရန် ကျောင်းသားများကို တိုက်တွန်းအားပေးသင့်ပြီး code များအား လွယ်ကူလျင်မြန်စွာ အသုံးပြုပုံကိုလည်း သိထားသင့်သည်။

ဤ code များသည် ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊သင်ယူမှု ဖြစ်စဉ်နည်းလမ်းအတွက် အလွန်ကောင်းမွန်သော သင်ထောက်ကူတစ်မျိုး ဖြစ်နိုင်ပြီး ချိတ်ဆက်လင့်ခ်များ၊ ဝက်ဘ်ဆိုက်ဒ်များကို အလွယ်တကူ ဝင်ရောက်ကြည့်ရှုရန်နှင့် လုပ်ငန်းပုံစံလွှာများကို ဒေါင်းလုတ်ချရန် ကျောင်းသားများကို ခွင့်ပြုပေးသည်။ နိဒါန်းပျိုးခြင်း လုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းများ၊ စစ်တမ်းကောက်ယူခြင်းများနှင့် အခြားသင်ယူမှုလုပ်ငန်းများကို စာသင်ခန်းတွင်း အင်တာနက်အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း၌ ထည့်သွင်းရန်အတွက်လည်း ၎င်းတို့ကို အသုံးပြုနိုင်သည်။

သင်နှင့် သင်၏ကျောင်းသားများသည် scanner ကို အသုံးပြုလုပ်ဆောင်နိုင်ရန်အတွက် မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို လိုအပ်လိမ့်မည်ဖြစ်ကြောင်း သတိထားပါ။

## စာဖတ်အဖွဲ့များ (Reading groups)

စာဖတ်အုပ်စုတစ်ခုသည် ပြဋ္ဌာန်းစာအုပ် တစ်အုပ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား ခွဲခြမ်းစိတ်ဖြာလေ့လာရန်နှင့် နားလည်သဘောပေါက်ရန် အလေးပေးလုပ်ဆောင်ကြသည့် အုပ်စုငယ်တစ်ခု ဖြစ်သည်။ ကျောင်းသားများ အနေဖြင့် စာဖတ်အုပ်စုသို့ မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေသကဲ့သို့ စာတမ်းတွင် ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု (သို့မဟုတ်) ရေးသားသည့် နည်းစနစ်အပေါ် အလေးပေးဆွေးနွေးခြင်း ဖြစ်သည်။

## သရုပ်ဆောင်သင်ကြား သင်ယူခြင်း (Role-playing)

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆို ဆက်ဆံခြင်း၊ မတူကွဲပြားသော နည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသောအခင်းအကျင်း ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ခြင်းဖြင့် အခြေအနေ အစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့် ပေးသော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ဖြစ်လေ့ရှိသော စိန်ခေါ်မှုအခက်အခဲများအကြား (သို့မဟုတ်) တိကျသော ရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍ အထောက်အပံ့ပေးသော ပတ်ဝန်းကျင်တစ်ခုအတွင်း၌ လုပ်ဆောင်ခွင့် ရရှိစေပေသည်။

## ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူ တစ်ဦးအနေဖြင့် သဘောထားလျက် ၎င်းတို့၏ ကိုယ်တိုင်သင်ယူမှုများအတွက် တာဝန်ယူကြခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးဒီဂရီကောလိပ် အခြေပြု အနီးကပ်သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကို ပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန်အတွက် အရေးကြီးပါသည်။ ကိုယ်တိုင်လေ့လာမှုကို

ဘာသာရပ်ခေါင်းစဉ်နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်း ရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေး အထူးပြုနယ်ပယ်ဆိုင်ရာကို စဉ်းစားရန်အချိန်လည်းပါဝင်သည်။

## နှီးနှောဖလှယ်ပွဲများ (Seminars)

နှီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ်ဖော်ထုတ် ဆွေးနွေးကြသည်။ အမြင်များအပေါ် အချေအတင်ဆွေးနွေးကြပြီး ပိုင်းခြားစိတ်ဖြာ လေ့လာကြသည်။ ကျောင်းသားများသည် နှီးနှောဖလှယ်ပွဲမကျင်းပမီ ကြိုတင်ပြင်ဆင်သည့်အလုပ် (သို့မဟုတ်) ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီးလုပ်ဆောင်ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နှီးနှောဖလှယ်ပွဲကိုဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရပါမည်။ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများအား ပိုမိုလေးနက်စွာစဉ်းစားတတ်လာစေရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

## တွေး–တွဲ–မျှဝေ သင်ယူခြင်း (Think–Pair–Share)

တွေး–တွဲ–မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကို ဖြေရန် (သို့မဟုတ်) ပြဿနာတစ်ခုကို ဖြေရှင်းရန် အတူတကွ ဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏အတန်းတွင် တွေး–တွဲ–မျှဝေခြင်းကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ **တွေးပါ** ။ ။ သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့်မေးခွန်းတစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ၎င်းတို့ သိထားပြီးသော (သို့မဟုတ်) သင်ယူခဲ့ပြီးသော အချက်များကို စဉ်းစားပါစေ။

၂။ **ယှဉ်တွဲပါ** ။ ။ အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်ဖွဲ့ပါစေ။

၃။ **မျှဝေပါ** ။ ။ မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်အတွင်း မျှဝေပါစေ။ မေးခွန်းနှင့် ပတ်သက်၍ အခြားသူများ၏အတွေးများကို ဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့် ကျောင်းသား တစ်ဦးချင်း (သို့မဟုတ်) ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားရာတွင် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ် ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု (သို့မဟုတ်) ပညာရပ်ဆိုင်ရာကိစ္စများကို အဓိကထား ဆွေးနွေးသည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာအကြောင်းအရာနှင့် ပတ်သက်၍ အခက်အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့မဟုတ်) အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

## အင်တာနက်အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း (Virtual Learning Environment–VLE)

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင်သင်ယူရန် သင်ကြားပို့ချရေး နည်းလမ်းတစ်ခုဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့် ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက်အွန်လိုင်းစာမျက်နှာများ၊ အွန်လိုင်း စာကြည့်တိုက် အသုံးပြုခြင်းနည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

## အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက်ဆွေးနွေးမှုများဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်းလုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ်ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချရန်၊ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲနှင့် သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာရှိပါသည်။ ဤဆရာလမ်းညွှန်တွင် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းအမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုကို နှုတ်အားဖြင့် (သို့မဟုတ်) စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များပေးခြင်းသည် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသောအပိုင်းဖြစ်ကြောင်း သတိထားရန် ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက်ပေးခြင်းသည် ကျောင်းသားများ သင်ယူရန်နှင့် နောင်တွင်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တိုးတက်စေရန် အထောက်အကူပြုသည်။ သင်ယူနေစဉ်စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း (သို့မဟုတ်) စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့် စစ်ဆေးသော သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း မတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများမှာ –

### သရုပ်ပြသင်ကြားခြင်း (Demonstration)

သရုပ်ပြသင်ကြားခြင်း ဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအားပြသစေခြင်းဖြစ်သည်။ ဥပမာ – ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့် တစ်ဆင့် (သို့မဟုတ်) ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာက ကျောင်းသား၏ သရုပ်ပြမှုအပေါ်ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ ကျွမ်းကျင်မှု တိုးတက်စေရန် ကူညီထောက်ပံ့ပေးသည်။

## အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအား အကြောင်းအရာကိုဖတ်ပြီး မေးခွန်းဖြေစေခြင်း (သို့မဟုတ်) ထပ်ဆောင်း အချက်အလက်များ ရှာဖွေဖတ်ရှုစေခြင်း စသည့်လုပ်ငန်းများကို အိမ်စာအဖြစ်ပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုလမ်းကြောင်းမှန်ကန်ခြင်း ရှိ/မရှိကို ကြီးကြပ်ပေးသော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ပေးသော အိမ်စာအလုပ်အလိုက် အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များ ရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

## နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း/ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ ဆရာအတတ်ပညာဖွံ့ဖြိုးမှု တိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးခြင်းဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦးဖြစ်လာရန်အတွက် မိမိတို့၏ တိုးတက်မှုများကို သုံးသပ်ခြင်းအားဖြင့် မိမိတို့၏ သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ချက် စာတမ်းများက ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကို သိရှိခြင်းဖြင့် သုံးသပ်ခြင်းသည် သင်ယူနေသော ဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှ သင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ချက် စာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထားဆင်ခြင် သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများဆွေးနွေးနေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင်ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှု ရှိ/မရှိကို ယေဘုယျအားဖြင့် သိနိုင်သော နည်းလမ်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏အဖြေများ (သို့မဟုတ်)

တင်ပြခြင်းကို စစ်ဆေးရန်အချက်များပါသော စာရင်း/ပုံစံ **(Checklist)** (သို့မဟုတ်) အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသော စာရင်း/ပုံစံ **(Criteria)** ကို အသုံးပြုပြီး ကြည့်ရှုလေ့လာစစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ် အခြေခံပြီး တုံ့ပြန်အကြံပြုချက်များကို ပေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း (Peer–Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း (သို့မဟုတ်) အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ဟုခေါ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်များ အပေါ် အခြေခံပြီး အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များပေးနိုင်ရန် စစ်ဆေးရန်အချက်များပါသော စာရင်း **(Checklist)** (သို့မဟုတ်) အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား **(Rubric)** လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားချိန်အတွင်း ကျောင်းသားများအချင်းချင်း အပြန်အလှန် ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့်ပုံစံကို ဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ပုံစံတစ်ခုဖြစ်သည်။

## တင်ပြခြင်း (Presentation)

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု (သို့မဟုတ်) တစ်ဦးချင်းစီအား ၎င်းတို့၏ လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကို စစ်ဆေးရန်၊ အသိမှားများကို ပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံးအခွင့်အလမ်း ဖြစ်သည်။

## စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများတစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက်ပူးပေါင်း၍ ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများ ဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော

ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သော အစီအစဉ်များပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်းမှတစ်ဆင့် တတ်ကျွမ်းမှုများကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု (သို့မဟုတ်) နေ့စဉ်ဘဝပြဿနာတစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ပရောဂျက်တစ်ခုပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား **(Rubric)** အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များ ပေးကြရန် မေတ္တာရပ်ခံပါသည်။

## အမေးအဖြေများ (Question and answer)

ကျောင်းသားများသည် သင်ယူနေသော အကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည်/မရှိသည်ကို သိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများ မေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်းတစ်ခု ဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကို မေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများ ပေးနိုင်သည့် မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

## ဉာဏ်စမ်းမေးခွန်း (Quiz)

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်း အနေဖြင့်သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့် သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်းတစ်ခုအဖြစ်လည်း သုံးနိုင်သည်။

## မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်းဖြစ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း ကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့ လုပ်ဆောင်ရမည့်လုပ်ငန်း (သို့မဟုတ်) တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့အသုံးချရမည်နှင့် စစ်ဆေးအကဲဖြတ် စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

## ရေးဖြေစာမေးပွဲများ (Written examinations)

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်တန်းအတွင်း ဆွေးနွေးခဲ့သည့် သက်ဆိုင်ရာ သင်ကြားနည်းအတတ်ပညာများအပေါ် ပြန်လည်သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက်အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျ နည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များကို ရရှိနိုင်စေရန် အဆိုပါသင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့ အသုံးပြုရမည်ဆိုသည်နှင့် ပတ်သက်၍ ဆရာသည် သေချာစွာဂရုတစိုက် စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါအချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူ ဖြစ်စေရန် သင်လုပ်ဆောင်နိုင်သည့် ဖြည့်စွက်အကြံပြုချက် အချို့ဖြစ်ပါသည်။

သင်ကြားပို့ချမှု မပြုလုပ်မီ သင်သည် အောက်ပါအချက်များကို လုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကို ရွေးချယ်ပါ။ မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် (၅၀) စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာ သင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများသည် သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှု စွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သော အချိန် ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။
- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများ ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါမှတ်စုကို ကိုးကားပါ။
- အကြောင်းအရာကို မည်သို့ သင်ကြားပို့ချပေးမည် ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏ စာသင်ခန်းအခြေအနေနှင့် ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာ လုပ်ဆောင်နိုင်ရန် ဖော်ပြထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲမှုပြုလုပ်နိုင်သည်။
- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်အသုံးပြု၍ဖြစ်စေ၊ လက်ကမ်းစာစောင်မျှဝေ၍ဖြစ်စေ၊ သင်ပုန်းပေါ်တွင် ရေးသား၍ဖြစ်စေ ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့် ရေးပါ။
- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့် ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့လေ့ကျင့်ထားခြင်းသည် လုပ်ငန်းမစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကို ရှင်းပြရန်အတွက် အဆင်သင့်ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့မည်သည်ကို

ပြုလုပ်ရမည်ဆိုသည်ကို နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို သူငယ်ချင်းတစ်ဦး (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက် တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အား တောင်းဆိုပါ။

- အချိန်ရပါက သင်ယူမှုလုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာလုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး (သို့မဟုတ်) နှစ်ဦးအား ကျောင်းသားများအဖြစ် ပါဝင်စေပြီး အချိန်တိုသရုပ်ဆောင်သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့ လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့ မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာ တွေ့မြင်နိုင်စေမည်ဖြစ်သည်။
- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခု ပြုလုပ် ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့မဟုတ်) လုပ်ငန်းအပြီး ရရှိမည့် ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက်ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီ အောက်ပါအချက်များကို လုပ်ဆောင်နိုင်မည်ဆိုပါက များစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။

- ကျောင်းသားများအား လုပ်ဆောင်ရန် ညွှန်ကြားထားသောအလုပ်များအတွက် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပေးဝေပါ။ အွန်လိုင်းစာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့မဟုတ်) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။
- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင် လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို

ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသော ညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ ပေးပါ။

- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တိုသရုပ်ဆောင် သင်ကြားသင်ယူခြင်းနည်း (short role-play) ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။
- အတန်းမစမီ သင် ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။
- သင်ယူမှုလုပ်ငန်းအား မည်သို့ ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည်ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး၊ သုံးဦးအား ၎င်းတို့နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။
- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ရန် အချိန်မည်မျှရမည်ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင် ပို့ချသင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ (သို့မဟုတ်) ကျောင်းသားများ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ၎င်းတို့ နားလည်သဘောပေါက်မှု ရှိသည်/မရှိသည်ဟု ယူဆရသော လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန် ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ၎င်းခက်ခဲသော သတင်းအချက်အလက်များကို အခြားမတူကွဲပြားသော နည်းလမ်းဖြင့် ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီခွဲထုတ်ပြီး အပိုင်းလိုက် ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။
- စာသင်ခန်း၏ နေရာအနှံ့လှည့်လည်သွားလာပြီး အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။

    - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
    - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။

- ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည်များ အားလုံး ရှိနေကြောင်း သေချာပါစေ။
- ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့် အတိုင်း လုပ်ဆောင်နေခြင်း ရှိ/မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။
- အကယ်၍ နားလည်မှုလွဲနေကြောင်း တွေ့ရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆိုရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့်အချက် ဖြစ်ပါက ကျောင်းသားအားလုံးကို အာရုံစိုက်ရန် ပြောပြီး ကျောင်းသားတိုင်းသိအောင် ရှင်းပြပေးပါ။
- သင်ခန်းစာများရှေ့မဆက်မီ **"ဆရာ့မှတ်စု"** ညွှန်ကြားချက်ဇယားကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာ သင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များ လုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာ သင်ယူမှုပြီးဆုံးချိန်တွင် ကျောင်းသားများ အနေဖြင့် မည်မျှ နားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကိုရစေပြီး ကျောင်းသားများ၏ သင်ယူမှုရလဒ် ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာ သင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) နှင့် ကိုက်ညီအောင် မည်သို့ထောက်ပံ့ပေးကြောင်းကိုလည်း နားလည်သဘောပေါက်စေပါသည်။
- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော (သို့မဟုတ်) ၎င်းတို့ကို အံ့အားသင့်စေသော အချက်တစ်ခုကို ပြန်လည်ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။

- လတ်တလော သင်ပို့ချသင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာအပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများ ပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်း အားပေးနိုင်သည်။
- ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်းပြုလုပ်ချိန်အတွင်း ၎င်းတို့လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့်ရလဒ်အတွက် ပြင်ဆင်လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့ သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန် ညွှန်ကြားပါ။
- ကျောင်းသားတစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း (သို့မဟုတ်) အတွေးစိတ်ကူးများကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ ဝေမျှပေးလိုက်သော အကြောင်းအရာမှ အတန်းသို့ အလေးပေးဖော်ပြလိုသည့် ရှုထောင့်တစ်ခု (သို့မဟုတ်) နှစ်ခုကို ရွေးချယ်ပါ။ သင်ရွေးချယ်သော အချက်များသည် သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူမှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏ အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်ရန် ဟူသော အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့် ဆရာများဖြစ်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။

**ဇယား (ခ)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၊ မူလတန်းအထူးပြု မာတိကာအကြောင်းအရာ**

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၅။ စည်းကမ်း | ၅.၁။ မူလတန်းအောက်ဆင့်ရှိ စည်းကမ်း | ၅.၁.၁။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ ဓလေ့ထုံးတမ်းများနှင့် အညီ စည်းကမ်းလိုက်နာခြင်း | • မူလတန်းအောက်ဆင့်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ) အကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေးရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲတတ်မည်။<br>• စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ)၏ ကွဲပြားခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြတတ်မည်။ | (ခ) (၁.၁)<br>(ဂ) (၁.၁) | (ခ) (၁.၁.၁)<br>(ဂ) (၁.၁.၁) | ၁ |
| | | ၅.၁.၂။ 'စည်းကမ်း' အခန်းကို သင်ကြားခြင်း | • ဒီမိုကရေစီ၏ အခြေခံ သဘောတရားများကို ခေါင်းဆောင်မှု ပုံစံတစ်ခုအဖြစ် ဖော်ပြတတ်မည်။<br>• အတန်းတွင်း စည်းမျဉ်းစည်းကမ်းများ (ရပိုင်ခွင့်များ၊ တာဝန်ဝတ္တရားများနှင့် အကျိုးဆက်များ) ကို ချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲတတ်မည်။ | (ခ) (၃.၁)<br>(ခ) (၃.၂)<br>(ဂ) (၁.၁)<br>(ဃ) (၁.၁) | (ခ) (၃.၁.၃)<br>(ခ) (၃.၂.၁)<br>(ဂ) (၁.၁.၂)<br>(ဃ) (၁.၁.၃) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများ ဖြစ်ပေါ်လာနိုင်စွမ်းရှိသည့် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို အကဲဖြတ်သုံးသပ်တတ်မည်။ | | | |
| | | ၅.၁.၃။ မူလတန်းအောက်ဆင့်တွင် 'စည်းကမ်း' အခန်းကို သင်ကြားခြင်း | • မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာနှင့် သက်ဆိုင်သော စည်းမျဉ်း စည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။<br>• ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အဘယ်ကြောင့် ရေးဆွဲထားကြောင်း ဆွေးနွေးတတ်မည်ဖြစ်ပြီး ဆရာကျင့်ဝတ်ငါးပါးမှ သာဓကများ ပေးတတ်မည်။ | (ဂ) (၁.၁)<br>(ဂ) (၁.၃) | (ဂ) (၁.၁.၁)<br>(ဂ) (၁.၃.၁) | ၁ |
| | | ၅.၁.၄။ အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံမှု | • သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းမှာ မည်သည်ကို ဆိုလိုကြောင်း ဆွေးနွေးတတ်မည်။<br>• မူလတန်းအောက်ဆင့် ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။ | (က) (၂.၂)<br>(ဂ) (၁.၁)<br>(ဂ) (၁.၃)<br>(ဃ) (၁.၁) | (က) (၂.၂.၃)<br>(ဂ) (၁.၁.၂)<br>(ဂ) (၁.၃.၁)<br>(ဃ) (၁.၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • ဆရာများနှင့် မူလတန်းကျောင်းသားများအတွက် ဘေးကင်းလုံခြုံပြီး စိတ်ချယုံကြည်ရသော အွန်လိုင်းလုပ်ဆောင်ပုံများကို လမ်းညွှန်ပေးသည့် ရင်းမြစ်များကို စုစည်းတတ်မည်။ | | | |
| ၆။ ငြိမ်းချမ်းစွာနေထိုင်ခြင်း | ၆.၁။ ကွဲပြားစုံလင်သောလူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာနေထိုင်ခြင်း | ၆.၁.၁။ မူလတန်းအောက်ဆင့်တွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်ပြီး ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ခုကို မြှင့်တင်ခြင်း | • မူလတန်းအောက်ဆင့် စာသင်ခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် စိတ်ကူးပုံဖော်မှုတစ်ခု တည်ဆောက်တတ်မည်။<br><br>• လူများနှင့် လူအုပ်စုများ၏ ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားခြင်းသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ရွေးချယ်တတ်မည်။<br><br>• မူလတန်းအောက်ဆင့် စာသင်ကျောင်းတွင် လူတိုင်းအကျိုးဝင်သော လုပ်ဆောင်ပုံများကို မြှင့်တင်ပေးနိုင်သည့် သင်ကြားရေး နည်းကိရိယာတစ်ခုအဖြစ် ဖတ်မှတ်စရာရင်းမြစ်တစ်ခုကို အကဲဖြတ်သုံးသပ်တတ်မည်။ | (က) (၃.၂)<br>(ခ) (၁.၁) | (က) (၃.၂.၂)<br>(ခ) (၁.၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၆.၁.၂။ 'ငြိမ်းချမ်းစွာ နေထိုင်ခြင်း' အခန်းကို သင်ကြားခြင်း | • ပဋိပက္ခများကို ငြိမ်းချမ်းသော နည်းဖြင့် ညှိနှိုင်းဖြေရှင်းရန် အချင်းချင်း၏ အမြင်များကို နားထောင်ရန် အဘယ်ကြောင့် လိုအပ်ကြောင်း ဖော်ပြတတ်မည်။<br>• ငြိမ်းချမ်းသော နည်းလမ်းဖြင့် ပြဿနာများကို ဖြေရှင်းသူတစ်ဦး၏ ထူးခြားသော လက္ခဏာများကို နမူနာလုပ်ပြရန် အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းတစ်ခုကို ပြင်ဆင်တတ်မည်။<br>• 'အပြုသဘောဆောင်သော' တုံ့ပြန်မှုများနှင့် 'အပျက်သဘောဆောင်သော' တုံ့ပြန်မှုများကို သရုပ်ပြသင်ကြားရန် လုပ်ငန်းတစ်ရပ်တွင် ရည်ရွယ်ချက်ရှိရှိ ရွေးချယ်အသုံးပြုထားသော ဘာသာစကားကို ညွှန်ပြတတ်မည်။ | (က) (၃.၂)<br>(ခ) (၃.၁)<br>(ခ) (၃.၂) | (က) (၃.၂.၁)<br>(ခ) (၃.၁.၃)<br>(ခ) (၃.၂.၂)<br>(ခ) (၃.၂.၃) | ၁ |
| | | ၆.၁.၃။ မူလတန်း အောက်ဆင့်တွင် 'ငြိမ်းချမ်းစွာ နေထိုင်ခြင်း' ကို သင်ကြားခြင်း | • ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် စာသင်ခန်းအတွင်း 'အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်' ကို မည်သို့ဖန်တီးရကြောင်း ရှင်းပြတတ်မည်။<br>• ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ ပူဆွေးသောကရောက်ခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း ကဲ့သို့သော စိတ်လှုပ်ရှားမှုများ အကြောင်း ဆွေးနွေးမှုကို အဆင့်ဆင့် ပံ့ပိုးကူညီသည့် လုပ်ငန်းတစ်ရပ်ကို ပြင်ဆင်တတ်မည်။ | (ခ) (၁.၂) | (ခ) (၁.၂.၃) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ထိန်းကျောင်းသည့် နည်းလမ်းများကို ကျောင်းသားများ သင်ယူရာတွင် အထောက်အကူဖြစ်စေရန် စိတ်လှုပ်ရှားမှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ပတ်သက်သော ထပ်ဆောင်း လုပ်ငန်းတစ်ရပ်အား မည်သို့ လုပ်ဆောင်ရကြောင်းကို ရှင်းပြတတ်မည်။ | | | |
| | | ၆.၁.၄။ 'မြန်မာ ကျောင်းဆရာ' ဖြစ်လာခြင်း | • လူမှုကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်း၏ အဓိက အကြောင်းအရာများကို ပေါင်းစပ်ထားသော ပိုစတာ တစ်ခုကို ရေးဆွဲတတ်မည်။<br>• စာရိတ္တနှင့် ပြည်သူ့နီတိတွင် လေ့လာဖော်ထုတ်ထားသည့် အဓိကအကြောင်းအရာများကို ပြန်လည်သုံးသပ်တတ်ပြီး မြန်မာကျောင်းဆရာဖြစ်လာရန် ဤနားလည်သဘောပေါက်မှုက မည်သို့ပံ့ပိုးပေးကြောင်း ဆွေးနွေးတတ်မည်။ | (က) (၃.၁) | (က) (၃.၁.၁) | ၁ |
| စုစုပေါင်း စာသင်ချိန် | | | | | | ၈ |

# အခန်း ၅

# စည်းကမ်း

ဤအခန်းတွင် သူငယ်တန်းနှင့် အခြေခံပညာမူလတန်း ကျောင်းသားများအား စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများကဲ့သို့သော စည်းကမ်းနှင့်သက်ဆိုင်သော အကြောင်းအရာများကို သင်ကြားခြင်းအတွက် သင်ကြားသင်ယူမှုနည်းလမ်းများကို တစ်ဦးချင်း စူးစမ်းလေ့လာမည် ဖြစ်သည်။ ခေါင်းဆောင်မှုပုံစံအဖြစ် ဒီမိုကရေစီ၏ အခြေခံ သဘောတရားများကို လေ့လာပြီး အတန်းတွင်းစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းအတွက် နည်းလမ်းတစ်ခုကို သတ်မှတ်ဖော်ထုတ်ရန် ဤအခြေခံသဘောတရားများကို အသုံးပြုမည် ဖြစ်သည်။

သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများသည် အွန်လိုင်းပတ်ဝန်းကျင်များကို မည်သို့အသုံးပြုရကြောင်း သိရှိနိုင်ပြီး ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကွန်ရက်ကို ခွဲခြား သတ်မှတ်ရန်အတွက် နည်းလမ်းတစ်ခုကို လေ့ကျင့်မည်ဖြစ်သည်။ ဤနည်းလမ်းသည် သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် သင်ကြားရေး အရင်းအမြစ်တစ်ခု ဖန်တီးရန် ကျောင်းသားများအား ကူညီပေးပါမည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မူလတန်းအောက်ဆင့်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ) အကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေး ရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲတတ်မည်။

- စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာအုပ်စုများ) ၏ ကွဲပြားခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြတတ်မည်။
- ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ခေါင်းဆောင်မှုပုံစံတစ်ခုအဖြစ် ဖော်ပြတတ်မည်။
- အတန်းတွင်းစည်းမျဉ်းစည်းကမ်းများ (ရပိုင်ခွင့်များ၊ တာဝန်ဝတ္တရားများနှင့် အကျိုးဆက်များ) ကို ချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒအခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲတတ်မည်။
- ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများ ဖြစ်ပေါ်လာနိုင်စွမ်းရှိသည့် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို အကဲဖြတ် သုံးသပ်တတ်မည်။
- မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။
- ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အဘယ်ကြောင့် ရေးဆွဲထားကြောင်း ဆွေးနွေးတတ်မည်ဖြစ်ပြီး ဆရာကျင့်ဝတ်ငါးပါးမှ သာဓကများ ပေးတတ်မည်။
- သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းမှာ မည်သည်ကို ဆိုလိုကြောင်း ဆွေးနွေးတတ်မည်။
- မူလတန်းအောက်ဆင့် ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။
- ဆရာများနှင့် မူလတန်းကျောင်းသားများအတွက် ဘေးကင်းလုံခြုံပြီး စိတ်ချယုံကြည်ရသော အွန်လိုင်းလုပ်ဆောင်ပုံများကို လမ်းညွှန်ပေးသည့် ရင်းမြစ်များကို စုစည်းတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၂) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကို သင်ကြားသင်ယူမှုတွင် သင့်လျော်စွာအသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသောသင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်းပြသည်။

(ခ) (၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်း ပြသည်။

(ဂ) (၁.၁) မြန်မာတို့၏ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံ ကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။

(ဂ) (၁.၃) ဒေသန္တရယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(ဃ) (၁.၁) မိမိ၏ လက်တွေ့သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

# ၅.၁။ မူလတန်းအောက်ဆင့်ရှိ စည်းကမ်း

ဤအခန်းငယ်တွင် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်များကို ဖော်ပြပါမည်။ အကျင့်စာရိတ္တကောင်းမွန်သော စာသင်ခန်း အသိုက်အဝန်းကို သတ်မှတ်ရန်အတွက် ဒီမိုကရေစီလုပ်ငန်းစဉ်ကို ဖန်တီးပေးမည် ဖြစ်သည်။ ကျောင်းသားများသည် မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ်ငါးပါး အပါအဝင် ဆရာ့အတတ်ပညာ ဆိုင်ရာကျင့်သုံးရမည့် ကျင့်ဝတ်များနှင့် စည်းမျဉ်းစည်းကမ်းများကို ဆက်စပ်ပေးမည်ဖြစ်ပြီး ၎င်းတို့၏ ကျောင်းသားများ အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံမှုရှိစေရန် ကူညီပေးမည့် လမ်းညွှန်ချက်များကို ရှာဖွေလေ့လာမည် ဖြစ်သည်။

## ၅.၁.၁။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ နှင့်အညီ စည်းကမ်းလိုက်နာခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မူလတန်းအောက်ဆင့်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ) အကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေး ရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲတတ်မည်။
- စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာအုပ်စုများ) ၏ ကွဲပြားခြားနားချက် များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(ခ) (၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များနှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။

(ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅) သွယ် အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်ပြုစုရေးဆွဲခြင်း – စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေး ရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲခြင်း

သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် ရေးသားခြင်း – စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ၏ ကွဲပြားခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြခြင်း

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ

ကျောင်းသားများ၏ နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- ကြည့်ရှုလေ့လာခြင်း
- အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း
- အချင်းချင်းနှင့် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း
- ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်ခြင်း။



## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၅.၁.၁) ကို ဖတ်ရှုပါ။

မိတ်ဆက်။ ဉာဏ်ဖွင့်ဆွေးနွေးသည့် သင်ယူမှုလုပ်ငန်း – ဝေါဟာရများ၊ တန်ဖိုးထားမှုများ၊ ကျင့်ဝတ်များနှင့် ကိုယ်ကျင့်တရားများကို စာရွက်ပေါ်တွင် ရေးသားပါ။ အခြားစာရွက်တစ်ရွက်ပေါ်တွင် စည်းမျဉ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများကို ရေးသားပါ။

သက်ဆိုင်ရာ သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးသားပါ။



## လိုအပ်သော ရင်းမြစ်များ

မိတ်ဆက်။ စက္ကူကားချပ်ကြီး

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားများ ဖြတ်ညှပ်ကပ်ပြုလုပ်နိုင်စေမည့် ရုပ်ပုံများကို ပံ့ပိုးပေးရန်အတွက် ဇယားကွက် (သို့မဟုတ်) စက္ကူကားချပ်ကြီး၊ မဂ္ဂဇင်းများ (သို့မဟုတ်) လက်ကမ်းစာစောင်များ။

သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ်များ (သို့မဟုတ်) ကျောင်းသားကိုင်စာအုပ်များ။

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၂၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၁၅ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| အချိန် | ၁၀ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး ဉာဏ်ဖွင့်ဆွေးနွေးခြင်း |

၁။ ဉာဏ်ဖွင့်ဆွေးနွေးသည့် သင်ယူမှုလုပ်ငန်း လုပ်ဆောင်ရန်အတွက် အတန်းကို ပြင်ဆင်ပါ။ အခန်း (၂) တွင် ကိုယ်ကျင့်တရား၊ စံနှုန်းများနှင့် ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းချက်များကို စူးစမ်းလေ့လာခဲ့ကြောင်းကို ကျောင်းသားများအား သတိပေးပါ။ အသုံးအနှုန်းတစ်ခုစီ၏ ဆိုလိုရင်းကို မည်သို့ဖော်ပြနိုင်သည်ကို စဉ်းစားရန် ၎င်းတို့အား ပြောကြားပါ။

၂။ ထို့နောက် ‘တန်ဖိုးထားမှုများ၊ ကျင့်ဝတ်များနှင့် ကိုယ်ကျင့်တရားများ’ ဟူသော ဝေါဟာရများကို ရေးသားထားသည့် စက္ကူကားချပ်ကြီးကိုပြပါ။ စာရွက်ပေါ်တွင် အကြံဉာဏ်များကို မှတ်တမ်းတင်ချရေးရန် ကျောင်းသားတစ်ဦးကို ဖိတ်ခေါ်ပါ။ အတန်းကို ဉာဏ်ဖွင့်စဉ်းစားစေပြီး ဝေါဟာရသုံးလုံးနှင့်ပတ်သက်၍ ၎င်းတို့ မှတ်မိနိုင်သမျှ အားလုံးကို ပြောကြားကြစေပါ။

၃။ ဒုတိယအနေဖြင့် ကျောင်းသားများကို နောက်ထပ်စက္ကူကားချပ်ကြီးတစ်ခုသို့ ညွှန်ကြားပါ။ ဤစက္ကူကားချပ်ကြီး၏ စာမျက်နှာတွင် အတွေးအခေါ်များကို မှတ်တမ်းတင်ရန် အခြား ကျောင်းသားတစ်ဦးကို ဖိတ်ခေါ်ပါ။ ဤအသုံးအနှုန်းများ၏ ဆိုလိုရင်းကို နားလည်သဘောပေါက်ခြင်း ရှိ/မရှိကို သိနိုင်ရန် ကျောင်းသားများကို ဉာဏ်ဖွင့်ဆွေးနွေးစေပါ။ သင်ကြားသင်ယူမှုလုပ်ငန်း တစ်လျှောက်လုံးတွင် ကျောင်းသားများ ရည်ညွှန်းကိုးကားနိုင်ရန် ဤဇယားများကို ချိတ်ဆွဲထားပါ။

### သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်ပြုစုရေးဆွဲခြင်း – စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေး ရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲခြင်း

| အချိန် | ၂၀ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်ဦးချင်း |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မူလတန်းအောက်ဆင့်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေးရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲရန်ဖြစ်သည်။

၁။ ဤသင်ယူမှုလုပ်ငန်းအတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်ကို အကြမ်းဖျင်းဖော်ပြပါ။ ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –
- မူလတန်းအောက်ဆင့်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာအုပ်စုများ) အကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေးရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲတတ်မည်။

၂။ ရင်းမြစ်သည် ပထမတန်းနှင့်ဒုတိယတန်း ကျောင်းသားများအတွက် သင့်လျော်မည်ဖြစ်ကြောင်း ရှင်းပြပါ။ (လေးထောင့်ကွက် ၅.၂ ရှိ အတန်းအဆင့်အလိုက် ရည်မှန်းချက်များနှင့် လေးထောင့်ကွက် ၅.၃ ရှိ သင်ကြားမှုရလဒ်များကို ကြည့်ပါ။) ဤရည်ရွယ်ချက်များသည် ပထမတန်းနှင့်ဒုတိယတန်း ကျောင်းသားများသည် လူ့အဖွဲ့အစည်းအတွင်းရှိ ဓလေ့ထုံးတမ်းများအကြောင်း လေ့လာသင်ယူရန်နှင့် စည်းမျဉ်းစည်းကမ်းများလိုက်နာနိုင်စေရန် လိုအပ်ကြောင်း ထပ်လောင်းပြောကြားပါ။

၃။ ကျောင်းသားများဖန်တီးသော သင်ကြားရေးရင်းမြစ်သည် သင်ကြားသည့်အခါတွင် အထောက်အကူဖြစ်စေကြောင်း ထောက်ပြပါ။ ရည်ရွယ်ချက်မှာ ပထမတန်းနှင့်ဒုတိယတန်း ကျောင်းသားများအတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို ဖော်ပြရန်ဖြစ်သည်။ ရင်းမြစ်သည် သင်ကြားသည့်အခါတွင် အသုံးပြုရန် အကိုးအကားဖြစ်စေပါမည်။ အတန်းထဲတွင် ချိတ်ထား၍ ရပါသည်။

၄။ ပထမအဆင့်မှာ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို ရှင်းပြသည့် ဇယားတစ်ခုကို ဖန်တီးရန်ဖြစ်ပြီး တစ်ခုစီအတွက် ဥပမာတစ်ခုစီ ပေးရမည် (ဇယား ၅.၁ ကို ကျောင်းသားကိုင်စာအုပ်တွင် ကြည့်ပါ)။ မြန်မာဓလေ့ထုံးတမ်း နမူနာကို ရှာစေပါ။ ထို့နောက် ဓလေ့ထုံးတမ်းနှင့် ရည်ရွယ်ချက်ကို ရှင်းပြရန် ပြောကြားပြီး မြန်မာလူမျိုးများ၏ ဓလေ့ထုံးတမ်းကို မလိုက်နာပါက


မည်ကဲ့သို့ဖြစ်မည်ကို ထောက်ပြပါ။ ဥပမာအားဖြင့် မည်သူက မည်ကဲ့သို့ ပြစ်ဒဏ်ပေးသည်ကို ခံရမည်နည်း။

၅။ ကျောင်းသားများအား ပုံများကို အသုံးပြုရန် အားပေးပါ။ ပုံများသည် ကျောင်းသားလူငယ်များအတွက် အသုံးဝင်ပါသည်။ ပုံများက အဓိပ္ပာယ်ကို ရှင်းလင်းစေရန် ကူညီပေးသည်။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများကို ကိုယ်စားပြုသော ပုံများကို အသုံးပြုပါ။ မဂ္ဂဇင်းများမှ ပုံများကို ဖြတ်၊ ညှပ်၊ ကပ်ပြုလုပ်၍ အသုံးပြုနိုင်သည် (သို့မဟုတ်) ပုံများရေးဆွဲနိုင်သည်။

၆။ ထို့နောက် ပုံတစ်ပုံချင်းစီ၏ အောက်ပါအချက်များပါဝင်သည့် ရှင်းလင်းချက်ပေးရန် လိုအပ်ကြောင်း ရှင်းပြပါ –

- စည်းမျဉ်းစည်းကမ်း၊ ဥပဒေ (သို့မဟုတ်) ဓလေ့ထုံးတမ်းဆိုင်ရာ ရှင်းလင်းချက်
- စည်းမျဉ်းစည်းကမ်း၊ ဥပဒေ (သို့မဟုတ်) ဓလေ့ထုံးတမ်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းချက်
- စည်းမျဉ်းစည်းကမ်း၊ ဥပဒေ (သို့မဟုတ်) ဓလေ့ထုံးတမ်းကို မလိုက်နာခြင်း၏ အကျိုးဆက်ကို ဖော်ပြချက်။

၇။ ၎င်းတို့၏ သင်ကြားရေးရင်းမြစ်ဖိုင်တွဲများကို အသုံးပြုရန် ကျောင်းသားများကို ညွှန်ကြားပါ (သို့မဟုတ်) ၎င်းတို့၏ စိတ်ကူးများကို မှတ်တမ်းတင်ရန်အတွက် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များတွင် ပိုစတာစာရွက် (သို့မဟုတ်) ဇယား (၅.၁) ကို အသုံးပြုစေပါ။



### ဆရာ့မှတ်စု

သင်ယူမှုလုပ်ငန်း လုပ်ဆောင်မှုမပြီးသေးသော ကျောင်းသားများကို အိမ်စာလုပ်ငန်း လုပ်ဆောင်ရန်အချိန်တွင် ပြီးစီးစေရန် တိုက်တွန်းအားပေးပါ။ ကျောင်းသားများသည် ၎င်းတို့၏ ပြန်လည်သုံးသပ်မှုအား နောက်သင်ခန်းစာတွင် တင်ပြရန်အတွက် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ် (သို့မဟုတ်) သင်ကြားရေးရင်းမြစ်ဖိုင်မှ (မိတ္တူကူးခြင်းဆိုင်ရာ အထောက်အကူပစ္စည်းများကို အသုံးပြုခွင့်ရှိလျှင်) မိတ္တူကူးရန် လိုအပ်နိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားတစ်ဦးချင်း လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ ကျောင်းသားများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နားထောင်ခြင်းအားဖြင့် မိတ်ဆက်လုပ်ငန်းကို နားလည်ခြင်း ရှိ/မရှိ စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ ကျောင်းသားများ၏ သင်ကြားရေးရင်းမြစ်များ ပြုစုရေးဆွဲထားမှုကို ကြည့်ရှုခြင်းဖြင့်လည်း နားလည်ခြင်းကို စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ စည်းမျဥ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို နားလည်ရန်အတွက် ပထမတန်း (သို့မဟုတ်) ဒုတိယတန်း ကျောင်းသားများအား မည်ကဲ့သို့ ပံ့ပိုးပေးမည်ကို သက်သေပြရန်အတွက် ကျောင်းသားများကို အားပေးသည့် အဖွင့်မေးခွန်းများမေးပါ။ ကျောင်းသားများ၏ လုပ်ဆောင်မှုကို နောက်သင်ခန်းစာအပြီးတွင် ပြန်လည်သုံးသပ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် ဇယား ၅.၁။ စည်းမျဥ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို ဖော်ပြရာတွင် ဖြစ်နိုင်ခြေရှိသော အဖြေများ**

| | စည်းမျဥ်းစည်းကမ်းများ | ဥပဒေများ | ဓလေ့ထုံးတမ်းများ |
|---|---|---|---|
| အလွတ်သဘော (သို့မဟုတ်) သမားရိုးကျ ဖြစ်သည်။ | အလွတ်သဘောဖြစ်ပြီး ၎င်းတို့သည် တိကျပြတ်သားသော စည်းမျဥ်းစည်းကမ်းများ (သို့မဟုတ်) သွယ်ဝိုက်သော စည်းမျဥ်းစည်းကမ်းများ ဖြစ်နိုင်သည်။ | သမားရိုးကျဖြစ်သည်။ အများအားဖြင့် တိကျပြတ်သားသော စည်းမျဥ်းစည်းကမ်းများ ဖြစ်သည်။ | ဓလေ့ထုံးတမ်းများစွာသည် သွယ်ဝိုက်၍ ဆက်စပ်နေသော်လည်း အလွတ်သဘော ဖြစ်ပြီး တိကျပြတ်သားသော စည်းမျဥ်းစည်းကမ်းများနှင့် သွယ်ဝိုက်သော စည်းမျဥ်းစည်းကမ်းများ နှစ်မျိုးလုံး ပါဝင်သည်။ |
| မည်သူက သတ်မှတ် ပြဋ္ဌာန်းသည်။ | လူ့အဖွဲ့အစည်းရှိ လူမှုရေး အဖွဲ့များ၊ ရပ်ရွာအုပ်စုများ၊ ကျောင်း ဘုတ်အဖွဲ့များ၊ မူဝါဒ စာရွက်စာတမ်းများ၊ လုပ်ငန်းခွင်စီမံခန့်ခွဲမှု၊ ဆေးရုံ စီမံခန့်ခွဲမှု၊ လုပ်ငန်းခွင်ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ကော်မတီများ၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ဒေသဆိုင်ရာနှင့် နိုင်ငံတော်အစိုးရ ကဲ့သို့သော အုပ်ချုပ်ရေး အဖွဲ့အစည်းများ | လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ မိသားစုများ၊ ဘာသာရေး/ယုံကြည်သက်ဝင်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ ရပ်ရွာအုပ်စုများ။ |

| | စည်းမျဉ်းစည်းကမ်းများ | ဥပဒေများ | ဓလေ့ထုံးတမ်းများ |
|---|---|---|---|
| မည်သူက လိုက်နာကျင့်သုံးသည်။ | လူမှုရေးအဖွဲ့နှင့် သက်ဆိုင်သော လူများဖြစ်သော်လည်း တစ်ခါတစ်ရံတွင် လူများအားလုံးအတွက် (သို့မဟုတ်) အချိန်တိုင်းအတွက် မဟုတ်ပါ။ | အုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်သော လူများအားလုံးအတွက် အချိန်တိုင်း သက်ဆိုင်သည်။ | လူမှုရေး ယဉ်ကျေးမှုအဖွဲ့၊ ဘာသာရေး/ ယုံကြည်ကိုးကွယ်မှုအုပ်စုများ၊ ရပ်ရွာအုပ်စုများ၊ မိမိကိုယ်တိုင်၏ တန်ဖိုးများနှင့် ယုံကြည်မှုများကို လေးစားရှိသေခြင်း |
| မည်သူက တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းသည်။ | ဥပဒေကို ရေးဆွဲသည့်အုပ်စု (သို့မဟုတ်) ရပ်ရွာ၏ စီမံအုပ်ချုပ်သူ | အစိုးရ၊ ပြည်သူ့ရဲ၊ နိုင်ငံတော် လုံခြုံရေး | မိမိကိုယ်ကို စည်းကမ်းဖြင့် ထိန်းသိမ်းခြင်း |
| မလိုက်နာခြင်း၏ အကျိုးဆက်များ | စီမံအုပ်ချုပ်မှုအဖွဲ့အပေါ် မူတည်ပါသည်။ ဥပမာ – လုပ်ငန်းခွင်တွင် စည်းမျဉ်းစည်းကမ်း မလိုက်နာပါက ထိုသူကို အလုပ်ထုတ်နိုင်ပါသည်။ ကျောင်းတွင်လည်း ကျောင်းသားကို ထုတ်ပယ်နိုင်သည်။ | တရားရုံးအဖွဲ့က ပြစ်ဒဏ်ပေးသည်။ | ဓလေ့ထုံးတမ်းကို မလိုက်နာခြင်း၏ အကျိုးဆက်အဖြစ် လှောင်ပြောင်ခြင်း (သို့မဟုတ်) ဖယ်ကြဉ်ခြင်းခံရသော်လည်း ပြစ်ဒဏ်ပေးခြင်းမရှိပေ။ |
| စည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်သည့် ဥပမာများ | ဖြစ်နိုင်ခြေရှိသော ဥပမာများ – ရပ်ရွာအုပ်စုတွင် စည်းမျဉ်းစည်းကမ်း၏ ရည်ရွယ်ချက်နှင့် ၎င်းကို မလိုက်နာခြင်း၏ အကျိုးဆက်များရှိကြောင်း သေချာစေသည်။ | | |
| ဥပဒေနှင့် ပတ်သက်သည့် ဥပမာများ | ဖြစ်နိုင်ခြေရှိသော ဥပမာများ – လူ့အဖွဲ့အစည်းအတွင်း ဥပဒေ၏ ရှင်းလင်းချက်၊ ၎င်း၏ရည်ရွယ်ချက်နှင့် ဥပဒေအား မလိုက်နာခြင်း၏ အကျိုးဆက်များ ရှိနေကြောင်း သေချာစေသည်။ | | |
| ဓလေ့ထုံးတမ်းနှင့် ပတ်သက်သည့် ဥပမာများ | ဖြစ်နိုင်ခြေရှိသော ဥပမာများ – လူမှုရေး၊ ယဉ်ကျေးမှု (သို့မဟုတ်) အသိုက်အဝန်းအုပ်စုတွင် ဓလေ့ထုံးတမ်း၊ ၎င်း၏ရည်ရွယ်ချက်ကို ရှင်းလင်းချက်နှင့် ဓလေ့ထုံးတမ်းကို မလိုက်နာခြင်း၏ အကျိုးဆက်များရှိကြောင်း သေချာစေသည်။ | | |

## သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ်ရေးသားခြင်း – စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ၏ ကွဲပြားခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြခြင်း

| | |
|---|---|
| **အချိန်** | ၁၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ၏ ကွဲပြားခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြရန်ဖြစ်သည်။

၁။ ဤသင်ယူမှုလုပ်ငန်းအတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်ကို အကြမ်းဖျင်းဖော်ပြပါ။ ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –

- စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ) ၏ ကွဲပြားခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြတတ်မည်။

၂။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်များကို သိရှိနားလည်ရန်မှာ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားလူငယ်များအတွက်ပင် အရေးပါကြောင်း ကျောင်းသားများအား ရှင်းပြပါ။ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားရာတွင် ကွဲပြားခြားနားချက်များကို သိရှိနားလည်ရန် အဘယ်ကြောင့် အလွန်အရေးပါကြောင်းကို ရှင်းပြရန် ကျောင်းသားများအား ပြောကြားပါ။

၃။ ၎င်းတို့အချင်းချင်း မျှဝေသည့် စာပိုဒ်ကိုရေးရန် ကျောင်းသားများကို ညွှန်ကြားပါ။ စာပိုဒ်၏ရည်ရွယ်ချက်မှာ ၎င်းတို့၏ အတန်းဖော်များကို ဆွဲဆောင်နိုင်စေရန် ဖြစ်သည်။ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများသည် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို သိရှိနားလည်ရန် လိုအပ်ကြောင်း ၎င်းတို့အား သေချာစွာ ပြောပြရန် လိုအပ်သည်။

၄။ ၎င်းတို့၏ သင်ကြားရေးရင်းမြစ်သည် ပထမတန်းနှင့်ဒုတိယတန်း ကျောင်းသားများအား ဝေါဟာရများ၏ ကွဲပြားမှုများကို သင်ကြားရာတွင် မည်ကဲ့သို့ အထောက်အကူ ဖြစ်စေမည်ကို စဉ်းစားရန် ကျောင်းသားများကို တိုက်တွန်းအားပေးပါ။

၅။ ၎င်းတို့၏ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် တွင် ပြန်လည်သုံးသပ်ချက်များကို ရေးသားရန် ကျောင်းသားများကို တိုက်တွန်းအားပေးပါ (သို့မဟုတ်) ကျောင်းသားကိုင်စာအုပ်ရှိ လေးထောင့်ကွက် (၅.၄) ကို အသုံးပြုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

လာမည့်သင်ခန်းစာ၏ အစတွင် ကျောင်းသားများက ၎င်းတို့၏ ပြန်လည်သုံးသပ်ချက်များအား ရှင်းပြခြင်းကို နားထောင်သည့်အခါ၌ ၎င်းတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျောင်းသားများ၏ ပြန်လည်သုံးသပ်ချက်များကို အကဲဖြတ်သုံးသပ်နိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဘေးကင်းလုံခြုံစေရန်နှင့် လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများတွင် သဘောထားကွဲလွဲမှုများကို ရှောင်ရှားနိုင်ရန်အတွက် စည်းကမ်းများရှိကြောင်း ကျောင်းသားများ နားလည်ရန် လိုအပ်သည်။ ဥပမာအားဖြင့် စာသင်ခန်းတစ်ခု တည်ဆောက်သည့်အခါ လူတိုင်းကို ဘေးကင်းလုံခြုံစေရန်အတွက် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲသတ်မှတ်ထား နိုင်သည်။

လူအများ (သို့မဟုတ်) နိုင်ငံတစ်ခု ဘေးကင်းစေရန်အတွက် ဥပဒေများကို ရေးဆွဲထားကြသော်လည်း ၎င်းတို့ကို လူမှုရေးအရ (သို့မဟုတ်) ယဉ်ကျေးမှုအရ ရေးဆွဲထားခြင်းမဟုတ်ဘဲ အစိုးရက ရေးဆွဲသတ်မှတ်ထားခြင်းဖြစ်သည်။ ဥပဒေကို ချိုးဖောက်လျှင် ဥပဒေနှင့်အညီ အပြစ်ပေးခြင်းခံရမည်ဖြစ်ကြောင်း ကျောင်းသားများ သိရှိနားလည်ထားရန်လိုပါသည်။ သို့သော် စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်မိလျှင်မူ အကျိုးဆက်မှာ လွန်စွာဆိုးရွားမှုရှိနိုင်မည် မဟုတ်ပါ။ ဥပဒေများသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် တစ်သမတ်တည်းဖြစ်သည်။ ဆိုလိုသည်မှာ ဥပဒေများသည် အုပ်ချုပ်ရေးဒေသရှိ နေရာတိုင်းတွင် လူတိုင်းနှင့်သက်ဆိုင်ပြီး စည်းမျဉ်းစည်းကမ်းများသည် လူတိုင်းနှင့်မသက်ဆိုင်နိုင်သော်လည်း အချိန်တိုင်းတွင် သက်ရောက်နိုင်သည်။

ဓလေ့ထုံးတမ်းများသည် အကျင့်စရိုက်များဖြစ်သည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်းအတွင်းရှိ အလွတ်သဘော စည်းမျဉ်းစည်းကမ်းများနှင့် ဓလေ့ထုံးတမ်းများဖြစ်သည်။ ဓလေ့ထုံးတမ်းများသည် ယေဘုယျအားဖြင့် အချိန်ကာလတစ်ခုပြီးတစ်ခုတွင် ဖွံ့ဖြိုးတိုးတက်လာသည်။ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် သမိုင်းကြောင်း အပေါ်မူတည်၍ ကွဲပြားလိမ့်မည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း (၁၃၀) ကျော်ရှိသဖြင့်[၅] ဓလေ့ထုံးတမ်းများ အားလုံးသည် လူတိုင်းနှင့် သက်ဆိုင်သည်မဟုတ်ကြောင်း ကျောင်းသားများ သိရှိနားလည်ရန် အရေးကြီးပါသည်။

စာသင်ခန်းရှိ ကျောင်းသားအချို့သည် တူညီသော ဓလေ့ထုံးစံများကို မျှဝေကြပြီး အချို့မှာ မတူကွဲပြားသော ဓလေ့ထုံးစံများကို လိုက်နာကျင့်သုံးကြသည်။ ဤသည်မှာ ကျောင်းသားများ၏ နားလည်လက်ခံမှု၊ လေးစားမှု၊ ကရုဏာနှင့် စာနာမှုတို့ တိုးပွားလာစေရန်အတွက် အဓိကအချက်ဖြစ်ပါသည်။ ထို့ကြောင့် တာဝန်ယူမှုရှိပြီး ကျင့်ဝတ်သိက္ခာရှိသော မြန်မာနိုင်ငံသားများ ဖြစ်လာပါသည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် –

- ကျောင်းသားများအား ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ အလေ့အထများနှင့် ဓလေ့ထုံးတမ်းများကို ပြန်လည်သုံးသပ်စေပါ။
- ရိုးရာယဉ်ကျေးမှုဆိုင်ရာ အလေ့အထ (သို့မဟုတ်) ဓလေ့ထုံးတမ်းများအကြောင်း မည်ကဲ့သို့ သင်ယူခဲ့ကြသည်ကို စဉ်းစားစေပါ။

ဥပမာ –

- ၎င်းတို့ကြီးပြင်းလာကြ၍ သိရှိလာသော အကြောင်းအရာလား (သို့မဟုတ်) တစ်စုံတစ်ဦးက ၎င်းတို့ကို ရှင်းပြခဲ့၍ သိရှိလာသော အကြောင်းအရာလား။
- အခြားသူများလည်း သိရှိပြီး နားလည်နိုင်သော အကြောင်းအရာလား။
- စည်းမျဉ်းစည်းကမ်းများ ရှိပါသလား၊ ၎င်းတို့သည် တိကျပြတ်သားသော စည်းမျဉ်း

[၅] The Government of the Republic of the Union of Myanmar Ministry of Education. (2016).

စည်းကမ်းများ (သို့မဟုတ်) သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများ ဖြစ်ပါသလား။

- ၎င်းတို့၏ဘဝတွင် မည်သို့သော အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများ ရှိပါသနည်း။
- ဤအချက်ကို ၎င်းတို့၏ ဘေးတွင်ကပ်လျက်ရှိသည့် ကျောင်းသားနှင့်ဆွေးနွေးရန် ပြောကြားပါ။
- အတန်းနှင့် မျှဝေရန် ကျောင်းသားသုံးယောက်ကို ဖိတ်ခေါ်ပါ။

## ၅.၁.၂။ 'စည်းကမ်း' အခန်းကို သင်ကြားခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ခေါင်းဆောင်မှုပုံစံတစ်ခုအဖြစ် ဖော်ပြတတ်မည်။
- အတန်းတွင်း စည်းမျဉ်းစည်းကမ်းများ (ရပိုင်ခွင့်များ၊ တာဝန်ဝတ္တရားများနှင့် အကျိုးဆက်များ) ကို ချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲတတ်မည်။
- ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများ ဖြစ်ပေါ်လာနိုင်စွမ်း ရှိသည့် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို အကဲဖြတ် သုံးသပ်တတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(ခ) (၃.၁.၃) စာသင်ခန်းနှင့်ကျောင်းအတွင်း ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာမှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေး အလေ့အကျင့် ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့်ဆောင်ရွက်သည်။

(ခ) (၃.၂.၁) ကျောင်းသားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိရန် သဘောတူချမှတ်ထားသော စာသင်ခန်းအတွင်း စည်းမျဉ်းများနှင့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန် ဖန်တီးသည်။ ရှင်းပြသည်။ ပြသထားသည်။ အားဖြည့်ဆောင်ရွက်သည်။

(ဂ) (၁.၁.၂) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများနှင့် ရပ်ရွာလူထုက ဆရာများအပေါ် မျှော်မှန်းထားသည်များနှင့် ကိုက်ညီသည့် အပြုသဘောဆောင်သည့် သဘောထားများ၊ တန်ဖိုးထားမှုများ၊ အပြုအမူများကို တစ်သမတ်တည်း ဖော်ပြသည်။

(ဃ) (၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်များဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။

**အချိန် –** မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုလိုက်စူးစမ်းလေ့လာခြင်း – ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ခေါင်းဆောင်မှုပုံစံတစ်ခုအဖြစ် ဖော်ပြခြင်း။

သင်ယူမှုလုပ်ငန်း (၂)။ သင်ကြား၊ သင်ယူမှုနည်းလမ်း – အတန်းတွင်း စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒကိုအခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲ၍ အကဲဖြတ်သုံးသပ်ခြင်း။

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ

ကျောင်းသားများ၏ နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- ကြည့်ရှုလေ့လာခြင်း
- အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း
- ကျောင်းသားများ၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၅.၁.၂) ကို ဖတ်ရှုပါ။

မိတ်ဆက်။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း – ဝေါဟာရများ၊ တန်ဖိုးများ၊ ကျင့်ဝတ်များနှင့် ကိုယ်ကျင့်တရားများကို စက္ကူကားချပ်ကြီးပေါ်တွင် ရေးသားပါ။

သင်ယူမှုလုပ်ငန်း (၁)။ သင်ပုန်းပေါ်တွင် ရေးစေပါ – 'ဒီမိုကရေစီဆန်သော'၊ 'ဒီမိုကရေစီ မဆန်သော' နှင့် 'မသေချာသော'။ ဆရာလမ်းညွှန် ဇယား (၅.၂) မှ သတ်မှတ်ချက်များနှင့် အတူ ကတ်အချို့ကို ပြင်ဆင်ပါ။ လိုက်နာလုပ်ဆောင်စေပါ။ ကတ်ပြားတစ်ခုလျှင် ဝေါဟာရ တစ်ခု၊ အတွဲအုပ်စုငယ် တစ်ခုစီအတွက် ဝေါဟာရ အပြည့်အစုံရှိစေရန် လုံလောက်စွာ ဖန်တီးပါ။

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်များ။

ကျောင်းသား၏ နားလည်မှုကို စစ်ဆေးပါ။ အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို စက္ကူကားချပ်ကြီးစာရွက်ပေါ်တွင် (သို့မဟုတ်) သင်ပုန်းပေါ်တွင် ရေးသားပါ။

## ဆရာလမ်းညွှန် ဇယား ၅.၂။ စည်းကမ်းချက်များကို ဝေါဟာရကတ်များဖြင့် အမျိုးအစား ခွဲခြားသတ်မှတ်ခြင်း[၆]

| | |
|---|---|
| • သူတစ်ပါးအပေါ် ကြမ်းတမ်းစွာ ပြုမူခြင်း<br>• လူအများကို တန်းတူရည်တူဆက်ဆံခြင်း<br>• လူမျိုး၊ အသက်၊ ကျား၊မ မခွဲခြားဘဲ ၎င်းတို့၏ အလားအလာဆီသို့ ရောက်ရှိရန်/ စွမ်းဆောင်ရည် အပြည့်အဝရရှိရန် အခွင့်အလမ်းများပေးခြင်း<br>• ထင်မြင်ယူဆချက်များကို ထုတ်ဖော်ခွင့်ရှိခြင်း<br>• နိုင်ငံသားဖြစ်ခြင်း<br>• အနိုင်ကျင့်ခြင်း<br>• ဥပဒေကို ကိုးကားခြင်းမရှိဘဲ လူများကို အပြစ်ပေးခြင်း<br>• လွတ်လပ်မှုရှိခြင်း<br>• မိမိ၏စိတ်တိုင်းကျ ပြုမူဆောင်ရွက်နိုင်ရန် သူတစ်ပါးကို ငွေကြေးဖြင့်လာဘ်ထိုးခြင်း<br>• အကြောက်တရားဖြင့် နေထိုင်ခြင်း<br>• အကျင့်ပျက်ခြစားခြင်း<br>• သဘောတူညီထားသည့် ဥပဒေများအတိုင်း ပြစ်ဒဏ်ပေးခြင်း<br>• ရွေးချယ်ခွင့်ပေးထားခြင်း<br>• လူ့အခွင့်ရေးအရ ဆုံးဖြတ်ချက်တစ်ခုကို ဆန့်ကျင်ပြီး ဆန္ဒထုတ်ဖော်ပြနိုင်ခြင်း<br>• မတူကွဲပြားမှုကို လေးစားခြင်း<br>• ယုံကြည်စိတ်ချရခြင်း<br>• ထိန်းချုပ်ခြင်း | • လွတ်လပ်မှုရှိခြင်း<br>• မိမိ၏အပြုအမူအတွက် တာဝန်ရှိခြင်း<br>• ပြည်သူများတွင် အခွင့်အရေးရှိသည်ဟု အသိအမှတ်ပြုခြင်း<br>• စိတ်ရှည်သည်းခံမှုကို ပြသခြင်း<br>• သူတစ်ပါးကို လေးစားခြင်း<br>• တရားမျှတမှုရှိခြင်း<br>• လွတ်လပ်စွာ ပြောဆိုခွင့်ရှိခြင်း<br>• နိုင်ငံသား ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခွင့်ရှိခြင်း<br>• အခြားသူများ၏ ရှုထောင့်အမြင်များကို နားလည်လက်ခံပေးခြင်း<br>• အခြားသူများအား စိတ်ရှည်သည်းခံနိုင်စေရန် အခွင့်အလမ်း ဖန်တီးပေးခြင်း<br>• လုပ်ငန်းလုပ်ဆောင်မှုများတွင် အခြားသူများကို ပါဝင်စေခြင်း<br>• လူများကို ၎င်းတို့၏ နောက်ခံ (သို့မဟုတ်) ကျား/မ ဖြစ်တည်မှုခံယူချက်ကြောင့် ပါဝင်ခွင့်မပေးခြင်း<br>• လူမျိုးရေးခွဲခြားခြင်း<br>• ဆုံးဖြတ်ချက်များ ချမှတ်ခြင်း<br>• ဥပဒေများလိုက်နာခြင်း<br>• မဲပေးခွင့်ရှိခြင်း<br>• အပြောနှင့်အလုပ်ကိုက်ညီစွာ လုပ်ဆောင်ခြင်း<br>• မိမိကိုယ်ကိုနှင့် အခြားသူများကိုပါ ဂရုစိုက်ခြင်း<br>• တရားမျှတမှုရှိခြင်း<br>• ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများတွင် အစိုးရအဖွဲ့အစည်းများ၏ လွှမ်းမိုးသက်ရောက်မှုများ |

၆ Adapted from Australian Electoral Commission. (2016).

## လိုအပ်သော ရင်းမြစ်များ

မိတ်ဆက်။ စက္ကူကားချပ်ကြီး

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားအတွဲ/အုပ်စုငယ်တစ်ခုစီအတွက် စည်းမျဉ်းစည်းကမ်းချက် အပြည့်အစုံရှိစေရန် လုံလောက်သော ကတ်ပြားအရေအတွက် (ဆရာလမ်းညွှန် ဇယား (၅.၂) ကို ကြည့်စေပါ)။

သင်ယူမှုလုပ်ငန်း (၂)။ ပိုစတာစာရွက်၊ မာကာများ၊ ဘောပင်များ။

ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း။ ရောင်စုံစာရွက်များ

## ‘စည်းကမ်း’အခန်းကို သင်ကြားခြင်း

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၄) ဦး ပါဝင်သော အုပ်စုများ |

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၄) ဦးစီ ပါဝင်သောအုပ်စုများခွဲပါ။

၂။ ယခင်သင်ခန်းစာအား ကျောင်းသားများ၏ ပြန်လည်သုံးသပ်တွေးခေါ်ခြင်းမှ သင်ကြားမှုရင်းမြစ်ကို ထုတ်ယူရန် ကျောင်းသားများအား ညွှန်ကြားပါ။ အုပ်စုရှိ ကျောင်းသားတစ်ဦးစီသည် ၎င်းတို့၏ သင်ကြားမှုရင်းမြစ်ကို ပြသစေပြီး

၎င်းရင်းမြစ်သည် ပထမတန်းနှင့်ဒုတိယတန်း ကျောင်းသားများအား စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွာခြားချက်များအကြောင်းကို သင်ကြားရာတွင်လည်း မည်သို့အထောက်အကူဖြစ်စေမည်ကို ရှင်းပြစေပါ။

၃။ ရှစ်မိနစ် ကြာပြီးနောက် အတန်းကို ပြန်လည်စုဝေးစေပြီး ၎င်းတို့အထဲမှ အုပ်စုနှစ်စုကို ဖိတ်ခေါ်၍ ၎င်းတို့ဖန်တီးထားသည့် ရင်းမြစ်များထဲမှတစ်ခုကို မျှဝေစေပါ၊ ပထမတန်းနှင့်ဒုတိယတန်း ကျောင်းသားများအား စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြောင်း ရှင်းပြရာတွင် အဘယ်ကြောင့် အထောက်အကူဖြစ်မည်ကိုလည်း ရှင်းပြစေပါ။

၄။ ၎င်းတို့၏ အတန်းဖော်အချင်းချင်း မျှဝေမည့် စာပိုဒ်ကိုရေးရန် ကျောင်းသားများကို ညွှန်ကြားပါ။ စာပိုဒ်၏ရည်ရွယ်ချက်မှာ ပထမတန်းနှင့်ဒုတိယတန်း ကျောင်းသားများသည် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ခြားနားချက်ကို နားလည်ရန် လိုအပ်ကြောင်းကို ၎င်းတို့၏ အတန်းဖော်များ လက်ခံယုံကြည်လာရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုလိုက်စူးစမ်းလေ့လာခြင်း – ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ခေါင်းဆောင်မှုပုံစံတစ်ခုအဖြစ် ဖော်ပြခြင်း

| | |
|---|---|
| **အချိန်** | ၁၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၄) ဦး ပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဒီမိုကရေစီ၏ အခြေခံမှုများကို ခေါင်းဆောင်မှုပုံစံတစ်ခုအဖြစ် ကျောင်းသားများ ဖော်ပြရန်ဖြစ်သည်။ အဆိုပါသင်ယူမှုလုပ်ငန်းတွင် ဒီမိုကရေစီ၏ အဓိပ္ပာယ်ကို စူးစမ်းလေ့လာခြင်း ပါဝင်သည်။

၁။ မိတ်ဆက်လုပ်ငန်းတွင် အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၄) ဦးစီ ပါဝင်သော အုပ်စုများ ခွဲခဲ့သည့်အတိုင်း အတန်းကို ဆက်လက်ရှိနေစေပါ။

၂။ ကတ်ပြားများထုတ်ဝေပေးပါ။

၃။ သင်ယူမှုလုပ်ငန်းအတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်ကို အကြမ်းဖျင်း ဖော်ပြပါ။

ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –

- ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ခေါင်းဆောင်မှုပုံစံတစ်ခုအဖြစ် ဖော်ပြတတ်မည်။

၄။ အယူအဆတစ်ခု၏ အဓိပ္ပာယ်ကို နားလည်ရန်အတွက် ဆန့်ကျင်ဘက်အဓိပ္ပာယ်ကို ခွဲခြားသတ်မှတ်ခြင်းသည် အထောက်အကူဖြစ်ကြောင်း ကျောင်းသားများကို ရှင်းပြပါ။ ထို့ကြောင့် ဤလှုပ်ရှားမှုတွင် ၎င်းတို့သည် ကတ်ပြားများပေါ်တွင် ရေးထားသော ဝေါဟာရများကို ဖတ်ပြပြီး ဝေါဟာရများကို “ဒီမိုကရေစီဆန်သော”၊ “ဒီမိုကရေစီမဆန်သော” (သို့မဟုတ်) “မသေချာသော” ဟူ၍ အုပ်စု အမျိုးအစားများ ခွဲမည်ဖြစ်သည်။ သင်ပုန်းပေါ်တွင် ရေးသားထားသော အဓိက အုပ်စုအမျိုးအစား များကို ပြပါ။

၅။ ထို့နောက် ၎င်းတို့သည် ဝေါဟာရများကို အုပ်စုများအဖြစ် အမျိုးအစား သတ်မှတ်မည် ဖြစ်သည်။ အုပ်စုများသည် ဒီမိုကရေစီ၏ အခြေခံမှုများပေါ်တွင် အခြေခံမည်ဖြစ်သည်။ အုပ်စုအကြောင်းအရာများကို ပြဋ္ဌာန်းစာအုပ်များတွင် ရေးသားဖော်ပြထားကြောင်း ကျောင်းသားများကို သတိပေးပါ။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

- လူတစ်ဦးချင်းစီနှင့် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်ခွင့်ကို လေးစားခြင်း၊
- သဘောထားကွဲလွဲမှုနှင့် ဆန့်ကျင်ဘက်အယူအဆများကို လက်သင့်ခံနိုင်ခြင်း၊
- သာတူညီမျှမှု – လူအားလုံးကို တန်ဖိုးထားပြီး ၎င်းတို့၏ စွမ်းဆောင်ရည် အပြည့်အဝရရှိရန် ၎င်းတို့ကို ပံ့ပိုးပေးခြင်း၊
- လွတ်လပ်မှု – လူတစ်ဦးစီတွင် လွတ်လပ်စွာပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ သွားလာလှုပ်ရှားခွင့်နှင့် လွတ်လပ်စွာယုံကြည်ခွင့်ရှိခြင်းနှင့်
- တရားမျှတမှု – လူ့အဖွဲ့အစည်းအတွင်းနှင့် တရားရုံးတွင် လူတိုင်းကို တရားမျှတစွာ ဆက်ဆံခြင်း။[၇]

၆။ (၁၀) မိနစ်အကြာတွင် အဖွဲ့များအား အခြားအဖွဲ့တစ်ခုနှင့် ချိတ်ဆက်ကာ ၎င်းတို့၏ အကြံဉာဏ်များကို နှိုင်းယှဉ်ရန် ညွှန်ကြားပါ။ ဒီမိုကရေစီ၏ အခြေခံ

၇ Commonwealth of Australia. (2020).

သဘောတရားများကို အခြေခံ၍ "ဒီမိုကရေစီမဆန်သော" (သို့မဟုတ်) "မသေချာသော" ဟူသော အသုံးအနှုန်းများကို အဘယ်ကြောင့်ခွဲခြားသတ်မှတ်သည်ကို ဆွေးနွေးရန် အချိန် လေးမိနစ် ရမည်ဖြစ်ကြောင်း ရှင်းပြပါ။

၇။ နောက်ဆုံးကျန်ရှိသော အချိန်အတွက် ကျောင်းသားနှစ်ယောက်ကို ၎င်းတို့၏ ဆွေးနွေးမှုရလဒ်များကို မျှဝေရန် ဖိတ်ခေါ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများ၏ အကြံဉာဏ်များကို နားထောင်သည့်အခါ ၎င်းတို့၏ နားလည်မှုကို အကဲဖြတ်နိုင်ပြီး ကျောင်းသားများသည် ဒီမိုကရေစီ၏ စည်းကမ်းသတ်မှတ်ချက်များနှင့် စည်းကမ်းဝေါဟာရများအား အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို အချင်းချင်း အပြန်အလှန် နားထောင်ခြင်းဖြင့် ၎င်းတို့၏ နားလည်မှုကို စစ်ဆေးနိုင်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဆရာလမ်းညွှန် ဇယား (၅.၃) ကို ကြည့်စေပါ။ ကျောင်းသားများသည် ဒီမိုကရေစီ၏ အခြေခံသဘောတရားများအဖြစ် ဝေါဟာရများကို ကွဲပြားစွာ ခွဲခြားထားနိုင်ပြီး ၎င်းတို့၏ ဆွေးနွေးမှုသည် ၎င်းတို့၏ ကျိုးကြောင်းဆင်ခြင်တွေးတောမှုကို ခိုင်လုံမှုရှိစေမည်ဖြစ်သည်။

**ဆရာလမ်းညွှန် ဇယား ၅.၃။ စည်းမျဉ်းစည်းကမ်းများနှင့် ဒီမိုကရေစီ၏ အခြေခံသဘောတရားများအဖြစ် ခွဲခြားထားခြင်း**

| ဒီမိုကရေစီဆန်သော | ဒီမိုကရေစီမဆန်သော | မသေချာသော |
|---|---|---|
| • လူအများကို တန်းတူရည်တူ ဆက်ဆံခြင်း (E)<br>• လူမျိုး၊ အသက်၊ ကျား၊မ မခွဲခြားဘဲ ၎င်းတို့၏ အလားအလာဆီသို့ ရောက်ရှိရန် အခွင့်အလမ်းများပေးခြင်း (E)<br>• ထင်မြင်ယူဆချက်များကို ထုတ်ဖော်ခွင့်ရှိခြင်း (F)<br>• နိုင်ငံသားဖြစ်ခြင်း (RTEFJ)<br>• လွတ်လပ်မှုရှိခြင်း (F)<br>• သဘောတူညီထားသည့် ဥပဒေများ အတိုင်း ပြစ်ဒဏ်ပေးခြင်း (J)<br>• ရွေးချယ်ခွင့်ပေးထားခြင်း (R)<br>• လူ့အခွင့်ရေးအရ ဆုံးဖြတ်ချက်တစ်ခုကို ဆန့်ကျင်ပြီး ဆန္ဒထုတ်ဖော်ပြနိုင်ခြင်း (JF)<br>• မတူကွဲပြားမှုကို လေးစားခြင်း (TR)<br>• ယုံကြည်စိတ်ချရခြင်း (R)<br>• မိမိ၏အပြုအမူအတွက် တာဝန်ရှိခြင်း (R)<br>• ပြည်သူများတွင် အခွင့်အရေးရှိသည်ဟု အသိအမှတ်ပြုခြင်း (RT)<br>• စိတ်ရှည်သည်းခံမှုကို ပြသခြင်း (T)<br>• သူတစ်ပါးကို လေးစားခြင်း (R)<br>• တရားမျှတမှု (J)<br>• လွတ်လပ်စွာပြောဆိုခွင့်ရှိခြင်း (F)<br>• နိုင်ငံသား ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခွင့်ရှိခြင်း (E)<br>• အခြားသူများ၏ ရှုထောင့်အမြင်များကို နားလည်လက်ခံပေးခြင်း (RT)<br>• အခြားသူများအား စိတ်ရှည်သည်းခံနိုင်စေရန် အခွင့်အလမ်း ဖန်တီးပေးခြင်း (J)<br>• လုပ်ငန်းလုပ်ဆောင်မှုများတွင် အခြားသူများကို ပါဝင်စေခြင်း (RTE)<br>• မဲပေးခွင့်ရှိခြင်း (R)<br>• အပြောနှင့် အလုပ် ကိုက်ညီစွာ လုပ်ဆောင်ခြင်း (R)<br>• မိမိကိုယ်ကိုနှင့် အခြားသူများကိုပါ ဂရုစိုက်ခြင်း (RT)<br>• တရားမျှတမှုရှိခြင်း (J) | • သူတစ်ပါးအပေါ် ကြမ်းတမ်းစွာ ပြုမူခြင်း<br>• အနိုင်ကျင့်ခြင်း<br>• ဥပဒေကို ကိုးကားခြင်းမရှိဘဲ လူများကို အပြစ်ပေးခြင်း<br>• မိမိစိတ်တိုင်းကျ ပြုမူဆောင်ရွက်နိုင်ရန် သူတစ်ပါးကို ငွေကြေးဖြင့် လာဘ်ထိုးခြင်း<br>• အကြောက်တရားဖြင့် နေထိုင်ခြြင်း<br>• အကျင့်ပျက်ခြစားခြင်း<br>• ထိန်းချုပ်ခြင်း<br>• လူများကို ၎င်းတို့၏ နောက်ခံ (သို့မဟုတ်) ကျား/မ ဖြစ်တည်မှု ခံယူချက်ကြောင့် ပါဝင်ခွင့်မပေးခြင်း<br>• လူမျိုးရေးခွဲခြားမှုရှိခြင်း<br>• ဆုံးဖြတ်ချက်များ ချမှတ်ခြင်း<br>• ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများတွင် အစိုးရအဖွဲ့အစည်းများ၏ လွှမ်းမိုးသက်ရောက်မှုများ | • ဥပဒေများ (နှစ်မျိုးစလုံး ဖြစ်နိုင်သည်။) |

| |
|---|
| R = လေးစားမှု |
| T = သည်းခံမှု/လက်သင့်ခံမှု |
| E = ညီမျှမှု |
| F = လွတ်လပ်မှု |
| J = တရားမျှတမှု |

## သင်ယူမှုလုပ်ငန်း (၂)။ သင်ကြား၊ သင်ယူမှုနည်းလမ်း – အတန်းတွင်း စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒကို အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲ၍ အကဲဖြတ်သုံးသပ်ခြင်း

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အတန်းတွင်း စည်းမျဉ်းစည်းကမ်းများကို ချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒကို အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲတတ်ရန်နှင့် ၎င်းအား ဒီမိုကရေစီဝါဒ၏ သဘောတရားများကို အခြေခံ၍ အကဲဖြတ်သုံးသပ်တတ်ရန်ဖြစ်သည်။

၁။ သင်ခန်းစာ (၃.၁.၃) တွင် ၎င်းတို့အဖွဲ့၏ တင်ပြချက်များအတွက် အများသဘောတူထားသော ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများစာတမ်းကို ရေးသားပြုစုခဲ့ပြီးဖြစ်ကြောင်း ကျောင်းသားများအား သတိပေးပြောပြပါ။ ယခုတစ်ကြိမ်တွင် ကျောင်းသားများသည် စာသင်ခန်း အသိုက်အဝန်းကို ထူထောင်ရန်အတွက် အများသဘောတူသော ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို ချမှတ်ရန် ဒီမိုကရေစီဆန်သော လုပ်ငန်းစဉ်ကို ရေးဆွဲကြမည် ဖြစ်သည်။ ရည်ရွယ်ချက်မှာ ကျောင်းသားများအားလုံး ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုကြရန်နှင့် အတန်းတွင်း စည်းမျဉ်းစည်းကမ်းများ ချမှတ်ရာတွင် ပါဝင်ကူညီနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်ကို ပံ့ပိုးပေးရန်ဖြစ်သည်။

၂။ ဤသင်ယူမှုလုပ်ငန်း၏ သက်ဆိုင်ရာ သင်ယူမှုရလဒ်များကို အကြမ်းဖျင်း ဖော်ပြပါ။

ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –

- အတန်းတွင်း စည်းမျဉ်းစည်းကမ်းများ (ရပိုင်ခွင့်များ၊ တာဝန်ဝတ္တရားများ နှင့် အကျိုးဆက်များ) ကို ချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒအခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲတတ်မည်။
- ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများ ဖြစ်ပေါ်လာနိုင်စွမ်း ရှိသည့် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို အကဲဖြတ် သုံးသပ်တတ်မည်။

၃။ ၎င်းတို့၏ ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲရန်အတွက် အတန်းများကို အုပ်စုငယ်များဖွဲ့ပါ။ ၎င်းတို့ဖန်တီးသည့် လုပ်ငန်းစဉ်သည် ၎င်းတို့၏ သင်ကြားရေးရင်းမြစ်ဖိုင်တွဲများတွင် ထည့်သွင်းနိုင်သည့် သင်ကြားရေး ရင်းမြစ်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ရှင်းပြပါ။ သို့မဟုတ် ကျောင်းသားကိုင် စာအုပ်ရှိ ဇယား (၅.၃) တွင် ထည့်သွင်းရေးသားနိုင်သည်။

၄။ ၎င်းတို့ဖန်တီးသော ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်အတွက် သက်ဆိုင်ရာ အတန်းအဆင့် (သူငယ်တန်း၊ ပထမတန်း သို့မဟုတ် ဒုတိယတန်း) နှင့် သက်ဆိုင်ရာ သင်ယူမှု ရည်မှန်းချက်များကို ညွှန်ပြရန် လိုအပ်ကြောင်း ထောက်ပြပါ။ ၎င်းတို့ဖတ်စာအုပ်များ၏ နောက်ဆက်တွဲ (၁) (သူငယ်တန်း သင်ရိုးမာတိကာ) နှင့် လေးထောင့်ကွက် (၅.၂) နှင့် (၅.၃) (ပထမတန်းနှင့် ဒုတိယတန်းအတွက် ရည်မှန်းချက်များနှင့် သင်ယူမှုနယ်ပယ်နှင့် သင်ခန်းစာ အစီအစဉ်များ) သို့ ရည်ညွှန်းပါ။

၅။ ၎င်းတို့ဖန်တီးမည့် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်သည် ၎င်းတို့၏ အနာဂတ် စာသင်ခန်းအသိုက်အဝန်းကို ထူထောင်ရန် ရည်ရွယ်ကြောင်း ရှင်းပြပါ။ လုပ်ငန်းစဉ်တွင် အောက်ပါတို့ ပါဝင်ရန်လိုအပ်သည် –

- သင်ခန်းစာအစပျိုးခြင်း – သင်ယူမှုလုပ်ငန်းတွင် ကျောင်းသားများ စိတ်ဝင်စားမှုရှိစေရန် မည်သို့ လှုံ့ဆော်မည်နည်း။
- သင်ကြားပြသခြင်း – လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကို ရှင်းပြရန် တိကျပြတ်သားသော ညွှန်ကြားချက်များပေးခြင်း။

- လက်တွေ့လုပ်ဆောင်ခြင်း – ကျောင်းသားများနှင့် ဆရာများသည် နှစ်သက်မှုနှင့် မနှစ်သက်မှုများကို ခွဲခြားသိမြင်ရန် မည်သို့ လုပ်ဆောင်ကြမည်နည်း။
- ပြန်လည်သုံးသပ်ခြင်း – အတန်းတစ်တန်းလုံး၏ ဆွေးနွေးမှုကို လမ်းညွှန်ရန် ဆွေးနွေးမည့် မေးခွန်း ငါးခုကို ဖြေဆိုစေပါ။ ဆွေးနွေးခြင်း၏ ရည်ရွယ်ချက်မှာ စာသင်ခန်းတွင်း ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများဇယားကို ရေးသားပြုစုရန် ဖြစ်သည်။
- ဥပမာပေးခြင်း – စာသင်ခန်းတွင်း ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ ဇယားပုံတွင် ဥပမာတစ်ခုပေးပါ။

၆။ ယင်းလုပ်ငန်း ပြီးမြောက်သည်နှင့် ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများ မွေးထုတ်ပေးရန် လုပ်ငန်းစဉ်ကို အကဲဖြတ်သုံးသပ်ရန် လိုအပ်မည် ဖြစ်သည်။ တစ်နည်းဆိုရသော် တက်ကြွပြီး တာဝန်သိသော နိုင်ငံသားများ ဖြစ်ပေါ်လာရန် ဖြစ်သည်။ စာသင်ချိန် ကုန်ဆုံးသွားသော်လည်း လုပ်ငန်းလုပ်ဆောင်မှု မပြီးသေးသော အုပ်စုများကို အိမ်စာလုပ်ငန်းအနေဖြင့် ပြီးစီးအောင် လုပ်ဆောင်စေပါ။

၇။ စစ်ဆေးအကဲဖြတ်ရာတွင် ခေါင်းဆောင်မှုပုံစံတစ်ခုအနေဖြင့် ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို အခြေခံသည့် စာပိုဒ်တိုငါးခုပါဝင်ကြောင်း ထပ်လောင်းပြောကြားပါ။ ဥပမာအားဖြင့် လုပ်ငန်းစဉ်သည် ကျောင်းသားများ၏ အရည်အချင်းများကို ဖော်ထုတ်ရန် မည်ကဲ့သို့ ကူညီပေးကြောင်းကိုလည်း ပြောကြားပါ။

- လူတစ်ဦးချင်းစီနှင့် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်ခွင့်ကို လေးစားခြင်း၊
- သဘောထားကွဲလွဲမှုနှင့် ဆန့်ကျင်ဘက်အယူအဆများကို လက်သင့်ခံနိုင်ခြင်း၊
- သာတူညီမျှမှု – လူအားလုံးကို တန်ဖိုးထားပြီး ၎င်းတို့၏ စွမ်းဆောင်ရည် အပြည့်အဝရရှိရန် ၎င်းတို့ကို ပံ့ပိုးပေးခြင်း၊
- လွတ်လပ်မှု – လူတစ်ဦးစီတွင် လွတ်လပ်စွာပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ သွားလာလှုပ်ရှားခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ခွင့်ရှိခြင်းနှင့်
- တရားမျှတမှု – လူ့အဖွဲ့အစည်းအတွင်းနှင့် တရားရုံးတွင် လူတိုင်းကို တရားမျှတစွာ ဆက်ဆံခြင်း။[၈]

၈ Commonwealth of Australia. (2020).

၈။ နောက်ဆုံးအနေဖြင့် နိဂုံးချုပ်အပိုဒ်တွင် ကျောင်းသားများကို ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းများ ဖြစ်လာစေရန် မည်သို့ကူညီရမည်ဆိုသည်ကို ဤလုပ်ငန်းစဉ်က ရှင်းပြပါမည်။

## ဆရာ့မှတ်စု

လုပ်ငန်းလုပ်ဆောင်မှု မပြီးသေးသော အုပ်စုများကို အိမ်စာလုပ်ငန်းလုပ်ဆောင်ရန် အချိန်အတွင်း ပြီးစီးအောင် တိုက်တွန်းပါ။ ကျောင်းသားများသည် နောက်သင်ခန်းစာ (သင်ခန်းစာ ၅.၁.၃) ၏ အစတွင် အချင်းချင်း၏ သင်ကြားရေးရင်းမြစ်များကို အကဲဖြတ် သုံးသပ်ကြမည်။ သင်ခန်းစာ (၅.၁.၃) ပြီးသည့်နောက် ၎င်းတို့၏ လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်နိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများဆွေးနွေးကြသည့် အကြံဉာဏ်များကို နားထောင်သည့်အခါ ၎င်းတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ ထို့ပြင် ကျောင်းသားများသည် အချင်းချင်း၏ အလုပ်ကို စစ်ဆေးအကဲဖြတ်ပြီး အပြုသဘောဆောင်သော အကြံပြုချက်များကို ပေးပါမည်။ ဤသည်မှာလည်း မိမိတို့၏ သိရှိနားလည်မှုများကို မိမိတို့ကိုယ်တိုင် ဆင်ခြင်သုံးသပ်နိုင်သည့် အခွင့်အရေးတစ်ခု ဖြစ်သည်။ ကျောင်းသားများ၏ လုပ်ဆောင်ချက်ကို သင် ပြန်လည် သုံးသပ်နိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဆရာလမ်းညွှန် ဇယား (၅.၄) တွင် ကျောင်းသားများသည် ၎င်းတို့၏ ဒီမိုကရေစီ လုပ်ငန်းစဉ်တွင် ပါဝင်နိုင်သည့် အမျိုးအစားများကို ဥပမာတစ်ခု တင်ပြရာတွင်၊ အဖြေမှန်သည် တစ်ခုမက ရှိနိုင်ပါသည်။ ကျောင်းသားများတွင် ကွဲပြားခြားနားသော နည်းလမ်းများ ရှိကောင်း ရှိနိုင်သည်။ ဒီမိုကရေစီ၏ အခြေခံသဘောတရားများနှင့်အညီ ၎င်းတို့၏ လုပ်ငန်းစဉ်များကို အကဲဖြတ်သုံးသပ်ရန် အရေးကြီးပါသည်။ ကွဲပြားခြားနားသော နားလည်မှုအဆင့်တွင်

ပြန်လည်သုံးသပ်သော တွေးခေါ်မှု၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနှင့် ထိရောက်သော ဆက်သွယ်မှုဆိုင်ရာ အချက်များပါဝင်မည်ဖြစ်သည်။ ပညာရေး၊ လူမှုရေး၊ လုပ်ထုံးလုပ်နည်း၊ ယဉ်ကျေးမှုနှင့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂိုလ်ရေးအရ တာဝန်များ၊ မျှော်မှန်းချက်များနှင့် သက်ဆိုင်သည့် မေးခွန်းများကိုလည်း စုစည်းပေးမည်ဖြစ်သည်။

**ဆရာလမ်းညွှန် ဇယား ၅.၄။ စာသင်ခန်းတွင်း စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းဆိုင်ရာ ဒီမိုကရေစီ လုပ်ငန်းစဉ် (ဥပမာ)**

| | |
|---|---|
| **သင်ခန်းစာအစပျိုးခြင်း –**<br><br>စိတ်ဝင်စားမှုကို မည်ကဲ့သို့ လှုံ့ဆော်မည်နည်း။ | ကျောင်းသားသည် ခေါင်းဆောင်တစ်ဦးကို ရွေးချယ်ပြီး စည်းမျဉ်းစည်းကမ်းများကို နာခံရန် လိုအပ်သည့် ဂိမ်းကဲ့သို့သော မိတ်ဆက်လုပ်ငန်းကို ကျောင်းသားက အကြံပြုနိုင်သည်။ ထို့နောက် ဆရာသည် ကျောင်းသားများအား ခေါင်းဆောင်အဖြစ် တင်မြှောက်မည်ကို မည်သို့ဆုံးဖြတ်ခဲ့ကြောင်းနှင့် လူတိုင်း စည်းမျဉ်းစည်းကမ်းများလိုက်နာစေရန် မည်သို့ သေချာမှု ရှိစေမည်ဖြစ်ကြောင်းကို မေးမြန်းမည်။ |
| **သင်ယူမှုရည်မှန်းချက်များနှင့် အတန်းအဆင့်** | နောက်ဆက်တွဲ (၁) နှင့် လေးထောင့်ကွက် (၅.၂) နှင့် (၅.၃) ကို ကျောင်းသားကိုင် စာအုပ်တွင် ကြည့်စေပါ။ |
| **သင်ကြားပြသခြင်း –**<br><br>လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကို ရှင်းပြရန် တိကျပြတ်သားသော ညွှန်ကြားချက်များ | ကျောင်းသားများအားလုံး ဘေးကင်းလုံခြုံပြီး ယခုနှစ်တွင် အချင်းချင်းထံမှ သင်ယူနိုင်စေရန် အတွက် ၎င်းတို့၏ ကိုယ်ပိုင်စာသင်ခန်း စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲသွားမည် ဖြစ်ကြောင်း ကျောင်းသားများအား ရှင်းပြပါ။<br><br>ကျွန်ုပ်တို့နှစ်သက်သည့်အရာနှင့် မနှစ်သက်သည့်အရာတို့ကို အရင်ဆုံးဆွေးနွေးမည်။ ပြီးလျှင် စာသင်ခန်းကို ကျွန်ုပ်တို့နှစ်သက်သည့် အရာများကို လုပ်ဆောင်နိုင်သော နေရာတစ်ခုအဖြစ် မည်ကဲ့သို့ လုပ်ဆောင်မည်ဆိုသည်ကို ဆုံးဖြတ်ပါမည်။ ကျွန်ုပ်တို့သည် သင်ယူမှုကို ပျော်စရာဖြစ်စေရန်နှင့် ဘေးကင်းလုံခြုံစေရန် ပြုလုပ်လိုပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းများကို ဖန်တီးမည်။ ၎င်းတွင် ကျွန်ုပ်တို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများပါရှိသော ဇယားကို ရေးဆွဲပြုစုပါမည်။ ဥပမာ – စကားပြော ရခြင်းကို ကြိုက်နှစ်သက်သည်ဆိုပါက ဤသို့စကားပြောရခြင်းသည် သင်၏ အခွင့်အရေး ဖြစ်သည်။ သို့သော် နားထောင်ရန်မှာလည်း သင်၏ တာဝန်ပင်ဖြစ်သည်ဟု ဆိုလိုသည်။ |

| | |
|---|---|
| **လက်တွေ့လုပ်ဆောင်ခြင်း –**<br><br>ကျောင်းသားများက မည်သည်ကို လုပ်ဆောင်ကြမည်နည်း။<br>ဆရာက မည်သည်ကို လုပ်ဆောင်မည်နည်း။ | ဆရာက မေးခွန်းများမေးခြင်းဖြင့် ဆွေးနွေးမှုကို စတင်ပါမည်။<br><br>စာသင်ခန်းထဲမှာ ကစားရတဲ့အခါ ဘယ်လိုအပြုအမူမျိုးကို သဘောမတွေ့ဖြစ်သနည်း”<br><br>“စာသင်ခန်းထဲမှာ မတ်တတ်ရပ်ပြီး ကစားရတာကို သဘောကျလား။”<br><br>ကျောင်းသားများသည် ၎င်းတို့၏အကြံဉာဏ်များကို အော်ဟစ်ဖြေဆိုနေကြမည်၊ အကယ်၍ ၎င်းတို့သည် ဒုတိယတန်းကျောင်းသားများ ဖြစ်ပါက အကြံဉာဏ်များကို ဆွေးနွေးရန် အုပ်စုလိုက် လုပ်ဆောင်စေနိုင်သည်။ ဖြစ်နိုင်ခြေရှိသော အချို့အယူအဆများမှာ –<br><br>• သူများတွေ အသံကျယ်ကျယ်ပြောတဲ့အခါ မကြိုက်ဘူး။<br>• စာသင်ခန်းထဲမှာ ပြေးရတာ မလုံခြုံဘူး။<br>• တစ်စုံတစ်ယောက်က ငါ့ပစ္စည်းတွေကိုထိတာ မကြိုက်ဘူး။<br>• ဆရာ့စကားကို နားထောင်ရတာ ကြိုက်တယ်။<br>• လူတွေ တစ်ယောက်နဲ့တစ်ယောက် ရိုင်းရိုင်းစိုင်းစိုင်းပြောရင် မကြိုက်ဘူး။<br><br>ကျောင်းသားများ၏ အကြံဉာဏ်များကို မျှဝေပြီးနောက် ဆရာသည် အတန်းတစ်တန်းလုံး၏ ဆွေးနွေးမှုကို အဆင်ပြေချောမွေ့စေမည် ဖြစ်သည်။<br><br>ဆရာသည် “ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများဇယား” ရှိ အတန်းတွင်း အမူအကျင့်ကောင်းများကို စတင်ပြုစုမည်ဖြစ်သည်။<br><br>ရေးသားထားသောစာကို ကျောင်းသားအားလုံးသည် သဘောတူကြောင်း ဆရာက သေချာစေရမည်။<br><br>ထို့နောက် ရပိုင်ခွင့်များကို မလေးစားပါက (စည်းမျဉ်းစည်းကမ်းကို ဖောက်ဖျက်ပါက) မည်သို့ ဖြစ်မည်ကို ကျောင်းသားများ ဆုံးဖြတ်ရန် ဆရာက ပြောကြားမည်။ |
| **ပြန်လည်သုံးသပ်ခြင်း –**<br><br>ဆွေးနွေးမည့် မေးခွန်းများ | သူငယ်တန်းကျောင်းသားများသည် ပိုမိုရှင်းလင်းပြတ်သားသော နည်းလမ်းများ လိုအပ်နိုင်ပါသည်။ ဆရာသည် မေးခွန်းများကို အကြံပြုနိုင်သည်။ ဥပမာ – အချို့သော အပြုအမူကောင်းများနှင့် ပတ်သက်နိုင်သည်။<br><br>ဥပမာ –<br><br>သူများတွေ စကားပြောနေရင် ငါတို့ဘာလုပ်မလဲ။<br><br>တစ်ခုခုပြောချင်ရင် ဘာလုပ်မလဲ။<br><br>ပထမတန်းနှင့်ဒုတိယတန်းအတွက် အခြားမေးခွန်းများသည် ပညာရေး၊ လူမှုရေး၊ လုပ်ထုံးလုပ်နည်း၊ ယဉ်ကျေးမှုနှင့် ကိုယ်ရေးကိုယ်တာ တာဝန်များ၊ မျှော်လင့်ချက်များနှင့် သက်ဆိုင်နိုင်သည်။<br><br>• လူတိုင်း ဘာလုပ်ရမယ်ဆိုတာ သိအောင် ဘယ်လိုလုပ်မလဲ။<br>• လူတိုင်းရဲ့ စိတ်ကူးတွေကို ဘယ်လိုတန်ဖိုးထားနိုင်မလဲ။<br>• စာသင်ခန်းကို ဘယ်လို သပ်ရပ်အောင် လုပ်မလဲ။<br>• ငါတို့ သူငယ်ချင်းတွေအကြောင်း ဘယ်လိုလေ့လာကြမလဲ။<br>• သင်ယူဖို့ ဘယ်လိုသေချာအောင် လုပ်မလဲ။ |

<table>
<tr>
<td>ဥပမာပေးခြင်း –<br><br>သင်၏အတန်းတွင်း<br>"ရပိုင်ခွင့်များနှင့်<br>တာဝန်ဝတ္တရားများဇယား"<br>နမူနာ</td>
<td>ကျွန်ုပ်တို့ စာသင်ခန်း အသိုင်းအဝိုင်း၏ အလေ့အကျင့်
<table>
<tr><th>ကျွန်ုပ်တို့၏ စာသင်ခန်းတွင်း<br>ရပိုင်ခွင့်များ</th><th>ကျွန်ုပ်တို့၏ စာသင်ခန်းတွင်း<br>တာဝန်ဝတ္တရားများ</th></tr>
<tr>
<td>
<ul>
<li>ကျောင်းသားတိုင်းသည် ၎င်းတို့၏ ဆန္ဒများကို ထုတ်ဖော်ပြောကြားနိုင်သည်။</li>
<li>ကျောင်းသားတိုင်း လုံခြုံသည်ဟု ခံစားရမည်။</li>
<li>ကျောင်းသားတိုင်း၏ ဥစ္စာပစ္စည်းများကို အကာအကွယ် ပေးထားသည်။</li>
<li>ဆရာ့စကားကို ကျောင်းသားတိုင်း ကြားနိုင်ရမည်။</li>
<li>ကျောင်းသားတစ်ဦးချင်းစီကို လေးစားသည်။</li>
</ul>
</td>
<td>
<ul>
<li>ကျွန်ုပ်တို့သည် နူးညံ့သော အသံများကို အသုံးပြုသည်။</li>
<li>ကျွန်ုပ်တို့၏ စာသင်ခန်းထဲတွင် ဖြည်းဖြည်းချင်း သင်ယူ/ရွေ့လျားနေသည်။</li>
<li>ကျွန်ုပ်တို့၏လက်ကို အခြားသူများ၊ မိမိနှင့် မသက်ဆိုင်သည်များကို ပုတ်ခတ်ကိုင်တွယ်ခြင်းမပြုဘဲ ထိန်းသိမ်းစောင့်ရှောက်သည်။</li>
<li>ကျွန်ုပ်တို့သည် အမြင်အာရုံ၊ အကြားအာရုံတို့ဖြင့် ဆရာ့ကို အာရုံစူးစိုက်သည်။</li>
<li>ကျွန်ုပ်တို့သည် ဆရာ့အား လေးစားကြပြီး ကျွန်ုပ်တို့အချင်းချင်းလည်း လေးစားကြသည်။</li>
</ul>
</td>
</tr>
</table>
</td>
</tr>
<tr>
<td>ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်ကို အကဲဖြတ်သုံးသပ်ခြင်း –<br><br>ဤလုပ်ငန်းစဉ်သည် ကျောင်းသားများအား တာဝန်သိပြီး တက်ကြွသော နိုင်ငံသားများ၏ အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်စေရန် မည်ကဲ့သို့ ကူညီပေးမည်နည်း။</td>
<td>စာပိုဒ်တစ်ခုစီသည် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်၏ ဒီမိုကရေစီ အခြေခံသဘောတရားများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းသည်ကို ရှင်းပြပါမည်။ အခြေခံ သဘောတရားများကို ရှင်းလင်းချက်အတွက် ကျောင်းသားကိုင်စာအုပ်ကို ကြည့်ပါ။<br><br>စစ်ဆေးအကဲဖြတ်ချက်သည် ကျောင်းသားများအား ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်နှင့် ပူးပေါင်းလုပ်ဆောင်နိုင်စေရန် မည်ကဲ့သို့ ကူညီပေးသည်နှင့် နိဂုံးချုပ်သင့်သည်။ စာသင်ခန်းအသိုင်းအဝိုင်းကို လေးစား၊ စံနမူနာပြုပြီး ညွှန်ကြားချက်များကို လိုက်နာနိုင်စေရန်၊ ဥပမာအားဖြင့် ကျောင်းသားများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို သိသင့်သည်။</td>
</tr>
</table>

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် –

- အတန်းကို စက်ဝိုင်းပုံစံ ထိုင်စေပါ။ ရောင်စုံစာရွက်တစ်ရွက်စီကို ကျောင်းသား တစ်ဦးစီအား ပေးပါ။
- အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ရေးထားသည့်စာရွက်ကို ကျောင်းသားများအား ညွှန်ပြပါ။ –
  (က) (၃.၁.၃) စာသင်ခန်းနှင့်ကျောင်းအတွင်း ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေး အလေ့အကျင့်ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ ကျင့်သုံးမှုများကို တိုးမြှင့်ဆောင်ရွက်သည်။
  (ခ) (၃.၂.၁) ကျောင်းသားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိရန် သဘောတူ ချမှတ်ထားသော စာသင်ခန်းအတွင်း စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန် ဖန်တီးသည်။ ရှင်းပြသည်။ ပြသထားသည်။ အားဖြည့် ဆောင်ရွက်သည်။
  (ဂ) (၁.၁.၂) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများနှင့် ရပ်ရွာလူထုက ဆရာများအပေါ် မျှော်မှန်းထားသည်များနှင့် ကိုက်ညီသည့် အပြုသဘော ဆောင်သည့် သဘောထားများ၊ တန်ဖိုးထားမှုများ၊ အပြုအမူများကို တစ်သမတ်တည်း ဖော်ပြသည်။
  (ဃ) (၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်များဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။
- အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များထဲမှ စံသတ်မှတ်ချက်တစ်ခုကို ဖွံ့ဖြိုး တိုးတက်လာစေရန် ကူညီပေးမည့် ဤသင်ခန်းစာ၏ အစိတ်အပိုင်းကို ချရေးရန် ကျောင်းသားများကို နှစ်မိနစ်အချိန်ပေးပါ။
- သင်ခန်းစာ (၅.၁.၂) တွင် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) နှင့်ကျောင်းသားများ၏ သင်ကြားမှုဆိုင်ရာဆက်နွှယ်မှုကို ရှင်းပြကြမည့် ကျောင်းသားတစ်ဦးပြီးတစ်ဦးထံ စက်ဝိုင်းပတ် ပတ်၍သွားပါ။
- ကျောင်းသားအချို့က တူညီသော တုံ့ပြန်မှုကို ရေးထားမည်ဆိုလျှင် နောက်ကျောင်းသားတစ်ဦးထံ ဆက်လက်သွားပါ။

- ဤသင်ယူမှုလုပ်ငန်းကို အိမ်စာလုပ်ငန်းအနေဖြင့် အပြီးသတ်လုပ်ဆောင်ရန် သတိပေးခြင်းဖြင့် နိဂုံးချုပ်ပါ။ ၎င်းသည် ကျောင်းသားကိုင်စာအုပ်ထဲတွင် (သို့မဟုတ်) သင်ကြားရေးရင်းမြစ်ဖိုင်တွဲတွင် ပူးတွဲပါရှိလျှင် နောက်သင်ခန်းစာ၏ အဆုံးတွင် တင်ပြရန်အတွက် မိတ္တူကူးယူရန် ကျောင်းသားများအား သတိပေးပြောကြားပါ။

## ၅.၁.၃။ မူလတန်းအောက်ဆင့်တွင် 'စည်းကမ်း' အခန်းကို သင်ကြားခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။
- ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အဘယ်ကြောင့် ရေးဆွဲထားကြောင်း ဆွေးနွေးတတ်မည်ဖြစ်ပြီး ဆရာကျင့်ဝတ်ငါးပါးမှ သာဓကများ ပေးတတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅) သွယ် အပါအဝင် ဆရာ့ အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။

(ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာ အဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှု ပြသသည်။ လေ့လာရန် အချိန်ယူသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – ဒုတိယတန်း ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ မြန်မာအသိုက်အဝန်းတို့နှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲခြင်း

သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် ရေးသားခြင်း – ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲထားကြောင်း ဆွေးနွေးခြင်းနှင့် ဆရာကျင့်ဝတ် ငါးပါးမှ သာဓကများ ပံ့ပိုးပေးခြင်း

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ

ကျောင်းသားများ၏ နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- ကြည့်ရှုလေ့လာခြင်း
- အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း
- ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

မိတ်ဆက်။ မိတ္တူကူးယူခြင်းဆိုင်ရာ အထောက်အကူပစ္စည်းများ ရရှိနိုင်ပါက အကြောင်းအရာ တစ်ခုစီအတွက် လုံလောက်သော တုံ့ပြန်အကြံပြုချက်စာရွက်များ ရရှိနိုင်ရန် (ဤလမ်းညွှန်၏ နောက်ဆက်တွဲ – ၁) ကို မိတ္တူကူးယူပါ။

သင်ယူမှုလုပ်ငန်း (၁)။  ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၅.၁.၃) ကို ဖတ်ရှုပါ။

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၅.၁.၃) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်များ

မိတ်ဆက်။ တုံ့ပြန်အကြံပြုချက်စာရွက်များ (ဆရာလမ်းညွှန် နောက်ဆက်တွဲ ၁)

သင်ယူမှုလုပ်ငန်း (၁)။ ပိုစတာစာရွက်၊ မာကာများ၊ ဘောပင်များ

သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ်များ

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၂၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၁၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားလေးဦး ပါဝင်သော အုပ်စုများ (နှစ်ယောက်တစ်တွဲ နှစ်တွဲ) |

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား လေးဦးစီ ပါဝင်သော အုပ်စုများနှင့် နှစ်ယောက်တွဲ နှစ်တွဲခွဲပါ။ အုပ်စုငယ်များသည် စာသင်ခန်း စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းနှင့် ဒီမိုကရေစီ၏ အခြေခံသဘောတရားများပေါ်တွင် အခြေခံ၍ စစ်ဆေးအကဲဖြတ်ခြင်းအတွက် ဒီမိုကရေစီ လုပ်ငန်းစဉ်ကို ဖန်တီးရန် အတူတကွ လုပ်ဆောင်ကြသူများ ဖြစ်ကြမည် (သင်ခန်းစာ ၅.၁.၂၊ သင်ယူမှုလုပ်ငန်း ၂)။

၂။ အုပ်စုငယ်များအား ၎င်းတို့၏ သင်ယူမှုလုပ်ငန်း လုပ်ဆောင်မှုများကို မျှဝေရန် ညွှန်ကြားပါ။ အုပ်စုငယ်များသည် အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်ပြီး အပြုသဘောဆောင်သော တုံ့ပြန်ချက်များကို ပေးလိမ့်မည် (ဤဆရာလမ်းညွှန်မှ နောက်ဆက်တွဲ ၁ နှင့် ကျောင်းသားကိုင်စာအုပ်ပါ ဇယား ၅.၄ ကို ဖတ်ပါ)။

၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး၏ သင်ကြားရေးရင်းမြစ်များကို ဆန်းစစ်ကာ သင်ကြားရေးရင်းမြစ်က မည်သို့ ရှင်းပြထားသည်ကို ခွဲခြားသိရှိနိုင်လိမ့်မည် –

- သင်ခန်းစာအစပျိုးခြင်း – သင်ယူမှုလုပ်ငန်းတွင် ကျောင်းသားများ စိတ်ဝင်စားမှုရှိစေရန် သင်မည်သို့ လှုံ့ဆော်မည်နည်း။
- သင်ကြားပြသခြင်း – လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကို ရှင်းပြရန် တိကျပြတ်သားသော ညွှန်ကြားချက်များပေးခြင်း။
- လက်တွေ့လုပ်ဆောင်ခြင်း – ကျောင်းသားများနှင့် ဆရာများသည် နှစ်သက်မှုနှင့် မနှစ်သက်မှုများကို ခွဲခြားသိမြင်ရန် မည်သို့လုပ်ဆောင်ကြမည်နည်း။
- ပြန်လည်သုံးသပ်ခြင်း – အတန်းတစ်တန်းလုံး၏ ဆွေးနွေးမှုကို လမ်းညွှန်ရန် ဆွေးနွေးမည့် မေးခွန်း (၅) ခု ကို ဖြေဆိုစေပါ။ ဆွေးနွေးမှုသည် စာသင်ခန်းတွင်း အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဇယားကို ရေးသားပြုစုရန်အတွက် အထောက်အကူဖြစ်ပါသလား။

၃။ ထို့နောက် အောက်ပါအကြောင်းအရာများ ပါဝင်မှု ရှိ/မရှိ ခွဲခြားသတ်မှတ်ရန် လိုအပ်ကြောင်း ထောက်ပြပါ။

- စာသင်ခန်းတွင်းရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများဇယား၏ ဥပမာ
- သင်ယူမှုလုပ်ငန်းစဉ်သည် ကျောင်းသားများကို အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်စေရန် မည်သို့ကူညီပေးမည်ကို ရှင်းပြရန် စာပိုဒ်တိုငါးခု –
  - လူတစ်ဦးချင်းစီနှင့် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်ခွင့်ကို လေးစားခြင်း၊
  - သဘောထားကွဲလွဲမှုနှင့် ဆန့်ကျင်ဘက်အယူအဆများကို လက်သင့်ခံနိုင်ခြင်း၊
  - သာတူညီမျှမှု – လူအားလုံးကို တန်ဖိုးထားပြီး ၎င်းတို့၏ စွမ်းဆောင်ရည် အပြည့်အဝရရှိရန် ၎င်းတို့ကို ပံ့ပိုးပေးခြင်း၊
  - လွတ်လပ်မှု – လူတစ်ဦးစီတွင် လွတ်လပ်စွာ ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ လုပ်ကိုင်ဆောင်ရွက်ခွင့်နှင့် လွတ်လပ်စွာယုံကြည်ခွင့်ရှိခြင်းနှင့်
  - တရားမျှတမှု – လူ့အဖွဲ့အစည်းအတွင်းနှင့် တရားရုံးတွင် လူတိုင်းကို တရားမျှတစွာ ဆက်ဆံခြင်း။[၉]

---

၉ Commonwealth of Australia. (2020).

၄။ အတန်းကို စုစည်းစေပြီး သင်ကြားရေးရင်းမြစ်များတွင် ပြန်လည်သုံးသပ်တွေးခေါ်မှု၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနှင့် ထိရောက်သော ဆက်သွယ်မှုဆိုင်ရာ အချက်များ ပါဝင်သည် ဆိုသည်ကို မေးမြန်းပါ။ ထို့ပြင် သင်ကြားရေးရင်းမြစ်များမှ ပညာရပ်၊ လူမှုရေး၊ လုပ်ထုံးလုပ်နည်း၊ ယဉ်ကျေးမှု၊ ကိုယ်ရေးကိုယ်တာ တာဝန်ဝတ္တရားများ၊ မျှော်မှန်းချက်များနှင့် သက်ဆိုင်သည့် မေးခွန်းများကို မေးမြန်းပါ။

၅။ ပြန်လည်သုံးသပ်တွေးခေါ်မှု၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနှင့် ထိရောက်သော ဆက်သွယ်ပြောဆိုမှုတို့သည် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၏ သင်ကြား၊သင်ယူမှုဆိုင်ရာ ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရမည့် အဓိက တတ်ကျွမ်းမှုများဖြစ်ကြောင်း ထောက်ပြပါ။ သင်ယူမှုလုပ်ငန်းအတွက် စီစဉ်ရာတွင် တာဝန်နှင့်မျှော်မှန်းချက် ငါးခုသည် အရေးကြီးကြောင်း ကျောင်းသားများအား သတိပေးပါ။

**သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – ဒုတိယတန်း ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ မြန်မာလူ့ဘောင်အသိုက်အဝန်းတို့နှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲခြင်း**

| | |
|---|---|
| အချိန် | ၂၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | နှစ်ယောက်တစ်တွဲ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဒုတိယတန်းကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ မြန်မာလူ့ဘောင်အသိုက်အဝန်းနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲရန်ဖြစ်သည်။ ဤသင်ယူမှုလုပ်ငန်းကို နှစ်ယောက်တစ်တွဲ လုပ်ဆောင်ကြရမည်။

၁။ သင်ယူမှုလုပ်ငန်းအတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်ကို အကြမ်းဖျင်း ဖော်ပြပါ။
ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –

- မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။

၂။ ၎င်းတို့ဖန်တီးသည့် သင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများအကြောင်း လေ့လာ သင်ယူရာတွင် ဒုတိယတန်း ကျောင်းသားများအား ကူညီပေးရန်ဖြစ်ကြောင်း ရှင်းပြပါ။ ၎င်းတို့၏ လုပ်ဆောင်မှုများဖြင့် တီထွင်ဖန်တီးနိုင်စေရန်နှင့် ကျောင်းသားများ သင်ယူမှုအတွေ့အကြုံတွင် ပျော်ရွှင်စေရန် တွန်းအားပေးပါ။

၃။ ဤဥပမာကို ရှင်းပြပါ – ဆရာများသည် အုပ်စုလုပ်ငန်းတစ်ခုတွင် အုပ်စုလိုက် လုပ်ဆောင်ရန် ၎င်းတို့၏ ကျောင်းသားများကို စည်းရုံးနိုင်သည်။ အုပ်စုတစ်စုကို စာသင်ခန်း၏ အကြောင်းအရာကို စူးစမ်းလေ့လာစေပြီး စာသင်ခန်းအတွင်းရှိ အခြားကျောင်းသားများအား ပြသရန်နှင့် သင်ကြားရန် ပိုစတာတစ်ခုကို ရေးဆွဲစေပါ။ ဒုတိယအုပ်စုသည် ကျောင်းစည်းမျဉ်းစည်းကမ်းများကို စူးစမ်းလေ့လာပြီး ကျန်အတန်းသားများကို ပြန်လည်သင်ကြား ပြသပေးမည် ဖြစ်သည်။ တတိယအုပ်စုသည် မြန်မာလူ့ဘောင် အသိုက်အဝန်း၏ စည်းမျဉ်း စည်းကမ်းအချို့ကို ဖော်ထုတ်မည်ဖြစ်သည်။ သင်ယူမှုလှုပ်ရှားမှု (သို့မဟုတ်) ဆရာ့အကူအညီဖြင့် ပွဲပိုးရန်အတွက် မိဘများအား စည်းရုံးရန် အကြံပြုပါ။

၄။ ကျောင်းသားများအား လူမှုအသိုက်အဝန်းနှင့် ပတ်သက်သည့် အတွေးအမြင်များကို ထည့်သွင်းစဉ်းစားရန် အားပေးပါ။ ဥပမာအားဖြင့် ကျောင်းနှင့် ရပ်ရွာကိုယ်စားလှယ် များကို ကျောင်းသားများနှင့် ဆွေးနွေးရန် ဖိတ်ကြားနိုင်ကြောင်းပြောပြပါ။ ရပ်ရွာ (သို့မဟုတ်) ကျောင်းကိုယ်စားလှယ်များအား တွေ့ဆုံမေးမြန်းရန်အတွက် ၎င်းတို့၏ ကျောင်းသားများအား မေးခွန်းများပြင်ဆင်နည်းကို သင်ကြားပေးမည် ဖြစ်သည်။

၅။ သင်ယူမှုလုပ်ငန်း လုပ်ဆောင်ချက်ကို ၎င်းတို့၏ သင်ကြားရေးရင်းမြစ်ဖိုင်တွဲများတွင် ထည့်သွင်းနိုင်ကြောင်း (သို့မဟုတ်) ကျောင်းသားကိုင်စာအုပ်ရှိ ဇယား (၅.၅) တွင် ထည့်သွင်းနိုင်ကြောင်း ထပ်လောင်းပြောဆိုပါ။ ဖန်တီးထားသော လုပ်ဆောင်ချက်တိုင်းတွင် အောက်ပါတို့ ပါဝင်စေရပါမည်။

- သင်ခန်းစာအစပျိုးခြင်း – သင်ယူမှုလုပ်ငန်းတွင် ကျောင်းသားများ၏ စိတ်ဝင်စားမှုကို မည်သို့လှုံ့ဆော်မည်နည်း။
- သင်ယူမှုရည်ရွယ်ချက် – ဒုတိယတန်း “စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း”[၁၀]
- သင်ကြားပြသခြင်း – ဝေါဟာရများ၏ အဓိပ္ပာယ်ကို ရှင်းပြရန် တိကျပြတ်သားစွာ ညွှန်ကြားခြင်း။
- လက်တွေ့လုပ်ဆောင်ခြင်း – ကျောင်းသားများသည် မည်သည်တို့ကို လုပ်ဆောင်ကြမည်နည်း။ အုပ်စုဖွဲ့သည့် နည်းလမ်းများကို ရှင်းပြပါ။ အလုပ်နမူနာများသည် မည်သည့်ပုံစံဖြစ်ပြီး ကျောင်းသားများက သဘောတရားများအား နားလည်ကြောင်းကို ဆရာက မည်သို့သိရှိနိုင်မည်နည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုများ ဆွေးနွေးသည့် အကြံဉာဏ်များကို နားထောင်၍ ၎င်းတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ သင်ခန်းစာအဆုံး၌ အုပ်စုများအား ၎င်းတို့၏ သင်ကြားရေးရင်းမြစ်များကို ပြသသည့်အခါတွင်လည်း စစ်ဆေးနိုင်သည်။ သင်ခန်းစာ (၅.၁.၄) ပြီးသည့်နောက် ကျောင်းသားများ၏ လုပ်ဆောင်မှုများကို ပြန်လည်သုံးသပ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဆရာလမ်းညွှန် ဇယား (၅.၅) သည် ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်း လုပ်ဆောင်မှုအစီအစဉ်၏ ကဏ္ဍတစ်ခုစီတွင် ရှာဖွေရမည့်အချက်အချို့ကို အကြမ်းဖျင်းဖော်ပြထားသည်။ ကျောင်းသားများသည် စာသင်ခန်း၊ ကျောင်း (သို့မဟုတ်) မြန်မာလူ့ဘောင်အသိုက်အဝန်းနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ သင်ကြားမှုကို အာရုံစိုက်နိုင်သောကြောင့် ဤသင်ယူမှုလုပ်ငန်း လုပ်ဆောင်ချက်အတွက် မှန်ကန်သည့် တစ်ခုတည်းသောအဖြေဟူ၍

---

၁၀ Department of Basic Education. (n.d., p. 4).

မရှိပါ။ ကျောင်းသားများတွင် မတူညီသော နည်းလမ်းများ ရှိကောင်းရှိနိုင်သည်။ အကြောင်းအရာသည် သင်ခန်းစာ (၅.၁.၃) နှင့် ယခင်သင်ခန်းစာများအပေါ် အခြေခံရန် လိုအပ်ပါသည်။

**ဆရာလမ်းညွှန် ဇယား ၅.၅။ ဒုတိယတန်း ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ မြန်မာလူ့ဘောင် အသိုက်အဝန်းတို့နှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲခြင်း**

| | |
|---|---|
| **သင်ခန်းစာအစပျိုးခြင်း –**<br><br>စိတ်ဝင်စားမှုကိုရရှိရန် မည်သို့ လှုံ့ဆော်ပေးမည်နည်း။ | ကျောင်းသားများသည် ၎င်းတို့၏ဘဝနှင့်ဆက်စပ်သော ပုံပြင် (သို့မဟုတ်) စာသင်ခန်း အတွေ့အကြုံများကို အကြံပြုနိုင်သည်။ သို့တည်းမဟုတ် ကျောင်းသားများက ကျောင်းအဖွဲ့ဝင် (သို့မဟုတ်) မြန်မာလူ့ဘောင်အသိုက်အဝန်းမှ ကျောင်းသားများအား လာရောက်၍ ဟောပြောရန် ဖိတ်ကြားနိုင်သည်။ |
| **ဒုတိယတန်းအတွက် သင်ယူမှု ရည်မှန်းချက်များ** | ဒုတိယတန်းအတွက် "စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း"[၁၁] (သို့မဟုတ်) ကျောင်းသားများက ၎င်းတို့၏ ကိုယ်ပိုင် သင်ကြားရေး ရည်မှန်းချက်များကို ရေးနိုင်သည်။) |
| **သင်ကြားပြသခြင်း –**<br><br>ဝေါဟာရများ၏ အဓိပ္ပာယ်ကို ရှင်းပြရန် အသေးစိတ်ညွှန်ကြားချက်များ | ဤအပိုင်းတွင် သင်ခန်းစာ၏ ရည်ရွယ်ချက်နှင့် စာသင်ခန်း၊ ကျောင်း (သို့မဟုတ်) မြန်မာလူ့ဘောင်အသိုက်အဝန်းနှင့် သက်ဆိုင်သည့် ဝေါဟာရများ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။ |
| **လက်တွေ့လုပ်ဆောင်ခြင်း –**<br><br>ကျောင်းသားများ မည်သည်ကို လုပ်ဆောင်ကြမည်နည်း။<br><br>ဆရာက မည်သည်ကို လုပ်ဆောင်မည်နည်း။<br><br>အုပ်စုဖွဲ့သည့် နည်းလမ်းများ<br><br>နားလည်မှုကို စစ်ဆေးခြင်း | ဤအပိုင်းကို အချက်အလက်များ (bullet point) အနေဖြင့် ရေးသားနိုင်သည်။<br><br>ကျောင်းသားနှင့်ဆရာတို့ မည်သည်တို့ကို လုပ်ဆောင်မည်ကို ရှင်းပြရမည်။ အုပ်စုဖွဲ့သည့် နည်းလမ်းများကိုလည်း အကြမ်းဖျင်းဖော်ပြရမည်။<br><br>သင်ခန်းစာ၏ အကြောင်းအရာနှင့်ပတ်သက်၍ ကျောင်းသားများ နားလည်မှုရှိ/မရှိ မည်သို့စစ်ဆေးမည်ကို ရှင်းပြသည့်အချက် အနည်းဆုံးတစ်ချက် ရှိသင့်သည်။ |

## သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် ရေးသားခြင်း – ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အဘယ်ကြောင့် ရေးဆွဲထားကြောင်း ဆွေးနွေးခြင်းနှင့် ဆရာကျင့်ဝတ် ငါးပါးမှ သာဓကများ ပံ့ပိုးပေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း |

၁၁ Department of Basic Education. (n.d., p. 4).

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအား အဘယ်ကြောင့် ရေးဆွဲထားကြောင်းကို ကျောင်းသားများ ပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။ ထို့နောက် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ၎င်းတို့၏ သင်ကြားမှုအခန်းကဏ္ဍနှင့် တာဝန်များကြား ဆက်နွှယ်မှုကို ညွှန်ပြရန် မြန်မာဆရာများ၏ ကျင့်ဝတ်ငါးပါးမှ ဥပမာများကို တင်ပြရန်ဖြစ်သည်။

ဤသင်ယူမှုလုပ်ငန်းအတွက် လမ်းညွှန်ချက်အဖြစ် အောက်ပါအဆင့်များကို လုပ်ဆောင်ပါ။

၁။ ဤသင်ယူမှုလုပ်ငန်းအတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်ကို အကြမ်းဖျင်း ဖော်ပြပါ။

ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –

- ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အဘယ်ကြောင့် ရေးဆွဲထားကြောင်း ဆွေးနွေးတတ်မည်ဖြစ်ပြီး ဆရာကျင့်ဝတ်ငါးပါးမှ သာဓကများ ပေးတတ်မည်။

၂။ ဤသင်ယူမှုလုပ်ငန်းအတွက် ကျောင်းသားများအား တီထွင်ကြံဆပြီး ပြန်လည်သုံးသပ် တွေးခေါ်ရန် အားပေးပါ။ ဤသင်ယူမှုလုပ်ငန်းကို အဆင့် (၃) ဆင့်ဖြင့် လုပ်ဆောင်နိုင်ကြောင်း အကြံပြုပါ။ ပထမဦးစွာ စာသင်ခန်းများ၊ ကျောင်းများနှင့် လူမှုအဖွဲ့အစည်းများတွင် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းများကို အဘယ်ကြောင့် ရေးဆွဲထားကြောင်း ရှင်းပြရန် စာပိုဒ်တစ်ခုရေးခိုင်းပါ။ ဒုတိယအနေဖြင့် မိမိ၏ကိုယ်ပိုင်စည်းမျဉ်း ကဲ့သို့သော အယူအဆတစ်ခုကို ရွေးချယ်စေပါ။ ဤစာပိုဒ်တွင် ၎င်းတို့သည် မိမိတို့၏ကိုယ်ပိုင် စည်းမျဉ်းနှင့် ယင်းသည်မည်သည်ကို ဆိုလိုသည်ကို ဥပမာတစ်ခုပေး၍ ဆွေးနွေးရန် ဖြစ်သည်။

၃။ ထို့နောက် တတိယအပိုဒ်တွင် မြန်မာဆရာများ၏ ဆရာကျင့်ဝတ်ငါးပါးမှ သာဓကများနှင့် စပ်လျဉ်းသည့် မိမိတို့၏ ကိုယ်ပိုင်စည်းမျဉ်းကို နားလည်သဘောပေါက်လာစေရန် ကျောင်းသားများအား မည်ကဲ့သို့ ကူညီပံ့ပိုးပေးမည်ကို ဆွေးနွေးကြရမည် ဖြစ်သည်။

၄။ ကျောင်းသားများသည် မိမိတို့၏ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် (သို့မဟုတ်) လေးထောင့်ကွက် (၅.၅) တွင် စာပိုဒ်သုံးပိုဒ်ကို မိမိတို့၏ ကျောင်းသားကိုင် စာအုပ်များတွင် ရေးပေးရမည်ဖြစ်ကြောင်း ပြောပြပါ။

## ဆရာ့မှတ်စု

သင်ယူမှုလုပ်ငန်း လုပ်ဆောင်မှုမပြီးသေးသော ကျောင်းသားများကို အိမ်စာလုပ်ငန်း အချိန်တွင် ပြီးစီးအောင်လုပ်ဆောင်ရန် တိုက်တွန်းအားပေးပါ။

နောက်သင်ခန်းစာပြီးလျှင် ပြန်လည်သုံးသပ်နိုင်သည်။ ကျောင်းသားများသည် လေးထောင့်ကွက် (၅.၅) ၏ မိတ္တူကို တင်ပြနိုင်သည်။ ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ် (သို့မဟုတ်) ၎င်းတို့၏ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ခန်းစာ (၅.၁.၄) သင်ယူပြီးနောက် ကျောင်းသားများ၏ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ်များကို ဖတ်သောအခါ ၎င်းတို့၏နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ယူမှုလုပ်ငန်းအတွက် အဖြေမှန်သည် တစ်ခုမကရှိနိုင်ပါသည်။ သို့သော် အဖြေများတွင် –

စည်းကမ်းများနှင့်လမ်းညွှန်ချက်များသည် လူတစ်ဦးချင်းစီမှ ချမှတ်ထားသော လမ်းညွှန်ချက်များဖြစ်ပြီး ဥပဒေများသည် အုပ်ချုပ်ရေးအာဏာပိုင်မှ ရေးဆွဲပြဋ္ဌာန်းထားသော လမ်းညွှန်ချက်များ ဖြစ်သည်။[၁၂] အဖွဲ့အစည်းနှင့် ပါဝင်သူများကို ဘေးကင်းလုံခြုံစေရန် အတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသည်။ ဥပမာအားဖြင့် ကျောင်းသည် ကျောင်း၊ ဝန်ထမ်းများနှင့် ကျောင်းသားများကို ဘေးကင်းလုံခြုံစေရန်အတွက် စည်းမျဉ်းစည်းကမ်းများ

၁၂ https://www.ruleoflaw.org.au/primary-school-education/

ချမှတ်ထားသည်။ လူ့အဖွဲ့အစည်းကို ဘေးကင်းလုံခြုံစေရန်နှင့် စည်းစနစ်တကျ ရှိစေရန်အတွက် ဥပဒေများ၊ ဥပမာအားဖြင့် ကားမောင်းနှင်ခြင်းဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများကို ဥပဒေများရေးဆွဲသည့် အုပ်ချုပ်ရေးအဖွဲ့မှ ချမှတ်ပြဋ္ဌာန်းသည်။ စည်းမျဉ်းများသည် အသေးစိတ်အချက်များနှင့် ဥပဒေ၏ လုပ်ထုံးလုပ်နည်းများကို ဖော်ပြလေ့ရှိသည်။ ဥပမာအားဖြင့် အမျိုးသားပညာရေးဥပဒေ[၁၃] စာတမ်းတွင် ဥပဒေကို လိုက်နာရန် လိုအပ်ချက်များ ဖြစ်သည့် စည်းမျဉ်းများစွာကို ဖော်ပြထားသည်။

တက်ကြွပြီး တာဝန်သိသော နိုင်ငံသားတစ်ဦးအနေဖြင့် ကျောင်းသားများသည် ၎င်းတို့၏ စိတ်ခံစားမှုနှင့် အပြုအမူများကို ကိုယ်တိုင်ထိန်းကျောင်းနိုင်မည်ဟု မျှော်လင့်ပါသည်။ ဥပမာအားဖြင့် စာသင်ခန်းတစ်ခုတွင် ကျောင်းသားများသည် စိတ်ခံစားမှုအမျိုးမျိုးကို တွေ့ကြုံခံစားရလိမ့်မည်။ ၎င်းတို့၏ စိတ်ခံစားမှုများက ၎င်းတို့၏ အပြုအမူနှင့် သင်ယူလိုစိတ်အပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။[၁၄] ဆရာသည် ကျောင်းသားများ၏ သင်ယူမှုကို ပံ့ပိုးရန် လိုအပ်ပြီး ၎င်းတို့၏ စိတ်ခံစားမှုနှင့် အပြုအမူ ထိန်းညှိနည်းကို နားလည်စေရန်၊ ရွေးချယ်မှုများအား မည်သို့မွမ်းမံမည်ကို နားလည်ရန် လိုအပ်ပါသည်။[၁၅] ကျောင်းသားများအား မိမိကိုယ်ကို ထိန်းကျောင်းခြင်းနည်းဖြင့် ကူညီပေးခြင်းသည် မြန်မာဆရာများ၏ ဆရာကျင့်ဝတ် ငါးပါးမှ ပထမကျင့်ဝတ်နှင့် ကိုက်ညီသည် – ကျောင်းသားများကို စည်းကမ်းရှိအောင် သင်ကြားပေးရန်ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| အချိန် | ၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁၃ The Government of the Republic of the Union of Myanmar. (2014).

၁၄ Pekrun, R. (2014).

၁၅ Pekrun, R. (2014).

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် –

- တစ်တန်းလုံးအား စုဝေးစေပါ။
- ဒုတိယတန်းကျောင်းသားများနှင့် ကိုက်ညီဆီလျော်သည့် နည်းလမ်းဖြင့် စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာနှင့် သက်ဆိုင်သော ဥပဒေ၊ စည်းကမ်းများနှင့်စည်းမျဉ်းများ စသည့် ဝေါဟာရများကို ရှင်းပြရာတွင် လွယ်ကူမှု ရှိ/မရှိကို မေးမြန်းပါ။
- ၎င်းတို့၏ သင်ကြားရေးရင်းမြစ်များကို မျှဝေရန် ကျောင်းသားများကို တိုက်တွန်းအားပေးပါ။ ၎င်းတို့၏ ရင်းမြစ်များကို အတန်းအားမျှဝေရန် ကျောင်းသားအုပ်စု လေးစုကို ဖိတ်ခေါ်ပါ။
- ကျောင်းသားများ မျှဝေထားသော ရင်းမြစ်များအကြောင်းနှင့် ၎င်းတို့၏ အနာဂတ်သင်ကြားမှုတွင် ဤရင်းမြစ်များသည် မည်ကဲ့သို့ အထောက်အကူဖြစ်စေမည်ကို မျှဝေရန် ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးကို ဖိတ်ခေါ်ပါ။

## ၅.၁.၄။ အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံမှု

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းမှာ မည်သည်ကို ဆိုလိုကြောင်း ဆွေးနွေးတတ်မည်။
- မူလတန်းအောက်ဆင့် ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။
- ဆရာများနှင့် မူလတန်းကျောင်းသားများအတွက် ဘေးကင်းလုံခြုံပြီး စိတ်ချယုံကြည်ရသော အွန်လိုင်းလုပ်ဆောင်ပုံများကို လမ်းညွှန်ပေးသည့် ရင်းမြစ်များကို စုစည်းတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၂.၃) မီဒီယာ (media) နှင့် သတင်းအချက်အလက်များဆိုင်ရာ (information literacy) အခြေခံသဘောတရား အယူအဆများနှင့် မူများကို နားလည်ကြောင်း ဖော်ပြ၊ သရုပ်ပြသည်။

(ခ) (၁.၁.၂) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများနှင့် ရပ်ရွာလူထုက ဆရာများအပေါ် မျှော်မှန်းထားသည်များနှင့် ကိုက်ညီသည့် အပြုသဘောဆောင်သည့် သဘောထားများ၊ တန်ဖိုးထားမှုများ၊ အပြုအမူများကို တစ်သမတ်တည်း ဖော်ပြသည်။

(ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန် အချိန်ယူသည်။

(ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ တွေး–တွဲ–မျှဝေ သင်ယူခြင်း – သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်း ဆိုသည်မှာ မည်သည်ကို ဆိုလိုကြောင်း ဆွေးနွေးခြင်း

သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – မူလတန်းအောက်ဆင့် ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူ့ကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် အင်ဖိုဂရပ်ဖစ်လုပ်ငန်းတစ်ရပ်ကို ဖန်တီးရေးဆွဲခြင်း

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ

ကျောင်းသားများ၏ နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- ကြည့်ရှုလေ့လာခြင်း
- အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း
- ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်၏ သင်ခန်းစာ (၅.၁.၄) ကို ဖတ်ရှုပါ။

မိတ်ဆက်။ ပိုစတာစာရွက်၊ မာကာများနှင့် ဘောပင်များကို စာသင်ခန်းရှေ့တွင် ထားပါ။

သင်ယူမှုလုပ်ငန်း (၁)။ တွေး–တွဲ–မျှဝေ သင်ယူခြင်းအတွက် အတန်းကို ပြင်ဆင်ပါ။

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားများကို ပြသရန် အင်ဖိုဂရပ်ဖစ်များ (သို့မဟုတ်) အချက်အလက် ပိုစတာများ၏ နမူနာများကို ရှာပါ။

## လိုအပ်သော ရင်းမြစ်များ

မိတ်ဆက်။ ပိုစတာစာရွက်နှင့် မာကာများ

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်များ

သင်ယူမှုလုပ်ငန်း (၂)။ ပိုစတာစာရွက်၊ မာကာများနှင့် ဘောပင်များ

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| အချိန် | ၁၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ကျောင်းသားတစ်ဦးစီတွင် ပိုစတာစာရွက်တစ်ရွက်နှင့် ရောင်စုံမာကာအချို့ ရှိနေပါစေ။

၂။ ကျောင်းသားများကို မျက်လုံးမှိတ်ပြီး တွေးတောစဉ်းစားကြည့်ရန် ပြောကြားပါ။ နူးညံ့သိမ်မွေ့သောလေသံဖြင့် “သင်သည် စာသင်ခန်း၊ ကျောင်းတွင် (သို့မဟုတ်) ရပ်ရွာတွင် မလုံခြုံသော အချိန်ရှိသလား” ဟုမေးပါ။ ဤအတွေ့အကြုံသည် အွန်လိုင်းပေါ်တွင်လည်း ဖြစ်နိုင်သကဲ့သို့ အွန်လိုင်းပေါ်တွင် မဟုတ်ခြင်းလည်း ဖြစ်နိုင်သည်။

၃။ ထို့နောက်မေးခွန်းများမေးပါ – “မင်းရဲ့ခံစားချက်တွေကို အခြားတစ်ယောက်ယောက်နဲ့ ဝေမျှခဲ့သလား။ မင်းရဲ့ခံစားချက်တွေကို ဝေမျှဖို့ ကူညီပေးခဲ့သလား။ မင်းဘယ်သူနဲ့ စကားပြောခဲ့တာလဲ။”

၄။ မျက်လုံးဖွင့်ပြီး စာရွက်တစ်ရွက်ပေါ်ရှိ လက်တစ်ဖက်ကို ပုံကြမ်းကူးရန် ၎င်းတို့ကို ညွှန်ကြားပါ။ လက်ချောင်းတစ်ချောင်းချင်းစီတွင် ၎င်းတို့ယုံကြည်ရသည့် သူများကို ရေးသားစေပါ။ ယုံကြည်စိတ်ချရသည့်သူနှင့်ပတ်သက်သော အကြောင်းအရာကို စဉ်းစားရန် အကြံပြုပါ။ ဥပမာအားဖြင့် သူတို့က ကောင်းကောင်းနားထောင်သလား၊ မင်းကို ယုံသလား၊ လေးစားမှုရှိသလား စသဖြင့် မေးမြန်းပါ။ ထိုသူ၏ အရည်အသွေးကို ရှင်းပြသည့် လက်ချောင်းဘေးတွင် စကားလုံးတစ်လုံး ရေးသားရန် ကျောင်းသားများကို တိုက်တွန်းပါ။

၅။ ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးကို ၎င်းတို့၏ ပိုစတာနှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကွန်ရက်အဖြစ် သတ်မှတ်ခံရသူများ၏ အရည်အသွေးများအကြောင်းကို အတန်းအား ပြန်လည်ရှင်းပြရန် ဖိတ်ခေါ်ပါ။

## သင်ယူမှုလုပ်ငန်း (၁)။ တွေး–တွဲ–မျှဝေ သင်ယူခြင်း – သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်း ဆိုသည်မှာ မည်သည်ကို ဆိုလိုကြောင်းဆွေးနွေးခြင်း

| အချိန် | ၁၅ မိနစ် |
| --- | --- |
| စာသင်ခန်းဖွဲ့စည်းပုံ | နှစ်ယောက်တစ်တွဲ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်း၏ အဓိပ္ပာယ်ဆိုလိုရင်းကို ကျောင်းသားများက အကြံဉာဏ်များ မျှဝေရန်ဖြစ်သည်။

လမ်းညွှန်ချက်များ –

၁။ ဤသင်ယူမှုလုပ်ငန်း လုပ်ဆောင်ရန်အတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်ကို အကြမ်းဖျင်း ဖော်ပြပါ။
ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –
- သူငယ်တန်းမှ ဒုတိယတန်း ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းမှာ မည်သည်ကို ဆိုလိုကြောင်း ဆွေးနွေးတတ်မည်။

၂။ သူငယ်တန်း၊ ပထမတန်း (သို့မဟုတ်) ဒုတိယတန်း ကျောင်းသားများ အသုံးပြုနိုင်သည့် အွန်လိုင်းပတ်ဝန်းကျင်များအကြောင်းကို ခေတ္တရပ်၍ စဉ်းစားရန် ကျောင်းသားများကို ပြောကြားပါ။ နည်းပညာကို မည်ကဲ့သို့အသုံးပြုကြမည်နည်း။ ပြီးလျှင် ၎င်းတို့ကို မည်သည့်အန္တရာယ် ဖြစ်စေနိုင်သနည်း။

၃။ ကျောင်းသားများအား ၎င်းတို့နှင့် များသောအားဖြင့် အလုပ်အတူတွဲ၍ လုပ်လေ့မရှိသော ကျောင်းသားတစ်ဦးနှင့် တွဲ၍လုပ်ရန် ညွှန်ကြားပါ။ ရှုထောင့်များစွာကို လေ့လာရန် အထောက်အကူဖြစ်စေကြောင်းကို ရှင်းပြပြီး မတူကွဲပြားသော လူများနှင့် အလုပ်အတူတွဲ၍ လုပ်ဆောင်ခြင်းက မတူကွဲပြားသောအမြင်များကို နားလည်ရန် ကူညီပေးကြောင်းပြောပြပါ။

၄။ ထို့နောက် သူငယ်တန်းမှဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်တွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းဆိုသည်မှာ မည်သည်ကို ဆိုလိုကြောင်း ဆွေးနွေးရန် ကျောင်းသားများကို တိုက်တွန်းပါ။ အတန်းနှင့်မျှဝေရန် အတွက် အရေးကြီးသော အချက်များကို ချရေးရန် ၎င်းတို့ကို ညွှန်ကြားပါ။

၅။ ဆယ်မိနစ်ကြာပြီးနောက် တစ်တန်းလုံးကို ပြန်လည်စုဝေးစေပါ။ အခန်းတစ်ခန်းလုံးကို လှည့်လည်သွားလာပြီး အုပ်စုတစ်စုစီကို ၎င်းတို့သတ်မှတ်ထားသော အရေးကြီးသည့် အချက်သည် အဘယ်ကြောင့် အရေးကြီးကြောင်းကိုမေးပါ။ (အကောင်းဆုံးမှာ၊ ဆွေးနွေးမှု၏ အဆုံးတွင် ထိုအချက်ကို ဖော်ပြထားခြင်းမရှိပါက ဆရာ၏ အခန်းကဏ္ဍကို အုပ်စုတစ်စုက စံနမူနာပြအဖြစ် ထောက်ပြနိုင်သည်။)

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများ၏ အကြံဉာဏ်များကို နားထောင်သည့်အချိန်နှင့် အတန်းတစ်ခုလုံးဆွေးနွေးမှုတွင် အရေးကြီးသော အချက်များကို မျှဝေသည့်အချိန်တွင် ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ယူမှုလုပ်ငန်းအတွက် အဖြေမှန်သည် တစ်ခုမကရှိနိုင်ပါသည်။ အကြောင်းအရာသည် သင်ခန်းစာ (၅.၁.၄) (သို့မဟုတ်) မိမိ၏အတွေ့အကြုံအပေါ်တွင် အခြေခံရန် လိုအပ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – မူလတန်းအောက်ဆင့်ကျောင်းသားများသည် ဘေးကင်းလုံခြုံမှု မရှိကြောင်းခံစားရလျှင် မည်သူ့ကို ပြောပြသင့်ကြောင်း သတ်မှတ် ဖော်ထုတ်နိုင်သည့် အင်ဖိုဂရပ်ဖစ်လုပ်ငန်း တစ်ရပ်ကို ဖန်တီးရေးဆွဲခြင်း

| အချိန် | ၂၀ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်ဦးချင်း |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေနှင့် သင်ကြား၊သင်ယူမှု နည်းလမ်းတစ်ခုကို ဖန်တီးရေးဆွဲရန်ဖြစ်ပြီး သူငယ်တန်း၊ ပထမတန်း (သို့မဟုတ်) ဒုတိယတန်း ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူ့ကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ရန်ဖြစ်သည်။

၁။ ဤသင်ယူမှုလုပ်ငန်း လုပ်ဆောင်ချက်တွင် သင်ကြားရေးရင်းမြစ် အင်ဖိုဂရပ်ဖစ် ပိုစတာတစ်ခု ဖန်တီးခြင်းပါဝင်ကြောင်း ကျောင်းသားများအား ရှင်းပြပါ။ အင်ဖိုဂရပ်ဖစ်များ (Infographics) သည် ပုံများ (ဂရပ်ဖစ်) နှင့် စကားလုံးများပါရှိသော ပိုစတာများဖြစ်သည်။ သို့သော် ရှည်လျားသော စာကြောင်းများမဟုတ်ဘဲ အချက်အလက်များသာ ပါရှိသည်။ ပိုစတာသည် သတင်းအချက်အလက်နှင့် ရည်ရွယ်ချက်များ ပါရှိရန် လိုအပ်သည်။ ၎င်းသည် အခြေခံပညာမူလတန်း ကျောင်းသားများအတွက် ၎င်းတို့၏ ဘေးကင်းရေးကွန်ရက်ကို ခွဲခြားသတ်မှတ်သည့် သင်ယူမှုလုပ်ငန်းတစ်ရပ်ဖြစ်သည်။

၂။ အောက်ဖော်ပြပါ သင်ယူမှုရလဒ်များကို အကြမ်းဖျင်းဖော်ပြပါ။
ဤသင်ခန်းစာပြီးဆုံးသောအခါ ကျောင်းသားများသည် –

- မူလတန်းအောက်ဆင့် ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။
- ဆရာများနှင့် မူလတန်းကျောင်းသားများအတွက် ဘေးကင်းလုံခြုံပြီး စိတ်ချယုံကြည်ရသော အွန်လိုင်းလုပ်ဆောင်ပုံများကို လမ်းညွှန်ပေးသည့် ရင်းမြစ်များကို စုစည်းလာနိုင်မည်။

၃။ မူလတန်းအောက်ဆင့် ကျောင်းသားများသည် အွန်လိုင်းတွင် မည်သို့ဆက်သွယ်နေကြပုံကို သရုပ်ဖော်ရန် ပိုစတာတွင် ပုံများပါရှိရန် လိုအပ်ကြောင်း ထပ်မံပြောကြားရန်ဖြစ်သည်။ ဤအပြန်အလှန်တုံ့ပြန်မှုသည် ဂိမ်းဆော့ခြင်း၊ လူမှုမီဒီယာ (သို့မဟုတ်) စာတိုပေးပို့ခြင်း စသည်တို့မှတစ်ဆင့် ဖြစ်နိုင်ကြောင်း ကျောင်းသားများအား ပြောကြားပါ။

၄။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏ဘေးကင်းလုံခြုံသည့် ကွန်ရက်ကို မည်သို့ ခွဲခြားနိုင်ကြောင်းကို ပြသရန်ဖိတ်ခေါ်ပါ။ ကျောင်းသားငယ်များအတွက် အမြင်အာရုံကို ဆွဲဆောင်မှုရှိစေရန် ဖန်တီးနိုင်စွမ်းကို အားပေးပါ။

၅။ ဆရာများနှင့် မူလတန်းကျောင်းသားများအတွက် ဘေးကင်းလုံခြုံပြီး စိတ်ချယုံကြည်ရသော အွန်လိုင်းလုပ်ဆောင်ပုံများကို လမ်းညွှန်ပေးသည့် ရင်းမြစ်နှစ်ခုကို ရှာဖွေပြီး မှတ်တမ်းတင်ရန် ကျောင်းသားများကို ညွှန်ကြားပါ။ ရင်းမြစ်ရှာဖွေရန် ၎င်းတို့သည် အင်တာနက်ကို အသုံးပြုရပေမည်။ ချိတ်ဆက်လင့်ခ် (သို့မဟုတ်) အချက်အလက်သည် ပိုစတာ၏ အောက်ခြေတွင် ရှိနေရမည်ဖြစ်သည်။ ရင်းမြစ်များသည် ကျောင်းမူဝါဒ (သို့မဟုတ်) အင်တာနက်ပေါ်တွင် ၎င်းတို့တွေ့ရှိသည့် အချက်အလက်ဆိုင်ရာ ရင်းမြစ်များ ဖြစ်နိုင်သည်။

၆။ ပိုစတာသည် အမြင်အာရုံကို ဆွဲဆောင်နိုင်မှုရှိပြီး ရည်ရွယ်ချက်ရှိရန် လိုအပ်ကြောင်း ထောက်ပြသည်။ ၎င်းတို့၏ အနာဂတ်စာသင်ခန်းများတွင် အင်ဖိုဂရပ်ဖစ်ပိုစတာများကို ပြသနိုင်စေရန် လုပ်ဆောင်ချက်ကို အကျိုးရှိစေရန် လုပ်ဆောင်စေပါ။ ဥပမာ– အွန်လိုင်းတွင် ဘေးကင်းလုံခြုံပြီး စိတ်ချယုံကြည်ရသော ခံစားချက်အကြောင်း သင်ကြားသည့်အခါ ပိုစတာကို အသုံးပြုပါ။

**ဆရာ့မှတ်စု**

ပိုစတာမပြီးသေးသော ကျောင်းသားများကို အိမ်စာလုပ်ငန်းလုပ်ဆောင်ရန် အချိန်တွင် ပြီးစီးအောင် လုပ်ဆောင်ရန် တိုက်တွန်းအားပေးပါ။ နောက်သင်ခန်းစာပြီးသည့်အခါ ပြန်လည်၍ သုံးသပ်နိုင်ပါသည်။

ပိုစတာကို တင်ပြရန်အတွက် မိတ္တူကူးယူထားပြီး ၎င်းတို့ဖန်တီးထားသော ပိုစတာ မူရင်းကို တင်သွင်းနိုင်သည်။ ထို့နောက် ၎င်းတို့၏ သင်ကြားရေးရင်းမြစ် ဖိုင်တွဲများတွင် ပိုစတာများကို ထည့်သွင်းနိုင်သည်။


## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ သရုပ်ဖော်ပုံ ပိုစတာများကို ပြန်လည်ဆန်းစစ်ခြင်းဖြင့် ၎င်းတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ယူမှုလုပ်ငန်းအတွက် အဖြေမှန်သည် တစ်ခုမကရှိနိုင်ပါသည်။ အကြောင်းအရာသည် သင်ခန်းစာ (၅.၁.၄) ကို အခြေခံရန် လိုအပ်ပြီး အမြင်အာရုံတွင် ဆွဲဆောင်မှုရှိရန် လိုအပ်သည်။ သတင်းစကား (message) ပို့ရန်အတွက် ပုံများကို အသုံးပြုရန် လိုအပ်သည်။ ဥပမာတစ်ခုကို ဆရာလမ်းညွှန် လေးထောင့်ကွက် (၅.၁) တွင် ဖော်ပြထားသည်။ သို့ရာတွင် ကျောင်းသားများအား မြန်မာဘာသာနှင့် သက်ဆိုင်သော ရင်းမြစ်များသို့ ချိတ်ဆက်လင့်ခ်များ ပေးထားခြင်း ကဲ့သို့သော အချက်အလက်များ ပိုမိုပါဝင်နိုင်သည်။

## ဆရာလမ်းညွှန် လေးထောင့်ကွက် ၅.၁။ အင်ဖိုဂရပ်ဖစ် (Inforgraphic) တစ်ခုအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသည့် အဖြေများ












kids-help-online website

Cyberbullying: What teachers and schools can do website

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| အချိန် | ၅ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် –

- ကျောင်းသားများအား အတူတကွစုဝေးစေပြီး ၎င်းတို့၏ ပိုစတာများကို မျှဝေရန် ဖိတ်ခေါ်ပါ။
- တစ်ဦး၏အလုပ်အပေါ်တစ်ဦးက အကျိုးဖြစ်ထွန်းစေပြီး အပြုသဘောဆောင်သည့် နည်းလမ်းများနှင့် မှတ်ချက်များပေးရန် တိုက်တွန်းအားပေးပါ။
- ကျောင်းသားများနှင့် မိဘများအတွက် အချက်အလက်ရှာဖွေရမည့်နေရာကို အကြံဉာဏ်များ မျှဝေပေးရန် ပြောကြားပါ။
- သင်ခန်းစာ (၆.၁.၁) ကို ဖတ်စေပါ။ ဖြစ်နိုင်လျှင် သင်ယူမှုလုပ်ငန်း (၂) ကို ပြင်ဆင်ခြင်းအတွက် စာဖတ်ခြင်းရင်းမြစ်အား ရွေးချယ်စေပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ စည်းကမ်းကို အပျက်သဘောနှင့် အပြုသဘောဆောင်သော နည်းလမ်းများဖြင့် မည်သို့ ပြဋ္ဌာန်းနိုင်သနည်း။

အဖြေ။ *စည်းကမ်းကို အပျက်သဘော (သို့မဟုတ်) အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ပြဋ္ဌာန်းနိုင်သည်။ ဥပမာအားဖြင့် လူတို့သည် အချို့သော နည်းဖြင့် လိုက်နာကျင့်သုံးခြင်း မပြုသောကြောင့် အပြစ်ပေးခံရနိုင်သည်။ သို့သော် စည်းကမ်း လိုက်နာရန်အတွက် အပြုသဘောဆောင်သောနည်းလမ်းမှာ စံနမူနာပြုလိုသော အပြုအမူများကို စံနမူနာပြုရန်နှင့် သင့်လျော်သော အပြုအမူများကို အားပေးရန် ဖြစ်သည်။ ဥပမာအားဖြင့် မိဘများသည် သင့်လျော်သော မိသားစုအမူအကျင့်များကို စံနမူနာ ယူကြပြီး သားသမီးများအား ကောင်းသော အမူအကျင့်များ လုပ်ဆောင်သော အခါတွင် အားပေးမှုပြုနိုင်သည်။ သင့်လျော်သော အပြုအမူသည် ဘေးကင်းလုံခြုံမှု၊ အမူအကျင့်၊ ယုံကြည်ချက်၊ တန်ဖိုးထားမှုများ အစရှိသည်တို့နှင့် ဆက်စပ်နေနိုင်သည်။ ရွေးချယ်ထားသော အပြုအမူသည် စည်းမျဉ်းစည်းကမ်း၊ ဥပဒေ (သို့မဟုတ်) ဓလေ့ ထုံးတမ်းတစ်ခု ဖြစ်နိုင်ပြီး မိသားစု၊ ကျောင်း၊ အလုပ်၊ ရပ်ရွာ၊ လူ့အဖွဲ့ အစည်း၊ အစိုးရတို့နှင့် သက်ဆိုင်နိုင်သည်။*

မေးခွန်း ၂။ အတွင်းစည်းကမ်းနှင့် အပြင်စည်းကမ်း ကွာခြားချက်မှာ အဘယ်နည်း။

အဖြေ။ *မသင့်လျော်သော လုပ်ဆောင်ချက်တစ်ခုကြောင့် ယင်း၏အကျိုးဆက်အဖြစ် အခြားသူတစ်ဦးမှ အသုံးချသောအခါ အပြင်စည်းကမ်းသည် ဖြစ်ပေါ်လာသည်။ ဤလူသည် မိဘ (သို့မဟုတ်) ဆရာ (သို့မဟုတ်) ရဲအရာရှိကဲ့သို့ အသိုင်းအဝိုင်းမှ ဖြစ်နိုင်သည်။ အတွင်းစည်းကမ်းသည် မိမိကိုယ်ကို ဆုံးမခြင်းမှ ဖြစ်ပေါ်လာသည်။ လူတို့သည် တစ်စုံတစ်ခုသောနည်းလမ်းဖြင့် ပြုမူနေထိုင်ရန် မိမိကိုယ်ကို စီမံခန့်ခွဲနိုင်ပြီး လေ့ကျင့်နိုင်သောအခါတွင် ဖြစ်ပေါ်လာသည်။ ဥပမာအားဖြင့် သင်သည် အိမ်စာ လုပ်ခြင်းနှင့်ပတ်သက်၍ စည်းကမ်းတကျဖြစ်လာနိုင်သည်။ သင့်အိမ်စာများကို အချိန်မီ ပြီးစီးစေရန် သင်ကိုယ်တိုင် လုပ်ရိုးလုပ်စဉ်အတိုင်း လိုက်နာရန် လေ့ကျင့်ပေးနိုင်သည်။ ဤစည်းကမ်းရှိသော အပြုအမူ၏ အပြုသဘောဆောင်သော အကျိုးဆက်မှာ နောက်လာမည့် သင်ယူမှုအခွင့်အလမ်းအတွက် ကောင်းစွာပြင်ဆင်ထားခြင်းပင်ဖြစ်သည်။*

မေးခွန်း ၃။ သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများနှင့် တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများအကြား ကွာခြားချက်မှာ အဘယ်နည်း။

အဖြေ။ *တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများသည် ရှင်းလင်းပြတ်သားပြီး တိုက်ရိုက်ဖြစ်သည့် စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ဥပမာအားဖြင့် ဂိမ်းတစ်ခု၏ စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ သင်သည် ဘုတ်ဂိမ်း (board game) ကစားနေပါက ဂိမ်းကစားနည်း စည်းမျဉ်းစည်းကမ်းများကို ရေးပေးရပါမည်။ အသုံးပြုသော ဘာသာစကားသည် ရှင်းလင်းရမည်ဖြစ်ပြီး ပါဝင်သူအားလုံးသည် ဂိမ်း၏ စည်းမျဉ်းစည်းကမ်းများကို သိရှိရမည်ဖြစ်သည်။ ကျောင်းဝတ်စုံ ဝတ်ခြင်းသည် တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းတစ်ခုဖြစ်ပြီး ကျောင်းတွင်ဝတ်စားဆင်ယင်ပုံက မည်သို့ဆိုသည်ကို လူတိုင်းသိရမည်။ အခြား စည်းမျဉ်းစည်းကမ်းများသည် စာမေးပွဲများတွင် မသမာမှုပြုခြင်း/စာခိုးကူးခြင်း၊ အခြားသူတစ်ဦး၏ အလုပ်အား ကူးယူခြင်း (သို့မဟုတ်) တိကျသော သချၤာ စည်းမျဉ်းစည်းကမ်းချက်များဖြစ်သည်။*

*သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများသည် အမြဲတမ်း ရှင်းလင်းပြတ်သားမှု မရှိသော စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့ အတူကြီးပြင်းလာခဲ့သည့် စည်းမျဉ်းစည်းကမ်းများ၊ ကျွန်ုပ်တို့ သိပြီး လေးစားလိုက်နာသော စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ဥပမာအားဖြင့် လူမှုအဖွဲ့အစည်းတွင် အမြဲရေးထားလေ့မရှိသော ဂတ်စားဆင်ယင်ပုံနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ ရှိကောင်းရှိနိုင်သည်။ ဤစည်းမျဉ်းစည်းကမ်းများတွင် ဦးထုပ်ဆောင်းရမည့်အချိန်၊ မည်မျှကြာကြာ ဝတ်ဆင်သင့်သည်၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကို ဖုံးအုပ်ထားရန်၊ (သို့မဟုတ်) မတူညီသော လုပ်ငန်းဆောင်တာများအတွက် ဝတ်ဆင်ရမည့် အဝတ်အစားများပါဝင်သည်။*

မေးခွန်း ၄။ ဒီမိုကရေစီဝါဒကို အခြေခံသော ခေါင်းဆောင်မှုပုံစံ/ဒီမိုကရက်တစ် ခေါင်းဆောင်မှုပုံစံ ဆိုသည်မှာ အဘယ်နည်း။

*အဖြေ။ ဒီမိုကရေစီဆန်သော ခေါင်းဆောင်မှုပုံစံတွင် ဆုံးဖြတ်ချက်များချရာ၌ ၎င်းတို့၏ အုပ်စုဝင်များ ပါဝင်ပါသည်။ ဥပမာအားဖြင့် အစိုးရသည် အရပ်သားများကို မဲဆန္ဒပေး ရွေးချယ်စေခြင်းဖြင့် ဆုံးဖြတ်ချက်များချရာတွင် ပါဝင်စေနိုင်သည်။ ဒီမိုကရေစီ (democracy) ဟူသော စကားလုံးသည် ဂရိမူလရင်းမြစ်ဖြစ်သည်။ **demos** ဆိုသည်မှာ 'လူများ' ဖြစ်ပြီး **kratos** ဆိုသည်မှာ 'အုပ်ချုပ်မှု' ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီ ဆိုသော စကားလုံးသည် ပြည်သူက အုပ်ချုပ်သည်၊ ပြည်သူက အာဏာရှိသည်။ အာဏာရှင်ပုံစံနှင့် မတူသည်မှာ အုပ်ချုပ်သူရှိခြင်းနှင့် အာဏာသည် ပြည်သူများနှင့် မဆိုင်ဘဲ အာဏာကို ချုပ်ကိုင်ခြင်းဖြစ်သည်။*

မေးခွန်း ၅။ ဒီမိုကရေစီ၏ အခြေခံသဘောတရားအချို့မှာ အဘယ်နည်း။

*အဖြေ။ ဒီမိုကရေစီ အခြေခံသဘောတရားများတွင် အောက်ပါတို့ပါဝင်သည် –*

- *လူတစ်ဦးချင်းစီနှင့် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်ခွင့်ကို လေးစားခြင်း၊*
- *သဘောထားကွဲလွဲမှုနှင့် ဆန့်ကျင်ဘက်အယူအဆများကို လက်သင့်ခံနိုင်ခြင်း၊*
- *သာတူညီမျှမှု – လူအားလုံးကို တန်ဖိုးထားပြီး ၎င်းတို့၏ စွမ်းဆောင်ရည် အပြည့်အဝရရှိရန် ၎င်းတို့ကို ပံ့ပိုးပေးခြင်း၊*
- *လွတ်လပ်မှု – လူတစ်ဦးစီတွင် လွတ်လပ်စွာပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ သွားလာလှုပ်ရှားခွင့်နှင့် လွတ်လပ်စွာယုံကြည်ခွင့်ရှိခြင်းနှင့်*
- *တရားမျှတမှု – လူ့အဖွဲ့အစည်းအတွင်းနှင့် တရားရုံးတွင် လူတိုင်းကို တရားမျှတစွာ ဆက်ဆံခြင်း။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- စည်းကမ်းသည် လူတို့အား တိကျသော နည်းလမ်းဖြင့် ပြုမူတတ်စေရန် လေ့ကျင့်ပေးသည့် နည်းလမ်းဖြင့် လုပ်ဆောင်သည်။
- မသင့်လျော်သော လုပ်ဆောင်ချက်တစ်ခုကြောင့် အခြားသူတစ်ဦးမှ ၎င်း၏ အကျိုးဆက်ကို ပြစ်ဒဏ်ပေးအပ်သောအခါတွင် အပြင်စည်းကမ်းသည် ဖြစ်ပေါ်လာသည်။ ထိုသူသည် မိဘ (သို့မဟုတ်) ဆရာဖြစ်နိုင်သလို ရဲအရာရှိ တစ်ဦးကဲ့သို့ လူမှုအသိုင်းအဝိုင်းမှလည်း ဖြစ်နိုင်သည်။
- အတွင်းစည်းကမ်းသည် မိမိကိုယ်ကို ဆုံးမခြင်းမှ ဖြစ်ပေါ်လာသည်။ လူများသည် တစ်စုံတစ်ခုသော နည်းလမ်းဖြင့် ပြုမူနေထိုင်ရန် မိမိကိုယ်ကို စီမံခန့်ခွဲနိုင်ပြီး လေ့ကျင့်နိုင်သောအခါတွင် ဖြစ်ပေါ်လာသည်။
- စည်းကမ်းကို အပျက်သဘော (သို့မဟုတ်) အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ပြဋ္ဌာန်းနိုင်သည်။ ဥပမာ – လူများသည် အချို့သောနည်းလမ်းဖြင့် လိုက်နာလုပ်ဆောင်ခြင်း မပြုသောကြောင့် အပြစ်ပေးခံရနိုင်သည်။
- အပြုသဘောဆောင်သော နည်းလမ်းသည် အပြုသဘောဆောင်သော အားဖြည့်မှုမှတစ်ဆင့် လိုချင်သောအပြုအမူများကို အားပေးသည်။
- စည်းမျဉ်းစည်းကမ်းများသည် ယေဘုယျအားဖြင့် လူမှုရေးအရ တည်ဆောက်ထားပြီး တိကျပြတ်သားစွာ (သို့မဟုတ်) သွယ်ဝိုက်သောအားဖြင့် ဖြစ်နိုင်သည်။
- စည်းမျဉ်းစည်းကမ်းများတွင် လူ့အဖွဲ့အစည်းအနေဖြင့် ရေးဆွဲပြဋ္ဌာန်းရန်၊ လက်တွေ့ကျင့်သုံးရန်၊ ဆက်လက်ထိန်းသိမ်းရန် (သို့မဟုတ်) ပြောင်းလဲရန်တို့ ပါဝင်သည်။
- ဓလေ့ထုံးတမ်းများသည် အကျင့်စရိုက်များဖြစ်သည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်း အတွင်း တရားဝင်မဟုတ်သော စည်းမျဉ်းစည်းကမ်းများနှင့် ဓလေ့ထုံးတမ်းများ ဖြစ်သည်။
- ဥပဒေများသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် တစ်သမတ်တည်းတည်မြဲပြီး စည်းမျဉ်းစည်းကမ်းများသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးတွင် တစ်သမတ်တည်း မတည်မြဲနိုင်ပေ။

- ဒီမိုကရေစီဆန်သောခေါင်းဆောင်မှုပုံစံတွင် ဆုံးဖြတ်ချက်များချမှတ်ရာ၌ ၎င်းတို့၏ အဖွဲ့ဝင်များပါဝင်ကြပါသည်။
- ဒီမိုကရေစီစနစ်၏အခြေခံသဘောတရားများ၏အဓိကသော့ချက်မှာ ထိရောက်သော ဆက်စပ်ခြုံငုံတွေးခေါ်မှုနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုတို့ ဖြစ်သည်။
- အဖွဲ့အစည်းနှင့် ပါဝင်သူများကို ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် ဥပဒေစိုးမိုးစေရန် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသည်၊ ဥပမာ –ကျောင်းသည် ကျောင်း၊ ဝန်ထမ်းများနှင့် ကျောင်းသားများကို ဘေးကင်းလုံခြုံစေရန်အတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြဋ္ဌာန်းထားသည်။
- လူ့အဖွဲ့အစည်း၏ ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းရန်နှင့် ဥပဒေစိုးမိုးစေရန် ဥပဒေများ ပြဋ္ဌာန်းထားသည်။
- ဆိုက်ဘာအနိုင်ကျင့်ခြင်းဆိုသည်မှာ လူမှုမီဒီယာ၊ အီးမေးလ် (သို့မဟုတ်) စာတိုပေးပို့ခြင်းကဲ့သို့သော အွန်လိုင်းပတ်ဝန်းကျင်တွင် အပြန်အလှန် ဆက်သွယ်သည့်အခါ တစ်စုံတစ်ဦးသည် အနိုင်ကျင့်ခံရခြင်း (သို့မဟုတ်) တစ်စုံတစ်ဦးကို အနိုင်ကျင့်ခြင်းကို ဆိုလိုသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြောင်း သင်ကြားသင်ယူခြင်းသည် စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေးတွင်ပါဝင်သည့် အားလုံးအကျုံးဝင်သည့် ပညာရေးကို မြှင့်တင်ရန် မည်ကဲ့သို့ အထောက်အကူပြုမည်ကို ရှင်းပြပါ။

## ဆက်လက်ဖတ်မှတ်စရာများ

**၅.၁။**

Adams, C. (2020). *Cyberbullying: What teachers and schools can do.* Scholastic Teachers. https://www.scholastic.com/teachers/articles/teaching-content/cyberbullying-what-teachers-and-schools-can-do/

Australia's Magna Carta Institute Incorporated. (2020). *Rule of law education centre: Rules and laws*. https://www.ruleoflaw.org.au/primary-school-education/

Australian Electoral Commission. (2016). *Democracy rules*. https://education.aec.gov.au/democracy-rules/

Commonwealth of Australia. (2020). *Parliamentary education office: Democracy.* https://peo.gov.au/understand-our-parliament/how-parliament-works/system-of-government/democracy/

Curwin, R. (2014, August 5). *Social and emotional learning: The 5 critical categories of rules.* https://www.edutopia.org/blog/-5critical-categories-of-rules-richard-curwin

Department of Basic Education. (n.d.). *Curriculum outline, morality and civics education primary level subject objectives.* Myanmar Ministry of Education.

Department of Basic Education. (n.d.). *KG syllabus: Expected learning outcomes of the respected learning areas*. Myanmar Ministry of Education.

Pekrun, R. (2014). *Emotions and learning: Educational practices series* (Vol. 24). UNESCO and International Bureau of Education.

The Government of the Republic of the Union of Myanmar. (2014). *National Education Law: Parliamentary Law No. 1376 .41,* New Moon of Thadingyut 7th day (September 30, 2014). Union Parliament.

The Government of the Republic of the Union of Myanmar. (2016). *National education strategic plan 2016-21 Summary.* Ministry of Education.

Urgel, M. (2019). *WEAVE: Innovating for refugee women.* World Fair Trade Organisation. https://wfto.com/article/weave-%E-93%80%2innovating-refugee-women

World Fair Trade Organization. (2020). *About WFTO.* https://wfto.com/who-we-are

အခန်း
၆

# ငြိမ်းချမ်းစွာ နေထိုင်ခြင်း

ဤအခန်းတွင် ကျောင်းသားများသည် သူငယ်တန်းနှင့် မူလတန်းအောက်ဆင့် ကျောင်းသားများကို ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုနှင့် ငြိမ်းချမ်းစွာနေထိုင်ခြင်းဆိုင်ရာ အကြောင်းအရာများ သင်ကြားရန်အတွက် သင်ကြားနည်းများကို ဖော်ဆောင်မည်ဖြစ်သည်။ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် နည်းလမ်းများနှင့် စာသင်ခန်းအတွင်း 'အဖွဲ့ဝင်ဖြစ်သည် ဟူသောခံစားချက်' ကို ဖန်တီးနိုင်ပုံအကြောင်း စူးစမ်းကြမည်ဖြစ်သည်။ ထို့နောက် စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေး၏ အဓိက အကြောင်းအရာများကို ပေါင်းစပ်ဖွဲ့စည်းပြီး မြန်မာကျောင်းဆရာအဖြစ် ၎င်းတို့၏ အခန်းကဏ္ဍကို ဆွေးနွေးရန်အတွက် အဆိုပါအကြောင်းအရာများကို ပြန်လည်သုံးသပ်ရန် ပိုစတာတစ်ခုကို ရေးဆွဲမည်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မူလတန်းအောက်ဆင့် စာသင်ခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် စိတ်ကူးပုံဖော်မှုတစ်ခု တည်ဆောက်တတ်မည်။
- လူများနှင့် လူအုပ်စုများ၏ ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားခြင်းသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ရွေးချယ်တတ်မည်။
- မူလတန်းအောက်ဆင့် စာသင်ကျောင်းတွင် လူတိုင်းအကျုံးဝင်သော လုပ်ဆောင်ပုံများကို မြှင့်တင်ပေးနိုင်သည့် သင်ကြားရေးနည်းကိရိယာတစ်ခုအဖြစ် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို အကဲဖြတ်သုံးသပ်တတ်မည်။

- ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့် ညှိနှိုင်းဖြေရှင်းရန် အချင်းချင်း၏ အမြင်များကို နားထောင်ရန် အဘယ်ကြောင့် လိုအပ်ကြောင်း ဖော်ပြတတ်မည်။
- ငြိမ်းချမ်းသော နည်းလမ်းဖြင့် ပြဿနာများကို ဖြေရှင်းသူတစ်ဦး၏ ထူးခြားသော လက္ခဏာများကို နမူနာလုပ်ပြရန် အရုပ်ငယ်များအသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းတစ်ခုကို ပြင်ဆင်တတ်မည်။
- 'အပြုသဘောဆောင်သော' တုံ့ပြန်မှုများနှင့် 'အပျက်သဘောဆောင်သော' တုံ့ပြန်မှုများကို သရုပ်ပြသင်ကြားရန် လုပ်ငန်းတစ်ရပ်တွင် ရည်ရွယ်ချက်ရှိရှိ ရွေးချယ်အသုံးပြုထားသော ဘာသာစကားကို ညွှန်ပြတတ်မည်။
- ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် စာသင်ခန်းအတွင်း 'အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်' ကို မည်သို့ဖန်တီးရကြောင်း ရှင်းပြတတ်မည်။
- ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ ပူဆွေးသောကရောက်ခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း ကဲ့သို့သော စိတ်လှုပ်ရှားမှုများအကြောင်း ဆွေးနွေးမှုကို အဆင့်ဆင့် ပံ့ပိုးကူညီသည့် လုပ်ငန်းတစ်ရပ်ကို ပြင်ဆင်တတ်မည်။
- စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ထိန်းကျောင်းသည့် နည်းလမ်းများကို ကျောင်းသားများ သင်ယူရာတွင် အထောက်အကူဖြစ်စေရန် စိတ်လှုပ်ရှားမှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ပတ်သက်သော ထပ်ဆောင်းလုပ်ငန်းတစ်ရပ်အား မည်သို့ လုပ်ဆောင်ရကြောင်းကို ရှင်းပြတတ်မည်။
- လူမှုကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာနေထိုင်ခြင်း၏ အဓိကအကြောင်းအရာများကို ပေါင်းစပ်ထားသော ပိုစတာတစ်ခုကို ရေးဆွဲတတ်မည်။
- စာရိတ္တနှင့်ပြည်သူ့နီတိတွင် လေ့လာဖော်ထုတ်ထားသည့် အဓိကအကြောင်းအရာများကို ပြန်လည်သုံးသပ်တတ်ပြီး မြန်မာကျောင်းဆရာဖြစ်လာရန် ဤနားလည်သဘောပေါက်မှုက မည်သို့ပံ့ပိုးပေးကြောင်း ဆွေးနွေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၃.၁) မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်းပြသည်။

(ခ) (၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်း ပြသည်။

# ၆.၁။ ကွဲပြားစုံလင်သော လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ နေထိုင်ခြင်း

ဤအခန်းငယ်တွင် ကျောင်းသားများသည် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှု၏ ဆိုလိုရင်းနှင့် ၎င်းသည် ငြိမ်းချမ်းစွာ နေထိုင်ခြင်းကို သင်ယူရာတွင် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း ပြန်လည်သုံးသပ်ကြမည် ဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏ ကျောင်းသားများကို လူတိုင်း အကျုံးဝင်မှုနှင့် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများကို သင်ကြား ပေးရာတွင် ပံ့ပိုးပေးမည့် နည်းဗျူဟာအချို့ကိုလည်း စူးစမ်းလေ့လာမည်ဖြစ်သည်။

## ၆.၁.၁။ မူလတန်းအောက်ဆင့်တွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်ပြီး ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ခုကို မြှင့်တင်ခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –

- မူလတန်းအောက်ဆင့် စာသင်ခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် စိတ်ကူးပုံဖော်မှု တစ်ခု ဖန်တီးတတ်မည်။
- လူများနှင့် လူအုပ်စုများ၏ ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထား ခြင်းသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ရွေးချယ်တတ်မည်။
- မူလတန်းအောက်ဆင့် စာသင်ကျောင်းတွင် လူတိုင်းအကျုံးဝင်သော လုပ်ဆောင် ပုံများကို မြှင့်တင်ပေးနိုင်သည့် သင်ကြားရေးနည်းကိရိယာတစ်ခုအဖြစ် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို အကဲဖြတ်သုံးသပ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၃.၂.၂) မိဘများ၊ ရပ်ရွာအဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံ အခြေအနေများကို သတိပြု၍ ဆက်ဆံသည်။

(ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသ လိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများကို ရွေးချယ်သည်။

**အချိန်** – မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ စိတ်ကူးပုံဖော်ခြင်း – မူလတန်းအောက်ဆင့် စာသင်ခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုသည် မည်သည်ကိုဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် စိတ်ကူးပုံဖော်မှုတစ်ခု တည်ဆောက်ခြင်း

သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – လူများနှင့် လူအုပ်စုများ၏ ကွဲပြား ခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားခြင်းသည် မည်သည်ကိုဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ရွေးချယ်၍ အကဲဖြတ်ခြင်း

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ

ကျောင်းသားများ၏ နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- ကြည့်ရှုလေ့လာခြင်း
- အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း
- ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်၏ သင်ခန်းစာ (၆.၁.၁) ကို ဖတ်ရှုပါ။

မိတ်ဆက်။ စာတမ်း၊ မာကာများနှင့် ဘောပင်ငါးချောင်းကို အုပ်စုများအား ပေးပါ။

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားများ အသုံးပြုနိုင်သော ရုပ်ပုံများ၊ မဂ္ဂဇင်း (သို့မဟုတ်) လက်ကမ်းစာစောင်များ အပါအဝင် စိတ်ကူးပုံဖော်ခြင်းအတွက် ရင်းမြစ်များကို ပြင်ဆင်ပါ။

သင်ယူမှုလုပ်ငန်း (၂)။ ဖြစ်နိုင်ပါက ဖတ်မှတ်စရာ ရင်းမြစ်များ၏ နမူနာများကို ရှာဖွေပါ။

## လိုအပ်သော ရင်းမြစ်များ

မိတ်ဆက်။ စက္ကူနှင့် မာကာများ

သင်ယူမှုလုပ်ငန်း (၁)။ မဂ္ဂဇင်းများ၊ လက်ကမ်းစာစောင်များ စသည်တို့၊ ကတ်ကြေး၊ ကော်၊ ဘောပင်နှင့် မာကာများ၊ ပိုစတာစာရွက်

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| အချိန် | ၁၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသား ငါးယောက်ပါဝင်သော အုပ်စုများ |

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသားငါးယောက်းစီ ပါဝင်သော အုပ်စုများခွဲပါ။ စာရွက်တစ်ရွက်စီ ထုတ်ပေးပါ။

၂။ ကျောင်းသားများကို ၎င်းတို့နှင့် ၎င်းတို့၏သူငယ်ချင်းများသည် တစ်ဦးနှင့်တစ်ဦး မတူကွဲပြားကြသကဲ့သို့ ကမ္ဘာတစ်ဝန်းရှိ အခြားသူများနှင့်လည်း မတူကွဲပြားကြောင်း မည်ကဲ့သို့ပြောပြရမည် ဆိုသည်ကို ရှင်းပြပါ။ ၎င်းတို့သည် စာရင်းနှစ်ခုကို ပြင်ဆင်ရမည် –

- ကျွန်ုပ်တို့သည် အောက်ပါနည်းလမ်းများဖြင့် တစ်ဦးနှင့် တစ်ဦးမတူ ကွဲပြားသည်...
- ကျွန်ုပ်တို့သည် အောက်ဖော်ပြပါ နည်းလမ်းများဖြင့် ကမ္ဘာတစ်ဝန်းရှိ လူများနှင့် မတူကွဲပြားသည်...

၃။ အုပ်စုရှိ ကျောင်းသားတိုင်းသည် အနည်းဆုံး အကြံဉာဏ်တစ်ခုကို ချရေးသင့်သည်။ ၎င်းတို့၏ အဖွဲ့ဝင်များသည် မည်သူတစ်ဦးတစ်ယောက်၏ ခံစားချက်ကိုမျှ ထိခိုက်မှု မရှိစေမည့် အပြုသဘောဆောင်သော အကြံဉာဏ်များမျှဝေကြောင်း သေချာစေရန် မည်ကဲ့သို့ စဉ်းစားရမည်ဆိုသည်ကို ၎င်းတို့အား ပြောကြားပါ။

၄။ အချိန် (၈) မိနစ်ကြာပြီးနောက် ၎င်းတို့၏ အုပ်စုများတွင် ၎င်းတို့တွေ့ရှိခဲ့သော ကွဲပြား ခြားနားမှု အမျိုးအစားများကို မေးမြန်းပါ။ အုပ်စုတစ်ခုစီမှ ကျောင်းသားတစ်ဦးစီကို အောက်ပါ ခြားနားမှုတစ်စုံတစ်ခုစီ မျှဝေရန် ဖိတ်ကြားပါ –

- ၎င်းတို့အတွက် အံ့သြစရာအကောင်းဆုံး ကွဲပြားခြားနားချက်တစ်ခု ဖြစ်ခဲ့သည့် အရာ၊
- အုပ်စုလိုက် ဆွေးနွေးမှုမှနေ၍ သင်ယူခဲ့ရသည်အရာနှင့်
- ၎င်းတို့သည် အခြားကမ္ဘာပေါ်ရှိ အခြားသူများနှင့်ထက် ၎င်းတို့၏အုပ်စုရှိ ကျောင်းသားများနှင့် ပို၍တူညီကြသည့်အရာ။

## သင်ယူမှုလုပ်ငန်း (၁)။ စိတ်ကူးပုံဖော်ခြင်း – မူလတန်းအောက်ဆင့် စာသင်ခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုသည် မည်သည်ကိုဆိုလိုကြောင်း သရုပ်ပြ သင်ကြားနိုင်သည့် စိတ်ကူးပုံဖော်မှုတစ်ခု တည်ဆောက်ခြင်း

| အချိန် | ၁၅ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | နှစ်ယောက်တစ်တွဲ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် မူလတန်းအောက်ဆင့် စာသင်ခန်း နောက်ခံအခြေအနေတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုနှင့် ပတ်သက်သည့် ၎င်းတို့၏ အသိပညာနှင့် နားလည်သဘောပေါက်မှုကို သရုပ်ဖော်ပြသတတ်ရန်ဖြစ်သည်။

၁။ လုပ်ဆောင်ချက်အတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်ကို အကြမ်းဖျင်းဖော်ပြပါ။ ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –
- မူလတန်းအောက်ဆင့် စာသင်ခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် စိတ်ကူးပုံဖော်မှုတစ်ခု တည်ဆောက်တတ်မည်။

၂။ ယဉ်ကျေးမှု ကွဲပြားစုံလင်မှုများအကြောင်း သင်ယူလေ့လာခဲ့သည့် အကြောင်းအရာ အားလုံးကို သရုပ်ဖော်ရန်အတွက် စိတ်ကူးပုံဖော်မှုတစ်ခု ဖန်တီးတည်ဆောက်ရန် လိုအပ်ကြောင်း ကျောင်းသားများအား ရှင်းပြပါ။ ထို့နောက် မူလတန်းအောက်ဆင့်သင် ကျောင်းဆရာများအနေဖြင့် ၎င်းတို့အတွက် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြ သင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ရွေးချယ်ကြရမည်။

၃။ ဤလုပ်ဆောင်ချက်ကို တစ်ဦးချင်းလုပ်ဆောင်ရန်နှင့် ၎င်းတို့၏ သင်ကြားရေး ရင်းမြစ်ဖိုင်တွဲများအတွက် ပိုစတာတစ်ခုပေါ်တွင် (သို့မဟုတ်) ကျောင်းသားကိုင် စာအုပ်ရှိလေးထောင့်ကွက် (၆.၁) တွင် စိတ်ကူးပုံဖော်မှုတစ်ခု ဖန်တီးရန် ကျောင်းသား များကို ညွှန်ကြားပါ။

၄။ ဇယား (၆.၁) ရှိ စိတ်ကူးပုံဖော်မှုပုံစံ ဥပမာများအတွက် ၎င်းတို့၏ ကျောင်းသားကိုင် စာအုပ်များသို့ လမ်းညွှန်ပါ။ ဥပမာ (၁) ကို စိတ်ကူးပုံဖော်မှုတစ်ခုဖြစ်ကြောင်း၊

အချက်အလက်များ၏ ပထမအလွှာသည် ယဉ်ကျေးမှုကွဲပြားစုံလင်မှု၏ အဓိက အကြောင်းအရာများကို ကိုယ်စားပြုကြောင်း ရှင်းပြပါ။ ဒုတိယအလွှာ (ထိုအပိုင်းတွင် 'အလေ့အကျင့်အသိုင်းအဝိုင်းကို တည်ထောင်ရန်' ဟုဖော်ပြထားသည့်) တွင် ဤပတ်ဝန်းကျင်၏ အဓိကအကြောင်းအရာများသည် မူလတန်းအောက်ဆင့် စာသင်ခန်း၏ ဆက်စပ်အကြောင်းအရာများ ပါဝင်သည်။ ဇယား (၆.၁) တွင် အခြားသော ဥပမာနှစ်ခုကို ကြည့်ရှုရန် ကျောင်းသားများကို ပြောပါ။

၅။ တီထွင်ကြံဆပြီး အချက်အလက်များစုံလင်ရန် ၎င်းတို့ကို အားပေးပါ။ ပုံများနှင့် သရုပ်ဖော်ပုံများ ထည့်သွင်းရန် အကြံပြုပါ။ ၎င်းတို့၏ စိတ်ကူးပုံဖော်မှုတွင် ဖြတ်တောက်ပြီး ကူးထည့်နိုင်သည့် ခတ်ပုံများအတွက် မဂ္ဂဇင်းများကို ညွှန်ပြပါ။ ကောင်းစွာရေးဆွဲပြုစုထားသော စိတ်ကူးပုံဖော်မှုတစ်ခုသည် များသောအားဖြင့် အပြင်အဆင် ဖန်တီးရန်နှင့် စိတ်ကူးများကို စုစည်းရန် အရောင်ကို အသုံးပြုကြောင်း ရှင်းပြပါ။ ၎င်းတို့သည် အလေးပေးထည့်သွင်းရန် မျဉ်းအထူကိုလည်း ကွဲပြားစေရမည် ဖြစ်သည်ကို ပြောပြပါ။ စာကြောင်းတစ်ကြောင်းကိုလည်း ရေးနိုင်ပါကြောင်း ထပ်လောင်းပြောပါ။

၆။ စိတ်ကူးပုံဖော်မှုတစ်ခုကို မပြီးသေးသော ကျောင်းသားများကို အိမ်စာလုပ်ငန်း အချိန်တွင် ပြီးစီးအောင် လုပ်ဆောင်ရန် တိုက်တွန်းအားပေးပြီး နောက်သင်ခန်းစာ အချိန်တွင် တင်ရမည်ဖြစ်ကြောင်းကို ရှင်းပြပါ။ ယင်းကို ကျောင်းသားကိုင် စာအုပ်တွင် ဖန်တီးထားသည်ဆိုလျှင် တင်ပြရန်အတွက် ၎င်းတို့၏ လုပ်ဆောင်ချက်ကို မိတ္တူကူးယူရန် တိုက်တွန်းပါ။


## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများနားလည်မှု ရှိ/မရှိ သင်ခန်းစာအဆုံးတွင် (သို့မဟုတ်) နောက်သင်ခန်းစာ၏ အဆုံးတွင် ကျောင်းသားများ၏ လုပ်ဆောင်ချက်များကို ပြန်လည်ဆန်းစစ်ခြင်းဖြင့် စစ်ဆေး အကဲဖြတ်နိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ယူမှုလုပ်ငန်းအတွက် အဖြေမှန်သည် တစ်ခုမကရှိနိုင်ပါသည်။ အကြောင်းအရာသည် သင်ခန်းစာ (၆.၁.၁) နှင့် ယခင်သင်ခန်းစာများ ဥပမာ – သင်ခန်းစာ (၁.၁.၁) နှင့် (၂.၁.၁) တို့ကို အခြေခံရန် လိုအပ်သည်။ ဆရာလမ်းညွှန်မှ ပုံ (၆.၁) တွင် ဥပမာတစ်ခုရှိသည်။ ဤဥပမာသည် အတွေးအမြင်များကို တင်ပြသည်။ သို့သော် ကျောင်းသားများသည် ၎င်းတို့နှင့် သက်ဆိုင်သည့် အယူအဆများကို ကိုယ်တိုင်ရေးချနိုင်သည်။ ဥပမာအားဖြင့် ၎င်းတို့သည် တသီးတသန့်နေတတ်ခြင်း (introverted) ကို ကိုယ်ပိုင်လက္ခဏာ (identity) နှင့် ချိတ်ဆက်နိုင်သည်။ သို့မဟုတ် ၎င်းတို့သည် ‘ဓလေ့ထုံးတမ်းများနှင့် ရိုးရာဓလေ့များ’ ကို ချိတ်ဆက်ထားသော စက်ဝိုင်းတစ်ခုတွင် နေ့စဉ် ထုံးတမ်းစဉ်လာတစ်ခုအကြောင်း တစ်ခုခုရေးနိုင်သည်။

တီထွင်ဖန်တီးနိုင်စွမ်းနှင့် သတင်းအချက်အလက်များကို စုစည်းထားသည့် နည်းလမ်းကို ရှာဖွေပါ။ ဥပမာအားဖြင့် ကျောင်းသားများသည် ရောင်စုံကုဒ်နံပါတ်များ၊ သက်ဆိုင်ရာ သရုပ်ဖော်ပုံများကို အသုံးပြုပြီး သင်ရိုးညွှန်းတမ်း စာရွက်စာတမ်းများနှင့် ချိတ်ဆက်မှုများ ပြုလုပ်ထားခြင်း။




ပုံ ဆရာလမ်းညွှန် ၆.၁။ ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုကို စိတ်ကူးပုံဖော်ခြင်းအတွက်
ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ[၁၆]

## သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – လူများနှင့် လူအုပ်စုများ၏ ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားခြင်းသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ရွေးချယ်၍ အကဲဖြတ်ခြင်း

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ (သို့မဟုတ်) ကျောင်းသားသုံးဦးပါဝင်သော အုပ်စုများ |

၁၆ စာရေးသူ၏ မူပိုင်ရုပ်ပုံကို ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စာဖတ်ခြင်းအတွက် ရင်းမြစ်တစ်ခုကို ရွေးချယ်ရန်ဖြစ်ပြီး ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားရန်နှင့် အားလုံး အကျုံးဝင်သော အပြုအမူများကို မြှင့်တင်နိုင်မည့် ၎င်း၏ အလားအလာများအတွက် ရင်းမြစ်ကို အကဲဖြတ်ရန် ဖြစ်သည်။

၁။ ဤလုပ်ငန်းအတွက် ကျောင်းသားများကို နှစ်ဦးတစ်တွဲ (သို့မဟုတ်) သုံးဦးတစ်တွဲ အုပ်စုငယ်များဖွဲ့၍ လုပ်ဆောင်ရန် စုစည်းပါ။

၂။ ဤလုပ်ဆောင်ချက်၏ ပထမပိုင်းသည် ဖတ်မှတ်စရာရင်းမြစ်တစ်ခုကို ရွေးချယ်ရန် စာကြည့်တိုက်သို့ ဝင်ရောက်ရန် လိုအပ်ကြောင်းကို ရှင်းပြပါ။ သို့ရာတွင် ၎င်းတို့သည် စာကြည့်တိုက်သို့ ဝင်ရောက်ခွင့်မရှိပါက ကျောင်းသားကိုင်စာအုပ် ဇယား (၆.၂) ပါ လုပ်ဆောင်ချက်ကို ၎င်းတို့၏ ဖတ်စာအုပ်များတွင် အသုံးပြုနိုင်ကြောင်း ထောက်ပြပါ။[၁၇] (ဤသင်ခန်းစာ၏ မိတ်ဆက်အပိုင်းတွင် ဤလုပ်ဆောင်ချက်၏ တစ်စိတ်တစ်ပိုင်းကို တွေ့ကြုံခဲ့ပြီး ဖြစ်ပါသည်။)

၃။ ဤလုပ်ငန်းအတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်များကို အကြမ်းဖျင်းဖော်ပြပါ။ ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –
   - လူများနှင့် လူအုပ်စုများ၏ ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားခြင်းသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ရွေးချယ်တတ်မည်။
   - မူလတန်းအောက်ဆင့် စာသင်ကျောင်းတွင် လူတိုင်းအကျုံးဝင်သော လုပ်ဆောင်ပုံများကို မြှင့်တင်ပေးနိုင်သည့် သင်ကြားရေးနည်းကိရိယာတစ်ခုအဖြစ် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို အကဲဖြတ်သုံးသပ်တတ်မည်။

၄။ လုပ်ဆောင်ချက်၏ ဒုတိယအပိုင်းသည် ၎င်းတို့ရွေးချယ်ထားသော စာဖတ်ခြင်း အရင်းအမြစ်ကို အကဲဖြတ်ရန် လိုအပ်ကြောင်း ထောက်ပြပါ (သို့မဟုတ် လုပ်ငန်း – ဇယား ၆.၂)။

၅။ ဇယား (၆.၂) ရှိ လုပ်ငန်းသည် ၎င်းတို့၏ အနာဂတ်စာသင်ခန်းများတွင် အသုံးပြုနိုင်သည့် ဥပမာတစ်ခုဖြစ်ကြောင်း ရှင်းပြပါ။ လုပ်ဆောင်ချက်ကို စနစ်တကျဖွဲ့စည်းထားပုံသည်

---

၁၇ Adapted from Price. (2005).

ကျောင်းသားများ၏ စုံစမ်းမေးမြန်းမှုနှင့် စူးစမ်းရှာဖွေမှုကို မြှင့်တင်ပေးကြောင်း ထောက်ပြပါ။ ဥပမာအားဖြင့် ကျောင်းသားများကို ၎င်းတို့အား မတူကွဲပြားစေသည့် အရာနှင့် တူညီစေမည့်အရာကို စဉ်းစားစေသည်။ ထို့အပြင် ဤလုပ်ဆောင်ချက်သည် ကျောင်းသားများအား ကျောင်းသုံးစာအုပ်တွင် စာမျက်နှာတစ်ခု ဖန်တီးခြင်းဖြင့် ၎င်းတို့၏ ထူးခြားမှုကို ချီးကျူးဂုဏ်ပြုရန် အားပေးတိုက်တွန်းသည်။ ဤလုပ်ဆောင်ချက်သည် မတူညီသော အသက်အရွယ်အလိုက် လိုက်လျောညီထွေ ဖြစ်စေနိုင်သည်ကိုလည်း ထောက်ပြပါ။

၆။ ကျောင်းသားများအား အောက်ပါတို့ လုပ်ဆောင်ရန် လိုအပ်ကြောင်း ရှင်းပြပါ

- လူတစ်ဦးချင်းစီနှင့် လူအုပ်စုများကြား ခြားနားချက်နှင့် တူညီမှုများကို သတိပြုမိစေရန် ၎င်း၏ အလားအလာအတွက် စာဖတ်ခြင်းအရင်းအမြစ်ကို ပိုင်းခြားစိတ်ဖြာပါ။
- ဤသင်ယူမှုအခွင့်အလမ်းသည် သင့်ကျောင်းသားများကို စာသင်ခန်းအတွင်း ပါဝင်သော အပြုအမူများဖွံ့ဖြိုးတိုးတက်စေရန် မည်သို့ကူညီပေးမည်ကို ရှင်းပြပါ။
- ၎င်းတို့၏ တွေ့ရှိချက်များကို အခြားသူများအား မျှဝေစေပါ။

၇။ အကဲဖြတ်ချက်ရေးရန်အတွက် ကျောင်းသားကိုင်စာအုပ်ရှိ လေးထောင့်ကွက် (၆.၂) ကို အသုံးပြုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၈။ သင်ယူမှုလုပ်ငန်းကို အပြီးသတ်ရန် မိနစ် (၂၀) ရရှိနိုင်ကြောင်းကို ရှင်းပြပါ။ နောက်သင်ခန်းစာ၏ အစတွင် ၎င်းတို့တွေ့ရှိချက်များကို အခြားအုပ်စုများနှင့် မျှဝေပေးပါလိမ့်မည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ ပြဋ္ဌာန်းစာအုပ်များကို ပြန်လည်သုံးသပ်ခြင်းဖြင့် နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်သောကြောင့် တင်ပြရန်အတွက် မိတ္တူယူရန် လိုအပ်မည်ဖြစ်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ယူမှုလုပ်ငန်းအတွက် အဖြေမှန်သည် တစ်ခုမကရှိနိုင်ပါသည်။ အကြောင်းအရာသည် သင်ခန်းစာ (၆.၁.၁) ကို အခြေခံရန် လိုအပ်သည်။ ဥပမာတစ်ခုက အောက်ပါအတိုင်းဖြစ်သည်။

ဇယား (၆.၂) ပါ လုပ်ဆောင်ချက်သည် ဆွေးနွေးမှုမှတစ်ဆင့် တူညီမှုများနှင့် ကွဲပြားမှုများကို သတိပြုမိစေရန် ကူညီပေးမည်ဖြစ်ပါသည်။ မူလတန်းအောက်ဆင့် ကျောင်းသားများသည် တစ်ဦးနှင့်တစ်ဦးကြားရှိ မတူကွဲပြားမှုများနှင့် တူညီမှုများကို အသိအမှတ်ပြုရန် အခွင့်အရေးရှိသည်။ အခြားအသိုင်းအဝိုင်း (သို့မဟုတ်) ကမ္ဘာလုံးရှိ ကျောင်းသားများနှင့် ၎င်းတို့၏ မတူကွဲပြားပုံ (သို့မဟုတ်) တူညီပုံတို့ကို ကျောင်းသားများ နှိုင်းယှဉ်ရာတွင်လည်း ၎င်းကို ကူညီပေးနိုင်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မတူကွဲပြားပုံကို ဆန်းစစ်ခြင်းအားဖြင့် ၎င်းတို့ မတူကွဲပြားသည်ဟု ထင်မြင်ယူဆသည့်အရာသည် ဆင်တူမှုများအဖြစ်လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်ဆိုခြင်းကို သိရှိစေရမည်ဖြစ်ပါသည်။ အားလုံးသည် ၎င်းတို့ နှိုင်းယှဉ်ပုံပေါ်တွင် မူတည်ပါသည်။

သင်ယူမှုလုပ်ငန်းသည်ပင် မတူကွဲပြားမှုများနှင့် တူညီမှုများကို သတိပြုမိစေရန် ကူညီပေးမည်ဖြစ်ပြီး ကွဲပြားခြားနားမှုသည် အဆင်ပြေကြောင်း သိရှိစေမည်ဖြစ်သည်။ မေးခွန်းများမှာ – “ဤကွဲပြားခြားနားချက်များကို မျှဝေရန် အဘယ်ကြောင့် အရေးကြီးသနည်း” နှင့် “၎င်းတို့က ကျွန်ုပ်တို့ကို တစ်ဦးကိုတစ်ဦး နားလည်ကြရန် မည်သို့ကူညီပေးနိုင်မည်နည်း။” ဟူသော မေးခွန်းများသည် လက်ခံခြင်းနှင့် အားလုံးအကျုံးဝင်ခြင်းကို ဆွေးနွေးအားပေးမည် ဖြစ်သည်။ ၎င်းသည် ကျောင်းသားများအား ၎င်းတို့၏ တမူထူးခြားမှုကို အသိအမှတ်ပြုရန်လည်း ကူညီပေးသည်။

ကျောင်းသားအချင်းချင်း (သို့မဟုတ်) ယေဘုယျအားဖြင့် အခြားသူများအပေါ် ရိုင်းရိုင်းစိုင်းစိုင်း မလုပ်ကြောင်း သေချာစေခြင်းကဲ့သို့သော စူးစမ်းလေ့လာမှုကို လမ်းညွှန်ရန် အကြံပြုချက်များရှိသည်။

အောက်ပါမေးခွန်းများသည် ပြန်လည်သုံးသပ်သည့် မေးခွန်းများဖြစ်သည်။ ၎င်းတို့က ကျောင်းသားများကို ၎င်းတို့တွင် မည်သို့သော ကွဲပြားမှုများရှိသနည်း၊ ၎င်းတို့ကို မည်ကဲ့သို့

အဓိပ္ပာယ်ဖွင့်ဆိုပြီး ၎င်းတို့၏ ဘဝများအပေါ် မည်သို့သော သက်ရောက်မှုများရှိသည် ဆိုသည်ကို စဉ်းစားရန် အခွင့်အရေးပေးသည်။ ထို့ပြင် ကျွန်ုပ်တို့သည် မတူကွဲပြား နိုင်သော်လည်း ကျွန်ုပ်တို့အားလုံး ပါဝင်နိုင်ကြောင်း ဆွေးနွေးရန် အလားအလာများရှိသည်။

- ဤခြားနားချက်နှင့်ပတ်သက်၍ သင့်အား အထူးကောင်းမွန်သည် (သို့မဟုတ်) ဆိုးရွားစေသည်ဟု ခံစားစေရန် တစ်စုံတစ်ဦးမှ ပြုလုပ်ဖူးပါသလား။ မည်သူကနည်း၊ မည်သည့်အကြောင်းကြောင့်နည်း။
- ဤခြားနားချက်နှင့်ပတ်သက်၍ သင်မည်သည်ကို အနှစ်သက်ဆုံးဖြစ်သနည်း။ မည်သည်ကို မနှစ်သက်ဆုံးဖြစ်သနည်း။
- ဤခြားနားချက်ကြောင့် သင်သည် ကွဲပြားခြားနားသော အရာများကို လုပ်ဆောင်ရန် လိုအပ်ပါသလား။
- တူညီသော ခြားနားချက်ရှိသောသူများကို သင်သိပါသလား။

ကျောင်းသားသည် အတန်းစာအုပ်တစ်ခုလုံးတွင် စာမျက်နှာတစ်ခုဖြစ်လာမည့် စာမျက်နှာ တစ်ခုကို ဖန်တီးသည့် တစ်ဦးချင်းလုပ်ဆောင်မှုအတွက် လုပ်ငန်း (ဇယား ၆.၂) တွင် အကြံပြုချက် တစ်ခုရှိသည်။ ဤလုပ်ငန်းအား ထိုသို့ထပ်ပေါင်းလုပ်ဆောင်ခြင်းသည် အတန်းတွင်းရှိ ကျောင်းသားအားလုံး ပါဝင်ကြောင်း သရုပ်ပြသင်ကြားပြီး လူတိုင်းအကျုံးဝင်မှုကို မြှင့်တင်ပေးပါသည်။ လူတိုင်းသည် စာသင်ခန်းအသိုက်အဝန်းတစ်ခုလုံးကို အကျိုးပြုပါသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| အချိန် | ၅ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် –

- စက်ဝိုင်းပုံစံဝိုင်းဖွဲ့ထိုင်ရန် အတန်းသားအားလုံးကို ပြောပါ။
- စက်ဝိုင်းတစ်ဝိုက်တွင် ၎င်းတို့၏ စိတ်ကူးပုံဖော်မှုများကို လက်ဆင့်ကမ်းရန် ကျောင်းသားများကို ညွှန်ကြားပါ။

- အချင်းချင်း၏ လုပ်ဆောင်ချက်များကို ကြည့်ရှုလေ့လာရန် တိုက်တွန်းအားပေးပြီး၊ စိတ်ကူးပုံဖော်မှုများထဲမှ အထောက်အကူဖြစ်စေမည့် စိတ်ကူးပုံဖော်မှုတစ်ခုကို ဖော်ထုတ်သတ်မှတ်ရန်ဖြစ်ပြီး၊ အကြံပြုချက်မှာ အကြောင်းအရာ (သို့မဟုတ်) တင်ပြမှု ဖြစ်နိုင်သည်။
- ကျောင်းသားများအားငင်းတို့ အသုံးဝင်သည်ဟု တွေ့ရှိထားသည်တို့ကို ဝေမျှရန် ဖိတ်ခေါ်ပါ။

## ၆.၁.၂။ 'ငြိမ်းချမ်းစွာ နေထိုင်ခြင်း' အခန်းကို သင်ကြားခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့် ညှိနှိုင်းဖြေရှင်းရန် အချင်းချင်း၏ အမြင်များကို နားထောင်ရန် အဘယ်ကြောင့် လိုအပ်ကြောင်း ဖော်ပြတတ်မည်။
- ငြိမ်းချမ်းသော နည်းလမ်းဖြင့် ပြဿနာများကို ဖြေရှင်းသူတစ်ဦး၏ ထူးခြားသော လက္ခဏာများကို နမူနာလုပ်ပြရန် အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းတစ်ခုကို ပြင်ဆင်တတ်မည်။
- 'အပြုသဘောဆောင်သော' တုံ့ပြန်မှုများနှင့် 'အပျက်သဘောဆောင်သော' တုံ့ပြန်မှုများကို သရုပ်ပြသင်ကြားရန် လုပ်ငန်းတစ်ရပ်တွင် ရည်ရွယ်ချက်ရှိရှိ ရွေးချယ်အသုံးပြုထားသော ဘာသာစကားကို ညွှန်ပြတတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။

(ခ) (၃.၁.၃) စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေး အလေ့အကျင့်ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့်ဆောင်ရွက်သည်။

(ခ) (၃.၂.၂) ကျောင်းသားများအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားစွာ တန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန် အားပေးသည်။

(ခ) (၃.၂.၃) ကျောင်းသားတစ်ဦးစီ၏ နောက်ခံအကြောင်းအရင်းများနှင့် လိုအပ်ချက်များကို သိရှိရန် လေ့လာသင်ယူသည်။ ကျောင်းသားအားလုံးနှင့် ပုံမှန်အပြန်အလှန် ဆက်သွယ်ပြောဆိုသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်း**

သင်ယူမှုလုပ်ငန်း။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – ပဋိပက္ခများကို ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းရန်၊ ရင်ဆိုင်ဖြေရှင်းရန်နှင့် ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းပုံကို စံနမူနာပြရန် ရုပ်သေးလှုပ်ရှားမှုကို စီစဉ်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ**

ကျောင်းသားများ၏ နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- ကြည့်ရှုလေ့လာခြင်း
- အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း
- ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၁.၂) ကို ဖတ်ရှုပါ။

မိတ်ဆက်။ ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုအပေါ် ၎င်းတို့၏ အကဲဖြတ်ချက်များကို မျှဝေရန် ကျောင်းသားများအတွက် ပြင်ဆင်ပါ။ အောက်ဖော်ပြပါ အချက်များကို စက္ကူကားချပ်ကြီး (သို့မဟုတ်) သင်ပုန်းပေါ်တွင် ရေးပါ။

- လူတစ်ဦးချင်းစီနှင့် လူအုပ်စုများကြား မတူကွဲပြားမှုများနှင့် တူညီမှုများကို သတိပြုမိစေရန် အလားအလာအတွက် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ခွဲခြမ်းစိတ်ဖြာချက်နှင့်
- ဤသင်ယူမှုအခွင့်အလမ်းသည် ကျောင်းသားများအား စာသင်ခန်းအတွင်းပါဝင်သော အပြုအမူများဖွံ့ဖြိုးတိုးတက်စေရန် မည်ကဲ့သို့ကူညီပေးမည်ကို ရှင်းလင်းချက်။

သင်ယူမှုလုပ်ငန်း။ သင်ပုန်းပေါ်တွင် (သို့မဟုတ်) စက္ကူကားချပ်ကြီးပေါ်တွင် ရရှိသွားမည့် တတ်ကျွမ်းမှုများကို ရေးပါ။ စာသင်ခန်းရှေ့တွင် အရုပ်ငယ်များ (သို့မဟုတ်) ရုပ်သေးအရုပ်ငယ်များ ပြုလုပ်ခြင်းဆိုင်ရာ ရင်းမြစ်များကို ခင်းကျင်းပါ။

## လိုအပ်သော ရင်းမြစ်များ

မိတ်ဆက်။ မတင်ပြမီ အကဲဖြတ်ချက်များတွင် ပူးတွဲတင်ပြရမည့် အကြံပြုချက်ရေးရန် စာရွက်
သင်ယူမှုလုပ်ငန်း။ ပိုစတာစက္ကူ ဘောပင်စသည်ဖြင့်၊ ရုပ်သေးအဖြစ် အသုံးပြုရမည့် အရုပ်ငယ်များ (သို့မဟုတ်) ခြေအိတ်များ၊ ကြိုး/သိုးမွှေးများ၊ ဘောပင်များ၊ ကတ်ကြေးများ၊ ရုပ်သေးရုပ်များပြုလုပ်ရန်အတွက် ကော်ဘူး

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း | ၃၅ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| အချိန် | ၁၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | နှစ်ယောက်တစ်တွဲ (သို့မဟုတ်) ကျောင်းသားသုံးဦးပါဝင်သော အုပ်စုများ |

၁။ သင်ခန်းစာ (၆.၁.၁) ၏ သင်ယူမှုလုပ်ငန်း (၂) အရ အတန်းကို အုပ်စုများခွဲပါ။

၂။ ၎င်းတို့သည် ၎င်းတို့၏ အကဲဖြတ်ချက်ကို အခြားအုပ်စုအား ဖတ်ပြရမည် ဖြစ်ကြောင်း ရှင်းပြပါ။ ပထမဦးစွာ ၎င်းတို့သည် ရွေးချယ်ထားသော စာဖတ်ခြင်းအရင်းအမြစ်ကို ရှင်းပြမည် (သို့မဟုတ်) ဇယား (၆.၂) (၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များတွင်) လုပ်ဆောင်ချက်ကို ရှင်းပြပါမည်။ ထို့နောက် စာဖတ်ခြင်းရင်းမြစ်၏ သင်ယူနိုင်စွမ်းကို ရှင်းပြပါမည်။

၃။ ရှင်းလင်းပြောပြခြင်းအား နားထောင်သည့်အဖွဲ့သည် ယင်းနှင့်ပတ်သက်သည့် တုံ့ပြန်အကြံပြုချက်ကို ရေးမည်ဖြစ်သည် –

- လူတစ်ဦးချင်းစီနှင့် လူအုပ်စုများအကြား မတူကွဲပြားမှုများနှင့် တူညီမှုများကို သတိပြုမိစေရန် အလားအလာအတွက် စာဖတ်ခြင်းရင်းမြစ် (သို့မဟုတ်) ဇယား (၆.၂) ကို ခွဲခြမ်း စိတ်ဖြာခြင်း။
- ဤသင်ယူမှုအခွင့်အလမ်းသည် ကျောင်းသားများအား စာသင်ခန်းအတွင်း ပါဝင်သော အပြုအမူများ ဖွံ့ဖြိုးတိုးတက်စေရန် မည်သို့ကူညီပေးမည်ကို ရှင်းလင်းပြောပြခြင်း။

၄။ တုံ့ပြန်အကြံပြုချက်ကို နောင်အကိုးအကားအတွက် အုပ်စုများသို့ ပေးပို့နိုင်ပါသည်။ အုပ်စုတစ်စုစီသည် ၎င်းတို့၏လုပ်ဆောင်ချက်တွင် အကြံပြုချက်များကို ပူးတွဲတင်ပြပြီး ပြန်လည်သုံးသပ်ရန်အတွက် ပေးပို့မည်ဖြစ်သည်။

၅။ ကျွန်ုပ်တို့အားလုံး မတူကွဲပြားကြပြီး တူညီမှုလည်း ရှိကြကြောင်းကို ကျောင်းသားများအား နားလည်စေရန် ကူညီပေးခြင်းသည် စာသင်ခန်းအတွင်း လူတိုင်းအကျုံးဝင်စေမည့် အပြုအမူများကို မြှင့်တင်ရန် အရေးကြီးသော အယူအဆ တစ်ခု ဖြစ်ကြောင်း ထပ်လောင်းပြောဆိုပါ။ ဤနားလည်မှုသည် ငြိမ်းချမ်းသော စာသင်ခန်းပတ်ဝန်းကျင်ကို ဖန်တီးရန် သင်ယူမှုကို အထောက်အကူ ဖြစ်စေသည်။

# သင်ယူမှုလုပ်ငန်း။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – ပဋိပက္ခများကို ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းရန်၊ ရင်ဆိုင်ဖြေရှင်းရန်နှင့် ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းပုံကို စံနမူနာပြရန် ရုပ်သေးလှုပ်ရှားမှုကို စီစဉ်ခြင်း

| | |
|---|---|
| အချိန် | ၃၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | နှစ်ယောက်တစ်တွဲ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအတွက် ပဋိပက္ခ၊ ငြိမ်းချမ်းသော ဆွေးနွေးညှိနှိုင်းမှုနှင့် အပျက်သဘောနှင့် အပြုသဘောဆောင်သော အပြုအမူများအကြား ခြားနားချက်များအကြောင်း သင်ကြားရာတွင် အထောက်အကူဖြစ်စေမည့် အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းတစ်ခုဖြစ်သည့် သင်ကြားရေးအရင်းအမြစ်တစ်ခု ဖန်တီးရန်ဖြစ်သည်။

၁။ ဤသင်ယူမှုလုပ်ငန်းအတွက် အဆင့်သုံးဆင့်ရှိကြောင်း ရှင်းပြပါ။ ပထမအချက်မှာ ရုပ်သေးလှုပ်ရှားမှုအတွက် ကျိုးကြောင်းဆီလျော်မှုတစ်ခု ဖော်ထုတ်ရေးသားရန်ဖြစ်သည်။ ကျိုးကြောင်းဆီလျော်မှုသည် သင်ယူမှုလုပ်ငန်းအတွက် အသိပေးချက်တစ်ခုနှင့်တူကြောင်း သူတို့ကို အသိပေးပါ။ ၎င်းသည် သင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်ကို ဖော်ပြပြီး အဘယ်ကြောင့် ဤအရာသည် ကျောင်းသားများအတွက် အရေးကြီးသော အယူအဆတစ်ခု ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာ ဖော်ပြသည်။ အချက်အလက်များကို ဖော်ထုတ်ရေးသားရာတွင် ပူးပေါင်းလုပ်ဆောင်မှုတစ်ခု ပါဝင်မည်ဖြစ်သည်။

၂။ ဇယား (၆.၃) နှင့် သင်ခန်းစာ (၁.၁.၁) ကို လေ့လာကြည့်ရှု၍ အောက်ပါတို့နှင့် သက်ဆိုင်သည့်အချက်များကို ဖော်ထုတ်ပါ –

- သူငယ်တန်း၊ ပထမတန်း နှင့် ဒုတိယတန်း ကျောင်းသားများအတွက် သင်ယူမှုရလဒ်များနှင့်
- မြန်မာနိုင်ငံရှိ အခြေခံပညာရေး လမ်းညွှန်မှုဆိုင်ရာ အခြေခံမူများ။

၃။ ဤအချက်အလက်ကို ပြန်လည်ပြင်ဆင်ရန် ၎င်းတို့ကို မိနစ်အနည်းငယ်ပေးပါ။ (၃ မိနစ်)

၄။ ဤလုပ်ငန်းအတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်များကို အကြမ်းဖျင်းဖော်ပြပါ။ ဤသင်ယူမှုလုပ်ငန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –

- ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့် ညှိနှိုင်းဖြေရှင်းရန် အချင်းချင်း၏ အမြင်များကို နားထောင်ရန် အဘယ်ကြောင့် လိုအပ်ကြောင်း ဖော်ပြတတ်မည်။
- ငြိမ်းချမ်းသော နည်းလမ်းဖြင့် ပြဿနာများကို ဖြေရှင်းသူတစ်ဦး၏ ထူးခြားသော လက္ခဏာများကို နမူနာလုပ်ပြရန် အရုပ်ငယ်များအသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းတစ်ခုကို ပြင်ဆင်တတ်မည်။
- ‘အပြုသဘောဆောင်သော’ တုံ့ပြန်မှုများနှင့် ‘အပျက်သဘောဆောင်သော’ တုံ့ပြန်မှုများကို သရုပ်ပြသင်ကြားရန် လုပ်ငန်းတစ်ရပ်တွင် ရည်ရွယ်ချက်ရှိရှိ ရွေးချယ်အသုံးပြုထားသော ဘာသာစကားကို ညွှန်ပြတတ်မည်။

၅။ တွေး–တွဲ–မျှဝေ သင်ယူရန် ပံ့ပိုးဆောင်ရွက်ပေးပါ။

- တွေးပါ – ကျောင်းသားများကို ခေတ္တရပ်ပြီး တွေးတောဆင်ခြင်ခိုင်းပါ။ ယခုအချိန်ထိ ၎င်းတို့ဖတ်ရှုပြီး သင်ယူခဲ့သည်များကို စဉ်းစားခိုင်းပါ။ ဆရာများအား သင်ပုန်းပေါ်တွင် ရေးသားထားသော ရရှိသွားမည့် တတ်ကျွမ်းမှုများကို အာရုံစိုက်ရန် လမ်းညွှန်ပါ။ ထိုတတ်ကျွမ်းမှုများ၊ သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်းတို့အတွက် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်၏ သင်ယူမှု ရလဒ်များနှင့် မြန်မာနိုင်ငံရှိ အခြေခံပညာရေး လမ်းညွှန်မှုဆိုင်ရာ အခြေခံမှုများကို စဉ်းစားတွေးတောရန် ၎င်းတို့အား တောင်းဆိုပါ။
- တွဲ–မျှဝေပါ – ကျောင်းသားများ တစ်ယောက်နှင့်တစ်ယောက် အမြင်များကို နားထောင်ပြီး ပဋိပက္ခများကို ငြိမ်းချမ်းသော နည်းဖြင့် ဖြေရှင်းရန် အဘယ်ကြောင့် လိုအပ်ကြောင်း နှစ်ယောက်တစ်တွဲ တွဲပြီး ဆွေးနွေးစေပါ။ (၅ မိနစ်)

၆။ ဆွေးနွေးပြီးနောက် ၎င်းတို့၏ ရုပ်သေးလှုပ်ရှားမှုအစီအစဉ်၏ နိဒါန်းနှင့် နိဂုံး ဖြစ်လာမည့် စာပိုဒ်နှစ်ပိုဒ်ကိုရေးရန် လိုအပ်ကြောင်း ရှင်းပြပါ။ ကျိုးကြောင်းဆီလျော်မည့် နိဒါန်းစာပိုဒ်ကို ရေးသားရန် ၎င်းတို့ကို ညွှန်ကြားပါ။ အိမ်စာအတွက် နိဂုံးကို နောက်မှရေးပါမည်။ ၎င်းတို့သည် ကျောင်းသားကိုင်စာအုပ်ရှိ ဇယား (၆.၄) ကို အသုံးပြုနိုင်သည် (သို့မဟုတ်) ၎င်းတို့၏ သင်ကြားရေးအရင်းအမြစ်ဖိုင်တွဲများနှင့် /သို့မဟုတ် ပိုစတာစာရွက်ကို အသုံးပြုနိုင်သည်။ (၁၀ မိနစ်)

၇။ ယခုအခါ ကျောင်းသားများသည် လုပ်ငန်း၏ ဒုတိယပိုင်းအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းပေးသူ၏ ရုပ်သေးရုပ်ပုံသဏ္ဌာန်ကို စံနမူနာပြုရန် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းပြပါ။ ရုပ်သေးလှုပ်ရှားမှုသည် သူငယ်တန်း၊ အဆင့် (၁) နှင့်/သို့မဟုတ် အဆင့် (၂) ကျောင်းသားများအတွက် သင့်လျော်ကြောင်း ထောက်ပြပါ။ လှုပ်ရှားမှုကို အဆင့်သုံးဆင့်လုံးအတွက် စီစဉ်နိုင်သည်။ ၎င်းတို့သည် အဆင့်တစ်ဆင့်ကို ရွေးချယ်မည်ဖြစ်ပြီး အခြားအဆင့်နှစ်ဆင့်အတွက် သင်ယူမှုကို မည်သို့ခွဲခြားရမည်ကို ရှင်းပြမည် (ဇယား ၆.၄ ၏ အောက်ဆုံးအတန်းကို ကျောင်းသားကိုင်စာအုပ်တွင် ကြည့်ပါ)။

၈။ သင်ခန်းစာ (၆.၁.၃) တွင် ၎င်းတို့သည် ရုပ်သေးဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း ထောက်ပြပါ။ သင် စုဆောင်းထားသော အရုပ်များကို ပြသပါ (သို့မဟုတ်) ၎င်းတို့လက်တွင် ခြေအိတ်များကို အရုပ်များအဖြစ် အသုံးပြုရန် အားပေးပါ။ ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များရှိ ပုံ (၆.၆) နှင့် (၆.၇) ကို ကြည့်ပါ။

၉။ ရုပ်သေးရုပ်များအတွက် ဇာတ်ညွှန်းရေးရန် လိုအပ်ကြောင်း ရှင်းပြသည်။ ပဋိပက္ခဖြေရှင်းရန် ကြိုးပမ်းရာတွင် အဖျက်သဘောဆောင်သော ချဉ်းကပ်မှု ဥပမာတစ်ခုဖြင့် ဇာတ်ညွှန်းကို စတင်ရန် အကြံပြုအပ်ပါသည်။ ထို့နောက် ရုပ်သေးရုပ်ငယ်များ တွေ့ကြုံခံစားရနိုင်သည်များကို ဆွေးနွေးမှုအား အားပေးရန် ရုပ်သေးပွဲကို ခေတ္တရပ်နားထားရန် အကြံပြုပါ။ (အကြံပြုချက် – ဤလုပ်ငန်းအပိုင်းကို သင်ခန်းစာ ၆.၁.၃ အတွက် အသုံးပြုပါမည်)။

၁၀။ ဆွေးနွေးမှုကို မြှင့်တင်ရန် ကျောင်းသား အုပ်စုများကို မေးခွန်း ငါးခု ထုတ်ရန် ညွှန်ကြားပါ။

၁၁။ ထို့နောက် ပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် အပြုသဘောဆောင်သော ချဉ်းကပ်မှုပုံစံဖြင့် ရုပ်သေးအရုပ်ငယ်ပြဇာတ်ကို ပြန်လည်စတင်ရန် အကြံပြုအပ်ပါသည်။ ဒုတိယတန်း ကျောင်းသားများအတွက် ရုပ်သေးလှုပ်ရှားမှုကို စီစဉ်နေပါက ပဋိပက္ခကို ပိုမိုငြိမ်းချမ်းသော ချဉ်းကပ်နည်းဖြင့် နမူနာလုပ်ပြရန် ကျောင်းသားများ ဇာတ်ညွှန်းကို ပြန်လည်ရေးသားနိုင်စေရန် အခွင့်အလမ်း တစ်ခု ဖန်တီးပေးရန် အကြံပြုပါ။ (၁၇ မိနစ်)

၁၂။ တတိယအဆင့်တွင် နိဂုံးမချုပ်မီတွင် စာပိုဒ်တစ်ခုရေးရန် ပါဝင်သည်။ ဤစာပိုဒ်သည် အပြုသဘောဆောင်ပြီး အပျက်သဘောဆောင်သော

အမူအကျင့်များကို သရုပ်ပြသရန် ရုပ်သေးလှုပ်ရှားမှုတွင် တမင်တကာ ဘာသာစကားရွေးချယ်မှုများကို ထောက်ပြပါမည်။ ဇာတ်ညွှန်းရှိ ဘာသာစကားရွေးချယ်မှုများကို မီးမောင်းထိုးပြနိုင်ကြောင်း ရှင်းပြပါ။ ဤစာပိုဒ်နှင့် နိဂုံးအပိုဒ်သည် အိမ်စာလုပ်ငန်းအဖြစ် ပြီးမြောက်အောင် လုပ်ဆောင်နိုင်သည်။ အုပ်စုတစ်စုစီသည် စာပိုဒ်တစ်ပိုဒ်စီရေးနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- ကျောင်းသားများ၏ ဆွေးနွေးချက်အား ကြည့်ရှုနားထောင်ခြင်း၊
- သင်ခန်းစာ (၆.၁.၃) တွင် ရုပ်သေးဖျော်ဖြေမှုများကို ကြည့်ရှုခြင်းနှင့်
- ကျောင်းသားများ၏ လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်ခြင်း (တင်ပြရန်အတွက် မိတ္တူကူးရန် လိုအပ်ပါမည်)။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ယူမှုလုပ်ငန်းအတွက် အဖြေမှန်သည် တစ်ခုမကရှိနိုင်ပါသည်။ အကြောင်းအရာသည် သင်ခန်းစာ (၆.၁.၁) နှင့် (၆.၁.၂) ကို အခြေခံရန် လိုအပ်ပါသည်။ ဆရာလမ်းညွှန်ရှိ ဇယား (၆.၁) တွင် ဥပမာတစ်ခု ပါဝင်သည်။

## ဆရာလမ်းညွှန် ဇယား ၆.၁။ ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ – ရုပ်သေးလှုပ်ရှားမှု သူငယ်တန်း – ဒုတိယတန်း

| | |
|---|---|
| **နိဒါန်း (ကျိုးကြောင်းဆီလျော်မှု) –**<br><br>တစ်ဦးနှင့်တစ်ဦး အမြင်များကို မည်ကဲ့သို့ နားထောင်ရမည်ကို လေ့လာသင်ယူရန် အဘယ်ကြောင့် လိုအပ်သနည်း။ | ကျောင်းသားများအတွက် စည်းလုံးမှု၊ စာနာမှု၊ သည်းခံမှုနှင့် လက်ခံမှုတို့အကြောင်း လေ့လာရန် အရေးကြီးပါသည်။ နိုင်ငံသားကောင်းများဖြစ်လာရန် ကျောင်းသားများသည် အုပ်စုအလိုက်စုဖွဲ့ကာ အချင်းချင်း၏တန်ဖိုးနှင့် ယုံကြည်ချက်များကို လေးစားရန် လိုအပ်သည်။ ၎င်းတို့သည် အခြားသူတစ်ဦး၏ခံစားချက်ကို အသိအမှတ်ပြု နားလည်သဘောပေါက်ရန် လိုအပ်ပြီး အခြားသူတစ်ဦး၏ ထင်မြင်ချက်များကို သဘောမတူပါက သည်းခံခွင့်လွှတ်နိုင်ရန် လိုအပ်သည်။ မြန်မာနိုင်ငံရှိ *အခြေခံပညာရေး လမ်းညွှန်မှုဆိုင်ရာ အခြေခံမူများ*[၁၈] အရ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် ရိုးရာ အစဉ်အလာများကို လေးစားတန်ဖိုးထားရန်နှင့် စည်းလုံးညီညွတ် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နည်းကို လေ့လာရန် လိုအပ်ပါသည်။ |
| **သင်ယူမှုရည်မှန်းချက်များနှင့် အတန်းအဆင့်** | ပတမတန်းနှင့်ဒုတိယတန်း –<br><br>မတူညီသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို လေးစားပါ။<br><br>နေရာဒေသနှင့် လူမျိုးကို ချစ်ပါ။<br><br>တစ်ယောက်ကိုတစ်ယောက် ယုံကြည်လေးစားပါ။<br><br>မျှော်မှန်းရလဒ် (၃ – င) အခြားလူ၏အပြုအမူသည် မိမိအပေါ် မလေးမစားဖြစ်နေပါက ကလေးများသည် လေးလေးစားစား ပြောဆိုပြုမူရန် ရပ်တည်ချက် ခိုင်မာစွာ ဖော်ထုတ်တောင်းဆိုနိုင်သည်။<br><br>သူငယ်တန်း – မျှော်မှန်းရလဒ် (၄ – င) ကလေးများသည် လူကြီးများ၏ ကူညီအားပေးမှုဖြင့် မိမိ၏ ယဉ်ကျေးမှုဓလေ့များနှင့် အခြားလူများ၏ ယဉ်ကျေးမှုဓလေ့များကို လေးစားတန်ဖိုးထားမှုရှိကြောင်း ပြသသည်။ |
| **သင်ကြားပြသခြင်း –**<br><br>ရုပ်သေးလှုပ်ရှားမှု ဇာတ်ညွှန်း | ဇာတ်ညွှန်းသည် ပဋိပက္ခကို ဖြေရှင်းရန် ကြိုးပမ်းရာတွင် အပျက်သဘော ဆောင်သော ချဉ်းကပ်မှုတစ်ခု၏ ဥပမာကို တင်ပြလိုပါသည်။ ဥပမာအားဖြင့် ရုပ်သေးများသည် တစ်ဦးနှင့်တစ်ဦး ပစ္စည်းများကို မျှဝေခြင်း (သို့မဟုတ်) မထိခိုက်ခြင်းနှင့်ပတ်သက်၍ အငြင်းအခုံဖြစ်နိုင်သည်။ အပြုအမူနှင့် စကားများသည် ရိုင်းရိုင်းစိုင်းစိုင်း စော်ကားခြင်း ဖြစ်နိုင်သည် (သို့မဟုတ်) ရုပ်သေးတစ်ရုပ်သည် အခြားတစ်ရုပ်ကို လုံးဝလျစ်လျူရှုနိုင်သည်။ |

၁၈ Basic Education Curriculum Framework (6th version).

| | |
|---|---|
| **တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း –**<br><br>ရုပ်သေးအရုပ်ငယ်များ ခံစားရနိုင်သည်နှင့် ပတ်သက်၍ ဆွေးနွေးမှုကို လှုံ့ဆော်ရန် မေးခွန်း (၅) ခု မေးမြန်းပါ။ | အရုပ်လေးတွေက ဘယ်လိုခံစားရနိုင်မလဲ။<br><br>ဘယ်သူမှန်လဲ၊ ဘာကြောင့်လဲ။<br><br>မည်သည်က အငြင်းအခုံဖြစ်စေသလဲ။<br><br>ဤသည်မှာ ငြင်းခုံရန်ခိုင်လုံသော အကြောင်းပြချက်တစ်ခု ဖြစ်ပါသလား။<br><br>အရုပ်ငယ်လေးရဲ့ ခံစားချက်တွေကို နာကျင်စေတယ်လို့ သင်ထင်ပါသလား။<br><br>ဘယ်အရုပ်လေးရဲ့ ခံစားချက်တွေ နာကျင်ခဲ့ရသလဲ။<br><br>အရုပ်လေးတွေ ဘယ်လိုပြန်လည်သင့်မြတ်နိုင်မလဲ။<br><br>၎င်းတို့သဘောတူညီချက်ရရန် ဖြစ်နိုင်မည်လား။<br><br>ပိုကောင်းတဲ့နည်းလမ်းတစ်ခုက ဘာဖြစ်မလဲ။ |
| **သင်ကြားပြသခြင်း –**<br><br>ရုပ်သေးလှုပ်ရှားမှု ဇာတ်ညွှန်း၏ ဒုတိယအပိုင်း | ပဋိပက္ခကို ဖြေရှင်းရန် အပြုသဘောဆောင်သော ချဉ်းကပ်မှုတစ်ခု၏ ဥပမာတစ်ခုကို ဖော်ပြရန်လိုအပ်သည်။ ဥပမာအားဖြင့် ရုပ်သေးများသည် ထိုကိစ္စကို ဆွေးနွေးနိုင်သည်။ အဲဒီအရုပ်က ငါပိုင်တယ်၊ မင်းကို ငါသုံးခွင့်ပေးမယ်၊ ဒါပေမဲ့ မင်းငါ့အတွက် သေချာဂရုစိုက်ပေးနိုင်မလား စသည်ဖြင့်။<br><br>မင်းငါ့ကို ဘာလို့ လျစ်လျူရှုနေတာလဲ၊ ငါတို့သူငယ်ချင်း ဖြစ်ချင်တယ်။<br><br>မင်းဘာလို့ ဝမ်းနည်းနေတာလဲ။ ကူညီပါရစေ။<br><br>မင်းငါ့ကို စိတ်ဆိုးမိစေလို့ တောင်းပန်ပါတယ်၊ မင်းရဲ့အလှည့်ကို ငါမသိလိုက်ဘူး၊ ငါတို့ပြန်စလို့ရမလား။ |

| | |
|---|---|
| **ဘာသာစကားအသုံးအနှုန်း ရွေးချယ်မှုများ –**<br><br>အပြုသဘောနှင့် အပျက်သဘော ဆောင်သော အပြုအမူကိုပြသရန် ဇာတ်ညွှန်းတွင် ရည်ရွယ်ချက်ရှိရှိ ဘာသာစကားအသုံးအနှုန်း ရွေးချယ်ထားမှုများကို ထောက်ပြပါ (သို့မဟုတ်) မီးမောင်းထိုးပြပါ။ | ၎င်းတို့သည် အောက်ပါအချက်များအပေါ် အခြေခံပြီး ကျောင်းသားများက ဘာသာစကားရွေးချယ်မှုများကို မီးမောင်းထိုးပြနိုင်သည် –<br><br>အပျက်သဘောဆောင်သော အပြုအမူများတွင် အောက်ပါတို့ပါဝင်သည် –<br><br>• အနိုင်ရလိုစိတ်<br>• ရိုင်းစိုင်းသောမှတ်ချက်များ<br>• ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု<br>• လေးစားမှုမရှိခြင်း<br>• အပျက်သဘောဆောင်သော စကားအသုံးအနှုန်းများ<br>• နားထောင်ပေးမှုမရှိခြင်း<br><br>အပြုသဘောဆောင်သော အပြုအမူများတွင် အောက်ပါတို့ပါဝင်သည် –<br><br>• သိရှိနားလည်လိုစိတ်/စာနာထောက်ထားစိတ်<br>• အပြန်အလှန်လေးစားမှု<br>• အခြားသူ၏အတွေးအမြင်များကို ပွင့်လင်းမြင်သာအောင် ပြုလုပ်ခြင်း<br>• မိမိတို့၏ထင်မြင်ချက်သည် အမြဲတမ်းမမှန်နိုင်သည်ကို အသိအမှတ်ပြုခြင်း/ သိရှိခြင်း<br>• စိတ်ပါဝင်စားစွာ နားထောင်ခြင်း<br>• ကရုဏာထားခြင်း/ကြင်နာသနားတတ်ခြင်း<br>• တီထွင်ဖန်တီးနိုင်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ပြဿနာဖြေရှင်းခြင်း<br>• ပူးပေါင်းဆောင်ရွက်ခြင်း |
| **နိဂုံး–**<br><br>နိဒါန်းနှင့်ချိတ်ဆက်ရန် | အရုပ်ငယ်များသည် လက်တွေ့ဘဝ စာသင်ခန်းတွင်း အဖြစ်အပျက်များကို ပုံဖော်ရန်နှင့် စာသင်ခန်းအတွင်း ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကို ဖော်ထုတ်ရန်အတွက် အထူးအသုံးဝင်ပါသည်။ အရုပ်ငယ်များသည် ပြဿနာတစ်ရပ်ကို သရုပ်ပြပြီး ပါဝင်ပတ်သက်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးအားပေးရန် ထိပ်တိုက်ရင်ဆိုင်မှု မဖြစ်နိုင်သော နည်းလမ်းတစ်ခုဖြစ်သည်။ ကျောင်းသားများသည် အရုပ်ငယ်များ၏ ရှုထောင့်များ၊ အတွေ့အကြုံများနှင့် ဆက်စပ်ပြီး ဇာတ်လမ်းတစ်ပုဒ်၏ မူကွဲများစွာနှင့် ရှုထောင့်များစွာကို မကြာခဏ မည်ကဲ့သို့ ရှိနေသည်ကို အသိအမှတ်ပြုနိုင်သည်။ ဤသင်ယူမှုလုပ်ငန်း အမျိုးအစားဖြင့် ကျောင်းသားများသည် စာသင်ခန်းအတွင်း ပူးတွဲသင်ယူသူများ အနေဖြင့် အချင်းချင်း လေးစားတန်ဖိုးထားရန်နှင့် ငြိမ်းချမ်းစွာ သဟဇာတဖြစ်ရန် မည်ကဲ့သို့ယှဉ်တွဲနေထိုင်ရမည်ကို သင်ယူကြသည်။ |
| **လိုအပ်ချက်အလိုက် ပြောင်းလဲသင်ကြားခြင်း –** | ဤကဏ္ဍတွင် အခြားနည်းလမ်းများကို အကြံပြုခြင်း ပါဝင်သည်။ ဥပမာအားဖြင့် ဒုတိယတန်း ကျောင်းသားများသည် ဇာတ်ညွှန်းကို ပြန်လည်ရေးသားနိုင်သည်။ ဒုတိယတန်း ကျောင်းသားများအတွက် မတူညီသော ဆွေးနွေးရန်အချက်များကို ထည့်သွင်းနိုင်သည်။ |

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| အချိန် | ၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် –

- စက်ဝိုင်းပုံစံဝိုင်းဖွဲ့ထိုင်ရန် အတန်းကို စုရုံးစေပါ။
- သင်ပုန်းပေါ်တွင် ရေးသားထားသော ရရှိသွားမည့် တတ်ကျွမ်းမှုများကို ကျောင်းသားများအား ညွှန်ကြားပါ။
- စက်ဝိုင်းပတ်လည် လှည့်လည်၍ ကျောင်းသားများအား ဖိတ်ခေါ်ပြီး အဆိုပါ တတ်ကျွမ်းမှုများအနက် တစ်ခုကို ရရှိရန် ၎င်းတို့ မည်သို့ ဆောင်ရွက်နေကြောင်း ဖော်ပြစေပါ။
- ၎င်းတို့မည်သည်တို့ကို ထပ်မံတိုးတက်ချင်သည်ကို စဉ်းစားရန် တိုက်တွန်းပါ။

# ၆.၁.၃။ မူလတန်းအောက်ဆင့်တွင် 'ငြိမ်းချမ်းစွာ နေထိုင်ခြင်း' ကို သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် စာသင်ခန်းအတွင်း 'အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်' ကို မည်သို့ဖန်တီးရကြောင်း ရှင်းပြတတ်မည်။
- ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ ပူဆွေးသောကရောက်ခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း ကဲ့သို့သော စိတ်လှုပ်ရှားမှုများအကြောင်း ဆွေးနွေးမှုကို အဆင့်ဆင့်ပံ့ပိုးကူညီသည့် လုပ်ငန်းတစ်ရပ်ကို ပြင်ဆင်တတ်မည်။
- စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ထိန်းကျောင်းသည့် နည်းလမ်းများကို ကျောင်းသားများ သင်ယူရာတွင် အထောက်အကူဖြစ်စေရန် စိတ်လှုပ်ရှားမှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ပတ်သက်သော ထပ်ဆောင်းလုပ်ငန်းတစ်ရပ်အား မည်သို့ လုပ်ဆောင်ရကြောင်းကို ရှင်းပြတတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှု

(ခ) (၁.၂.၃) ကျောင်းသားများအတွက် လက်တွေ့လုပ်ငန်းများမှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ ဆက်စပ်နေသော အကြောင်းအရာ၊ အသိသညာများကို စူးစမ်းရှာဖွေနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်ဖန်တီးရေးသားခြင်း – ကျောင်းသားအားလုံး၏ အတွေးအခေါ် များကို တန်ဖိုးထားသည့် စာသင်ခန်းအတွင်း “အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်” ကို မည်သို့ဖန်တီးရကြောင်းကို ရှင်းပြခြင်း

သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ဖန်တီးရေးသားခြင်း – စိတ်လှုပ်ရှားမှုများအကြောင်း ဆွေးနွေးခြင်းအတွက် ထပ်ဆောင်းလုပ်ငန်းတစ်ရပ်အား လုပ်ဆောင်ရန် သင်ယူမှုလုပ်ငန်း တစ်ခုကို စီစဉ်ခြင်းဖြင့် ကျောင်းသားများ စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို သတိပြုမိ သိရှိနိုင်ရန်နှင့် ကိုယ်တိုင်ထိန်းကျောင်းနိုင်ရန် သင်ယူနိုင်ခြင်း

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ

ကျောင်းသားများ၏ နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် အကဲဖြတ်နိုင်ပါသည်။

- ကြည့်ရှုလေ့လာခြင်း
- အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း
- ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၁.၃) ကို ဖတ်ရှုပါ။

မိတ်ဆက်။ မိတ်ဆက်ကို ဖတ်ပြီး သင်ခန်းစာ (၆.၁.၂) မှ ကျောင်းသားနှစ်ယောက်တစ်တွဲကို အခြားကျောင်းသားတစ်တွဲနှင့် ပူးပေါင်းလုပ်ဆောင်ရန် စုစည်းပါ။

သင်ယူမှုလုပ်ငန်း (၁)။ သင်ကြားရေးရင်းမြစ်ဖိုင်တွဲတစ်ခုတွင် စာမျက်နှာများကို ထည့်သွင်းမည့် ကျောင်းသားများအား ပိုစတာစာရွက်များထုတ်ပေးပါ။

သင်ယူမှုလုပ်ငန်း (၂)။ ၎င်းတို့၏ အရုပ်ငယ်ပြပွဲများကို ဖျော်ဖြေရန်အဖွဲ့များအတွက် စာသင်ခန်းရှိ စားပွဲခုံကို စီစဉ်ပါ။

## လိုအပ်သော ရင်းမြစ်များ

မိတ်ဆက်။ စက္ကူကားချပ်ကြီးနှင့် မာကာများ

သင်ယူမှုလုပ်ငန်း (၁)။ ပိုစတာစာရွက်

သင်ယူမှုလုပ်ငန်း (၂)။ စာရွက်၊ မာကာ စသည်များ။

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် –

| | |
|---|---|
| သင်ယူမှုလုပ်ငန်း (၁) | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၃၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်ဖန်တီးရေးသားခြင်း – ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် စာသင်ခန်းအတွင်း 'အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်' ကို မည်သို့ ဖန်တီးရကြောင်းကို ရှင်းပြခြင်း

| | |
|---|---|
| အချိန် | ၁၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်ဦးချင်း |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် စာသင်ခန်းအတွင်း 'အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်' ကို တည်ဆောက်နိုင်ရန် ပံ့ပိုးပေးမည့် လမ်းညွှန်ရင်းမြစ်တစ်ခုကို ကျောင်းသားများဖန်တီးရန် ဖြစ်သည်။

၁။ ဤသင်ယူမှုလုပ်ငန်း လုပ်ဆောင်ချက်အတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်ကို အကြမ်းဖျင်း ဖော်ပြပါ။

ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –

- ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် စာသင်ခန်း အတွင်း 'အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်' ကို မည်သို့ဖန်တီးရကြောင်း ရှင်းပြတတ်မည်။

၂။ ဤရင်းမြစ်သည် စာသင်ခန်းအတွင်း ပိုင်ဆိုင်မှုနှင့် ထိန်းသိမ်းရန် စာသင်နှစ်အတွင်း လုပ်ဆောင်ရမည့်အဆင့်များကို ရှင်းပြသည့် အဆင့်ဆင့်သော လုပ်ထုံးလုပ်နည်း တစ်ခု ဖြစ်ကြောင်း ရှင်းပြပါ။

၃။ ကျောင်းသားများကို တီထွင်ဖန်တီးနိုင်စေရန်နှင့် ၎င်းတို့၏ အချက်အလက်များကို လုပ်ငန်းစဉ်အဆင့်ဆင့်ပြဇယား၊ ပိုစတာ၊ စိတ်ကူးပုံဖော်မှု (သို့မဟုတ်) အင်ဖိုဂရပ်ဖစ် ပုံကြမ်းအဖြစ် တင်ပြရန် အားပေးပါ။

၄။ အောက်ပါအကြောင်းအရာများပါဝင်ရန် လိုအပ်ကြောင်း ကျောင်းသားများအား ပြောကြားပါ –

- အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်၏ အဓိပ္ပာယ်ကို ရှင်းလင်းချက်။
- အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို ဖန်တီးခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း အကြောင်းပြချက်တစ်ခု။
- သင့်စာသင်ခန်းကို သတ်မှတ်ခြင်းအတွက် အဆင့်ဆင့်လုပ်ဆောင်ခြင်း။
- စာသင်နှစ်တစ်လျှောက်လုံးတွင် အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက် ရရှိနိုင် စေရန် ကူညီပေးမည့် ပြန်လည်သုံးသပ်ရန်မေးခွန်းများ။

၅။ ၎င်းတို့၏ သင်ကြားရေးရင်းမြစ်ဖိုင်တွဲများ (သို့မဟုတ်) ကျောင်းသားကိုင်စာအုပ်ရှိ လေးထောင့်ကွက် (၆.၄) ကို အသုံးပြုရန် ကျောင်းသားများကို တိုက်တွန်း ပြောကြားပါ။

**ဆရာ့မှတ်စု**

အလုပ်မပြီးသေးသော ကျောင်းသားများကို အိမ်စာလုပ်ငန်းအချိန်တွင် အချိန်မီ ပြီးစီးအောင် လုပ်ဆောင်ရန် အားပေးပါ။

၎င်းတို့ကို နောက်သင်ခန်းစာတွင် တင်သွင်းမည်ဖြစ်သောကြောင့် ၎င်းတို့သည် အလုပ်ကို မိတ္တူကူးယူရန် လိုအပ်နိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်းဖြင့် နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ယူမှုလုပ်ငန်းအတွက် အဖြေမှန်သည် တစ်ခုမကရှိနိုင်ပါသည်။ အကြောင်းအရာသည် သင်ခန်းစာ (၆.၁.၁)၊ (၆.၁.၂) နှင့် (၆.၁.၃) အပေါ် အခြေခံရန် လိုအပ်ပါသည်။ ဆရာလမ်းညွှန် ဇယား (၆.၂) တွင် ဥပမာတစ်ခု ပါဝင်သည်။

## ဆရာလမ်းညွှန် ဇယား ၆.၂။ ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ – စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို ဖန်တီးထိန်းသိမ်းခြင်း[၁၉]

**အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်** ဟူသည် ကျောင်းသားတစ်ယောက်ချင်းစီသည် တန်ဖိုးထားကြောင်း ခံစားရရန် လိုအပ်သည်။ “အဆင်ပြေ” သည်ထက်ပိုသည်။

- ကျောင်းသားများ၏ ထူးခြားမှုကို တန်ဖိုးထားရန် လိုအပ်သည်။
- စာသင်ခန်းနှင့်ကျောင်းတွင် ကြိုဆိုမှုရှိပြီး သက်သောင့်သက်သာရှိရန် လိုအပ်သည်။
- ၎င်းတို့သည် ကျောင်းမိသားစု၏ အစိတ်အပိုင်းတစ်ခုကဲ့သို့ ခံစားလိုသည်။
- ၎င်းတို့၏ မိသားစုများသည်လည်း ကြိုဆိုမှုကို ခံစားရမည်ဖြစ်သည်။



**ညှိပေးခြင်း** - ကျောင်းသားအားလုံးသည် မတူကွဲပြားကြပြီး အချို့သော ကျောင်းသားများသည် အခြားကျောင်းသားများထက် သင်ယူရန် အတားအဆီးများ ရှိနေနိုင်သည်။ ဆရာတစ်ဦးအနေဖြင့် ကျောင်းသားများ စာသင်ခန်းအတွင်း ရှိနေခြင်းကို တန်ဖိုးထားကြောင်း သိရှိခံစားမိစေရန် ကျွန်ုပ်တို့တွင် တာဝန်ရှိသည်။ ကျောင်းသားအားလုံးသည် စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟု ခံစားမိရန် လိုအပ်ပါသည်။ စာသင်ခန်းပတ်ဝန်းကျင်တွင် ကျောင်းသားများ၏ စိတ်ကူးများကို စိန်ခေါ်၍ ပံ့ပိုးမှုပေးနိုင်ရန် တက်ကြွသော ပါဝင်ဆွေးနွေးမှုများ လုပ်ဆောင်ရန် လိုအပ်ပါသည်။ ကျောင်းသားများသည် အဖွဲ့ဝင်ဖြစ်သည်ဟူသည့် ခံစားချက်မျိုးမရှိပါက စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ကြမည် မဟုတ်ပါ။



**လုပ်ထုံးလုပ်နည်း**

ပထမနေ့။ ကျောင်းသားများအချင်းချင်း အပြန်အလှန်ဆွေးနွေးမှုကို ပံ့ပိုးပေးသည့် စာသင်ခန်း ကျင့်ဝတ်တစ်ခုကို ဖန်တီးပါ။

ပထမ အပတ်။ တစ်ဦးတစ်ယောက်ချင်းစီ၏ တန်ဖိုးထားမှုများနှင့် ယုံကြည်ချက်များကို လေ့လာပါ။

ဒုတိယ အပတ်။ အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို သစ်ပင် ပုံသဏ္ဌာန်ဖြင့် ဖန်တီးတည်ဆောက်ပါ။ စားပွဲခုံတစ်လုံး နေရာလွတ်ချန်ထား၍ အဘယ်ကြောင့် ဤသို့နေရာချန်ထားခြင်းဖြစ်ကြောင်းကို ရှင်းပြပါ။

တတိယ အပတ်။ ကျောင်းသားတစ်ဦးချင်းစီသည် ၎င်းတို့၏ ပန်းတိုင်နှင့် အောင်မြင်မှုများကို စာမျက်နှာတစ်ခုထဲတွင် ပေါင်းထည့်နိုင်မည့် အထောက်အထားဖိုင်တွဲတစ်ခုကို စတင်ဖန်တီးပါ။

အပတ်စဉ်။ လူမှုဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာ သာယာကောင်းမွန်ရေးတို့နှင့် စပ်လျဉ်း၍ ကျောင်းသားများအနေဖြင့် ဆွေးနွေးမှုပြုနိုင်ရန် နေရာတစ်ခုကို ဖန်တီးပါ။



**ပြန်လည်သုံးသပ်ရန် မေးခွန်းများ**


ကျောင်းသားများကို အခွင့်အရေး ညီမျှစွာ ပံ့ပိုးပေးပါသလား။


အထောက်အထားဖိုင်ကို ပုံမှန်အားဖြင့် မှတ်တမ်းတင်ပါသလား။

အကျင့်စာရိတ္တ ပြောင်းလဲလာသော ကျောင်းသားများကို ချီးကျူးဂုဏ်ပြုပေးပါသလား။

ကျောင်းသားများ၏ မိသားစုများ၏ ပါဝင်ခွင့် ရရှိစေခဲ့ပါသလား။

မိဘများထံသို့ စာဖြင့်ရေးသား အကြောင်းကြားဖူးပါသလား။





## သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ဖန်တီးရေးသားခြင်း – စိတ်လှုပ်ရှားမှုများအကြောင်း ဆွေးနွေးခြင်းအတွက် ထပ်ဆောင်းလုပ်ငန်းတစ်ရပ်အား လုပ်ဆောင်ရန် သင်ယူမှုလုပ်ငန်းတစ်ခုကို စီစဉ်ခြင်းဖြင့် ကျောင်းသားများ စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို သတိပြုမိသိရှိနိုင်ရန်နှင့် ကိုယ်တိုင်ထိန်းကျောင်းနိုင်ရန် သင်ယူနိုင်ခြင်း

| | |
|---|---|
| အချိန် | ၃၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသားလေးဦးပါဝင်သော အုပ်စုများ |

၁၈ စာရေးသူ၏ မူပိုင်ရုပ်ပုံကို ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအတွက် ဆွေးနွေးမှုလုပ်ငန်း တစ်ခုအား စီစဉ်ရန်၊ စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို သတိပြုမိသိရှိရန်နှင့် မိမိကိုယ်ကို ထိန်းကျောင်းရန် အခွင့်အလမ်းများကို ဖန်တီးရန်အတွက် ဤလုပ်ငန်းကို တိုးချဲ့ရန်ဖြစ်သည်။

၁။ သင်ယူမှုလုပ်ငန်း လုပ်ဆောင်ချက်အတွက် သက်ဆိုင်ရာ သင်ယူမှုရလဒ်များကို အကြမ်းဖျင်း ဖော်ပြပါ။
ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –
- ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ ပူဆွေးသောကရောက်ခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း ကဲ့သို့သော စိတ်လှုပ်ရှားမှုများအကြောင်း ဆွေးနွေးမှုကို အဆင့်ဆင့် ပံ့ပိုးကူညီသည့် လုပ်ငန်းတစ်ရပ်ကို ပြင်ဆင်တတ်မည်။
- စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ထိန်းကျောင်းသည့် နည်းလမ်းများကို ကျောင်းသားများ သင်ယူရာတွင် အထောက်အကူဖြစ်စေရန် စိတ်လှုပ်ရှားမှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ပတ်သက်သော ထပ်ဆောင်းလုပ်ငန်းတစ်ရပ်အား မည်သို့လုပ်ဆောင်ရကြောင်းကို ရှင်းပြတတ်မည်။

၂။ အတန်းကို ၎င်းတို့၏ အုပ်စုများတွင်ထားရှိကာ ကျောင်းသားအုပ်စု တစ်အုပ်စုစီကို ၎င်းတို့၏ ရုပ်သေးပြပွဲကို လုပ်ဆောင်ရန် ညွှန်ကြားပါ။ (၁၀ မိနစ်)

၃။ အချိန် (၁၀) မိနစ်အကြာတွင် ၎င်းတို့အား စိတ်လှုပ်ရှားမှုများအကြောင်း ဆွေးနွေးရန် ရုပ်သေးပြပွဲကို အခြေခံ၍ လုပ်ငန်းတစ်ရပ်ကို စီစဉ်ရန် (လေးယောက် တစ်အုပ်စုတွင်) အတူတကွလုပ်ဆောင်ရန် တောင်းဆိုပါ။ ထို့ကြောင့် အရုပ်ငယ်များ ကြုံတွေ့နေရသည့် ပြဿနာမှာ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများကို ဖြစ်ပေါ်စေသင့်သည်။ ဆွေးနွေးသည့် မေးခွန်းများသည် ထိုခံစားချက်များ၊ အရုပ်ငယ်လေးများ မည်သို့ ခံစားရနိုင်သနည်း၊ ထိုခံစားချက်များကို အဘယ်ကြောင့် တွေ့ကြုံနေရသနည်း။

၄။ အရုပ်ငယ်ပွဲနှင့်ပတ်သက်သည့် အုပ်စုတစ်စုလျှင် ဆွေးနွေးမည့်မေးခွန်း ခြောက်ခုစီ ဖြေဆိုကြမည်ဖြစ်ကြောင်း ထောက်ပြပါ။ ၎င်းတို့သည် ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ ပူဆွေးသောကရောက်ခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း ကဲ့သို့သော စိတ်လှုပ်ရှားမှုများအကြောင်းကို အသိအမှတ်ပြုခြင်းသည် ကျောင်းသားများအား အဘယ်ကြောင့် အထောက်အကူဖြစ်စေသည့် အကြောင်းရင်းကို ရေးသားရန် လိုအပ်မည်ဖြစ်သည်။

၅။ ထို့နောက် အုပ်စုလိုက်လှုပ်ရှားမှုကို တိုးချဲ့မည်ဖြစ်ကြောင်း ရှင်းပြပါ။ ထို့ကြောင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဆွေးနွေးမှုသည် နောက်ဆက်တွဲလုပ်ဆောင်မှု တစ်ခုအတွက် နိဒါန်းပျိုးမည်ဖြစ်သည်။ ဤလှုပ်ရှားမှုတွင် ၎င်းတို့၏ အနာဂတ် ကျောင်းသားများအား စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများကို ဖော်ထုတ်ခြင်းအကြောင်း လေ့လာရန် ကူညီပေးခြင်းတို့ ပါဝင်ပါသည်။ ထို့နောက် ၎င်းတို့သည် ကျောင်းသားများအား မိမိကိုယ်ကို ထိန်းညှိမှုဆိုင်ရာ ဗျူဟာများရေးဆွဲရာတွင် မည်ကဲ့သို့ အထောက်အကူပြုရမည်ကို အကြံပြုချက်များ ပြုလုပ်မည်ဖြစ်သည်။

၆။ ဆရာတစ်ဦး၏ စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို လမ်းညွှန်ရန် အထောက်အကူ ဖြစ်စေမည့် ပြန်လည်သုံးသပ်သည့် မေးခွန်းလေးခုကို ထည့်သွင်းရန် ကျောင်းသားများကို အားပေးပါ။ ဥပမာ – ကြောက်ရွံ့စိတ် လွှမ်းမိုးခံရပါက မည်သို့ဖြစ်မည်နည်း။ ယင်းအကြောင်းတရားကို မည်ကဲ့သို့ ထိန်းနိုင်မည်နည်း။ စိတ်ပူပင်သောကများ ဖုံးလွှမ်းနေသည့်အခါ မည်သို့ ဖြစ်မည်နည်း။ ယင်းခံစားချက် ကို မည်သို့ကျော်လွှားနိုင်မည်နည်း။

၇။ ၎င်းတို့အဖွဲ့ရှိ နည်းလမ်းများကို ဆွေးနွေးရန်နှင့် သင်ခန်းစာအဆုံးတွင် တစ်တန်းလုံးနှင့် မျှဝေရန်အတွက် တုံ့ပြန်ချက်တစ်ခုရေးရန် ၎င်းတို့ကို အားပေးပါ။

၈။ ၎င်းတို့၏ သင်ကြားရေးရင်းအမြစ်ဖိုင်တွဲများ၊ ပိုစတာစာရွက်ပေါ် (သို့မဟုတ်) ကျောင်းသားကိုင်စာအုပ်ရှိ ဇယား (၆.၆) တွင် ၎င်းတို့၏ အဖွဲ့တုံ့ပြန်မှုကို မှတ်တမ်းတင်ရန် လိုအပ်ကြောင်း ထောက်ပြပါ။ ဤသည်က သင်ခန်းစာအစီအစဉ် မဟုတ်ကြောင်း ထပ်လောင်းပြောပြပါ။ ယင်းအစား သင်ခန်းစာတစ်ခုကို သင်ကြားသည့်အခါတွင် ၎င်းတို့သည် ဤအကြံဉာဏ်များနှင့် အချက်အလက်များကို အသုံးပြုမည်ဖြစ်သည်။ ၎င်းတို့၏ ထင်ဟပ်သော တွေးခေါ်မှုလုပ်ငန်းစဉ်များကို လမ်းညွှန်ရန်အတွက်လည်း မေးခွန်းများကို အသုံးပြုမည်ဖြစ်သည်။ (၁၅ မိနစ်)

၉။ (၁၅) မိနစ်ကြာပြီးနောက် အတန်းကို အတူတူစုဝေးစေပြီး ကျောင်းသားများ မိမိကိုယ်ကိုထိန်းညှိသည့် အမူအကျင့်များ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ကူညီပေးရန် အတွက် ၎င်းတို့၏ နည်းလမ်းများကို မျှဝေရန် အုပ်စုတစ်ခုစီမှ ကျောင်းသား တစ်ဦးစီကို ဖိတ်ခေါ်ပါ။ ၎င်းတို့၏ ကိုယ်ပိုင်အပြုအမူကို ထိန်းချုပ်ရန်အတွက် နည်းလမ်းများ မျှဝေရန်လည်း တောင်းဆိုပါ။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ခြင်း

နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- ကျောင်းသားများ၏လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်ခြင်း (တင်ပြရန်အတွက် မိတ္တူကူးရန် လိုအပ်ပါမည်)၊
- ကျောင်းသားများ၏ ဆွေးနွေးချက်အား ကြည့်ရှုနားထောင်ခြင်းနှင့်
- အရုပ်ငယ်ဖျော်ဖြေပွဲများကို ကြည့်ရှုခြင်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ယူမှုလုပ်ငန်းအတွက် အဖြေမှန်သည် တစ်ခုမကရှိနိုင်ပါသည်။ အကြောင်းအရာသည် သင်ခန်းစာ (၆.၁.၁)၊ (၆.၁.၂) နှင့် (၆.၁.၃) အပေါ် အခြေခံရန် လိုအပ်ပါသည်။ ဆရာလမ်းညွှန် ဇယား (၆.၃) တွင် ဥပမာတစ်ခု ပါဝင်သည်။

**ဆရာလမ်းညွှန် ဇယား ၆.၃ ။ ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေ – အုပ်စုအလိုက်လုပ်ငန်းအစီအစဉ်**

<table>
<tr><th colspan="2">စိတ်လှုပ်ရှားမှုများကို ခွဲခြားသတ်မှတ်ခြင်း၊ သတိပြုမိသိရှိခြင်းနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ကိုယ်တိုင်ထိန်းကျောင်းပေးခြင်း</th></tr>
<tr><th>ဆွေးနွေးမည့်မေးခွန်းများ</th><th>ဤမေးခွန်းကို အဘယ်ကြောင့် မေးရသနည်း။</th></tr>
<tr><td>အရုပ်လေးတွေကရော ဘယ်လိုခံစားရသလဲ။<br><br>အရုပ်လေးတွေရော ခံစားချက်ချင်းတူသလား။<br><br>အရုပ်လေးတစ်ရုပ်လို ခံစားချက်မျိုးရှိဖူးလား။<br><br>ဒီလိုခံစားရတဲ့အခါ သင် ဘာလုပ်ခဲ့လဲ။<br><br>အရုပ်လေးက ဒေါသဖြစ်ရင် ဒေါသအရမ်းထွက်နေသလား ဒါမှမဟုတ် ဒေါသနည်းနည်းပဲ ထွက်နေသလား။<br><br>အရုပ်လေး ပျော်ရွှင်နေသလား (သို့မဟုတ်) ငြိမ်သက်နေသလားကို သင်ဘယ်လိုသိသလဲ။</td><td>ကျောင်းသားများ သိရှိနိုင်သော ခံစားချက်များကို ဖော်ထုတ်ပါ။<br><br>ကျောင်းသားများသည် မတူညီသော စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ဖော်ထုတ်နိုင်သည်။ အဘယ်ကြောင့်ဆိုသည်ကို ဖော်ထုတ်ပါ။<br><br>ကိုယ်ပိုင်စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို အသိအမှတ်ပြုခြင်း။<br><br>စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများနှင့်ပတ်သက်၍ ပြုလုပ်နိုင်သည့် ရွေးချယ်မှုများကို သတိပြုမိစေရန်။<br><br>စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများ ကွဲပြားမှုရှိသည်ကို အသိအမှတ်ပြုရန် ကျောင်းသားအား ကူညီပေးပါ။<br><br>ပျော်ရွှင်အေးချမ်းမှု ခံစားရသည်ကို သတိပြုမိရန် အားပေးပါ။</td></tr>
</table>

<table>
<tr><td>

**သင်ယူမှုနောက်ဆက်တွဲ –** စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ဖော်ထုတ်ခြင်းနှင့် မိမိကိုယ်ကို ထိန်းကျောင်းခြင်းဆိုင်ရာ နည်းဗျူဟာများ ဖော်ထုတ်ခြင်းအကြောင်းကို လေ့လာသင်ယူရာတွင် သင့်ကျောင်းသားများကို သင်မည်သို့ ကူညီပေးနိုင်မည်နည်း။

ဖော်ပြထားသော လုပ်ဆောင်ချက်များသည် ကွဲပြားသော်လည်း ကျောင်းသားများကို ဖြတ်ကျော်ရန် အဓိကအချက်မှာ ၎င်းတို့အား ခေတ္တရပ်၍၊ တွေးတောပြီး လုပ်ဆောင်ရာတွင် ကူညီပေးရန်ဖြစ်သည်။

ထို့ပြင် ၎င်းတို့အား မိမိကိုယ်ကို ထိန်းကျောင်းသည့် မေးခွန်းများမေးရန် – မည်သည်တို့ မှားသွားခဲ့သနည်း။ အဘယ်ကြောင့် ဤသို့ဖြစ်ခဲ့သည်ဟုထင်သနည်း။ ယင်းအမူအကျင့်ကို ပြောင်းလဲရန် နောက်တစ်ကြိမ် ၎င်းတို့ မည်သို့ပြုလုပ်နိုင်မည်နည်း။

</td></tr>
<tr><td>

**ပြန်လည်သုံးသပ်ရန်မေးခွန်းများ –** စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများအပေါ် ဆရာတစ်ဦး၏ ကိုယ်ပိုင်ထိန်းကျောင်းမှုကို လမ်းညွှန်ရန် အထောက်အကူဖြစ်စေမည့် မေးခွန်းလေးခု။

- အကြောက်တရားကို မည်ကဲ့သို့ ထိန်းကျောင်းနိုင်မည်နည်း။ ခေတ္တရပ်ပြီး အသက်ပြင်းပြင်း ရှူမည်လား။
- စိုးရိမ်စိတ်များ လွှမ်းမိုးလာသည့်အခါ မည်ကဲ့သို့ဖြစ်သွားမည်နည်း။ ဤခံစားချက်ကို မည်ကဲ့သို့ ကျော်လွှားနိုင်မည်နည်း။ ကျွန်ုပ်နှင့်စကားပြောနိုင်တဲ့သူ ရှိပါသလား။
- ကျွန်ုပ်၏ခံစားချက်များနှင့် ကျွန်ုပ်၏ခန္ဓာကိုယ်အပေါ် သက်ရောက်မှု (သို့မဟုတ်) နောက်ဆက်တွဲ လုပ်ဆောင်မှုများအကြောင်း ဂျာနယ်ကို သိမ်းဆည်းထားနိုင်ပါသလား။
- အခြေအနေများ ဖရိုဖရဲဖြစ်သည့်အခါ ငြိမ်သက်သည့်ခံစားချက်ကို မည်ကဲ့သို့ ပြန်လည်ရရှိနိုင်မည်နည်း။ သမာဓိထူထောင်သည့် နည်းပညာကို လေ့ကျင့်နေပါသလား။

</td></tr>
</table>

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် –

- မိတ်ဆက်လှုပ်ရှားမှုကို ဆွေးနွေးရန် စက်ဝိုင်းတစ်ခုပုံစံဖွဲ့ရန် အတန်းကို ပြောကြားပါ။
- မိတ်ဆက်ခြင်းလုပ်ဆောင်ချက်တွင် သင့်အုပ်စုသည် မည်မျှကောင်းမွန်ကြောင်း ဆွေးနွေးပါ။
- တစ်ဦးကတစ်ဦးထံမှ အပြန်အလှန် သင်ယူခဲ့ရသည့် တန်ဖိုးများကို မှတ်သားထားပါ။
- ဤလုပ်ဆောင်ချက်သည် သင်ယူမှုလုပ်ငန်းများအတွက် အုပ်စုအား ပြင်ဆင်ရာတွင် မည်သို့အထောက်အကူဖြစ်စေမည်ကို စဉ်းစားပါ။ ဤသို့ဆိုလျှင် မည်သို့ဖြစ်မည်နည်း။ သို့မဟုတ်ပါက အဘယ်ကြောင့်နည်း။

- သင့်အနာဂတ်ကျောင်းသားများကို ပြဿနာဖြေရှင်းခြင်းစွမ်းရည်များ တိုးတက်စေရန် အတွက် ဤလုပ်ဆောင်ချက်ကို စာသင်ခန်းတွင် အသုံးပြုမည့်အကြောင်းကို စဉ်းစားစေပါ။
- သင်ခန်းစာ (၆.၁.၄) ကို ဖတ်ရန် ကျောင်းသားများကို အားပေးပါ။ သင်ယူမှု လုပ်ငန်းအတွက် မှတ်စုအချို့ကို ပြင်ဆင်ပါ။

## ၆.၁.၄။ 'မြန်မာကျောင်းဆရာ' ဖြစ်လာခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- လူမှုကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်း၏ အဓိကအကြောင်းအရာများကို ပေါင်းစပ်ထားသော ပိုစတာတစ်ခုကို ရေးဆွဲတတ်မည်။
- စာရိတ္တနှင့်ပြည်သူ့နီတိတွင် လေ့လာဖော်ထုတ်ထားသည့် အဓိကအကြောင်းအရာ များကို ပြန်လည်သုံးသပ်တတ်ပြီး မြန်မာကျောင်းဆရာဖြစ်လာရန် ဤနားလည် သဘောပေါက်မှုက မည်သို့ပံ့ပိုးပေးကြောင်း ဆွေးနွေးတတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှု

(က) (၃.၁.၁) မြန်မာ့လူ့ဘောင်အသိုက်အဝန်းတွင် လက်ခံထားသည့် ဆရာများအတွက် စံအဖြစ် လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ် (၅) သွယ်နှင့် ဆရာအခန်းကဏ္ဍကို ဖော်ပြသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း။ ပိုစတာရေးဆွဲခြင်း – လူမှုရေးကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာနေထိုင်ခြင်းဆိုင်ရာ အဓိက အကြောင်းအရာများကို ပေါင်းစပ်ခြင်း

အိမ်စာလုပ်ငန်း။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် – မြန်မာကျောင်းဆရာ တစ်ဦး ဖြစ်လာခြင်း

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ

ကျောင်းသားများ၏ နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- ကြည့်ရှုလေ့လာခြင်း
- အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း
- ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၁.၄) ကို ဖတ်ရှုပါ။

သင်ယူမှုလုပ်ငန်း။ သင်ကြားရေးရင်းမြစ်ဖိုင်တွဲတစ်ခုတွင် စာမျက်နှာများ ထည့်သွင်းထားသည့် ကျောင်းသားများအား ပိုစတာစာရွက်ထုတ်ပေးပါ။

အိမ်စာလုပ်ငန်း။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်များ

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း။ ပိုစတာစာရွက်၊ မာကာများ၊ မဂ္ဂဇင်းများ (ပုံများအတွက်) ကော်ဘူး၊ ကတ်ကြေး။

အိမ်စာလုပ်ငန်း။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်များ။

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် –

| | |
|---|---|
| မိတ်ဆက် | ၅ မိနစ် |
| သင်ယူမှုလုပ်ငန်း | ၃၅ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း။ | ၁၀ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ယခုနှစ်အတွက် စာရိတ္တနှင့် ပြည်သူ့နီတိ၏ နောက်ဆုံးသင်ခန်းစာမှ အတန်းအား ကြိုဆိုပါ။

၂။ ရောင်စုံစာရွက်တစ်ရွက်ပေါ်တွင် ၎င်းတို့၏အမည်ကို ရေးခဲ့သည့် ပထမ သင်ခန်းစာကို ပြန်လည်စဉ်းစားစေပါ။ ကျောင်းသားများအား ဤစာသင်နှစ်တွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်အား သင်ကြား၊သင်ယူခြင်းဆိုင်ရာ အကြောင်းအရာများကို စူးစမ်းလေ့လာခြင်းနှင့်ပတ်သက်၍ မည်ကဲ့သို့ ခံစားရကြောင်းကို စာလုံးတစ်လုံးတည်းဖြင့် လွှမ်းခြုံဖော်ပြရန် မေးမြန်းပါ။

၃။ ၎င်းတို့ရေးခဲ့သောစာကို ပြန်လည်တွေးကြည့်ရန် ပြောကြားပြီး ၎င်းတို့၏ ခံစားချက်များ မည်ကဲ့သို့ပြောင်းလဲသွားသည်ကို ဝေမျှပေးရန် မိမိ၏ ဘေးကပ်လျက်မှ ကျောင်းသားကို အလှည့်ပေးပါ။

၄။ အတန်းနှင့် ၎င်းတို့၏ အတွေးအမြင်များကို မျှဝေရန် ကျောင်းသားသုံးဦးကို ဖိတ်ခေါ်ပါ။

### သင်ယူမှုလုပ်ငန်း။ ပိုစတာရေးဆွဲခြင်း – လူမှုရေးကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာနေထိုင်ခြင်းဆိုင်ရာ အဓိက အကြောင်းအရာများကို ပေါင်းစပ်ခြင်း

| | |
|---|---|
| အချိန် | ၃၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ (သို့မဟုတ်) ကျောင်းသားလေးဦးပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လူမှုရေးကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်းဆိုင်ရာ အဓိကအကြောင်းအရာများကို ပေါင်းစပ်ထားသည့် ပိုစတာတစ်ခုကို ကျောင်းသားများ ဖန်တီးရေးဆွဲရန်ဖြစ်သည်။

၁။ ဤသင်ယူမှုလုပ်ငန်းအတွက် သက်ဆိုင်ရာသင်ယူမှုရလဒ်ကို အကြမ်းဖျင်း ဖော်ပြပါ။

ဤသင်ယူမှုလုပ်ငန်း ပြီးဆုံးချိန်တွင် ကျောင်းသားများသည် –

- လူမှုရေးကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်း၏ အဓိကအကြောင်းအရာများကို ပေါင်းစပ်ထားသော ပိုစတာတစ်ခုကို ရေးဆွဲတတ်မည်။

၂။ တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ (သို့မဟုတ်) တစ်အုပ်စုလျှင် ကျောင်းသား လေးဦးပါဝင်သော အုပ်စုများဖြင့် လုပ်ဆောင်နိုင်သည်ဟု ကျောင်းသားများအား ရှင်းပြပါ။ အိမ်စာလုပ်ငန်းအတွက် ပြင်ဆင်ထားသည့် မှတ်စုများကို ပိုစတာ တစ်ခု ရေးဆွဲဖန်တီးရန် ၎င်းတို့က အသုံးပြုမည်ဖြစ်သည်။ လေးဦးအုပ်စုတွင် အလုပ်လုပ်ရာ၌ ပိုစတာတစ်ခုလုံး၏ အစိတ်အပိုင်းတစ်ခုအဖြစ်ပေါင်းစပ်ရန် အဓိကအကြောင်းအရာ (theme) တစ်ခုစီကို ရွေးချယ်နိုင်သည်ဟု ရှင်းပြပါ။

ထို့နောက် အဖွဲ့သည် စည်းလုံးညီညွတ်သော ပိုစတာတစ်ခုရေးဆွဲဖန်တီးရန် အဓိကအကြောင်းအရာများ ပါဝင်မည်ဖြစ်သည်။ ၎င်းတို့သည် တစ်ဦးချင်း လုပ်ဆောင်ပါက ပိုစတာတစ်ခုလုံးကို ထုတ်လုပ်ရန်အတွက် အဓိက အကြောင်းအရာများ အားလုံးကို ပေါင်းစပ်ရန် လိုအပ်မည်ဖြစ်သည်။ ၎င်းတို့သည် နှစ်ယောက်တစ်တွဲလုပ်ဆောင်ပါက တစ်ခုစီတွင် အကြောင်းအရာနှစ်ခုကို လုပ်ဆောင်နိုင်ပြီး ပိုစတာတစ်ခုလုံးကို ရေးဆွဲဖန်တီးရန်အတွက် အချက်အလက်များကို အတူတကွ ယူဆောင်လာနိုင်သည်။

၃။ ရည်ရွယ်ချက်မှာ အချက်အလက်များစုံလင်ပြီး စိတ်ပါဝင်စားမှုရှိစေသော ပိုစတာ တစ်ခု ရေးဆွဲဖန်တီးရန်ဖြစ်ကြောင်း ထပ်လောင်းပြောကြားပါ။ သူငယ်တန်းမှ ဒုတိယတန်း ကျောင်းသားများကို စာရိတ္တနှင့် ပြည်သူ့နီတိအကြောင်း သင်ကြားသည့်အခါ ပိုစတာကို နှစ်စဉ် အစီအစဉ်ရေးဆွဲရာတွင် လမ်းညွှန်အဖြစ် အသုံးပြုနိုင်သောကြောင့် ၎င်းသည် သင်ယူမှုလုပ်ငန်းကို ရည်ရွယ်ချက်ရှိသော လုပ်ဆောင်ချက်ကို ဖြစ်စေမည်ဖြစ်သည်။

၄။ ယခုနှစ်အတွင်း သင်ယူမှု၌ ပါဝင်နေချိန်တွင် ၎င်းတို့အတွက် အဓိပ္ပာယ်ရှိသော အရေးကြီးသော ကဏ္ဍများအားလုံးကို ထည့်သွင်းမည်ဖြစ်ကြောင်း ရှင်းပြပါ။ အုပ်စုတစ်စုတွင် လုပ်ဆောင်ပါက လူတစ်ဦးစီသည် အဓိကအကြောင်းအရာများတွင် အားစိုက် လုပ်ဆောင်မှုရှိကြောင်း သေချာစေရန် လိုအပ်ကြောင်း အလေးပေး ဖော်ပြပါ။ ဤသို့အားစိုက်လုပ်ဆောင်မှုသည် အုပ်စုလိုက် လုပ်ဆောင်ခြင်း၏ တန်ဖိုးဖြစ်ကြောင်း မီးမောင်းထိုးပြပါ။ လူတစ်ဦးစီသည် ၎င်းတို့၏ အဓိက အကြောင်းအရာ၏ အနက်အဓိပ္ပာယ်ကို အုပ်စုထံယူဆောင်လာကာ အကြောင်းအရာ၏ အရေးပါမှုအကြောင်း ဆွေးနွေးခြင်းသည် အားလုံးအတွက် အသစ်အဆန်း ဖြစ်စေသည့်အပြင် ပိုမိုနက်ရှိုင်းသော နားလည်မှုကို ဖြစ်ပေါ်စေပါသည်။

၅။ ဤသို့ပြုလုပ်ခြင်းသည် တီထွင်ဖန်တီးနိုင်စေရန် အခွင့်အလမ်းတစ်ခုဖြစ်ပြီး ကျောင်းသားများသည် ပုံများနှင့် အရောင်များကို အသုံးပြုနိုင်ပါသည်။ ပစ္စည်းများ ပြင်ဆင်ထားသောနေရာကို ညွှန်ပြပါ။ ကျောင်းသားများသည် ၎င်းတို့၏ အချက်အလက်များကို ၎င်းတို့အတွက် အဓိပ္ပာယ်ရှိသော နည်းလမ်းဖြင့် စုစည်းနိုင်သည် ဥပမာအားဖြင့် စိတ်ကူးပုံဖော်မှုတစ်ခု၊ ဇယားတစ်ခု (သို့မဟုတ်) အင်ဖိုဂရပ်ဖစ်တစ်ခုအနေဖြင့်။ ပိုစတာသည် အချက်အလက်အားလုံးနှင့်

သင့်တော်သော A3 အရွယ်အစား ဖြစ်နိုင်သည်။ ၎င်းတို့သည် အုပ်စုလိုက် (သို့မဟုတ်) နှစ်ယောက်တစ်တွဲ လုပ်ဆောင်ပါက ၎င်းတို့သည် ၎င်းတို့၏ သင်ကြားရေးရင်းမြစ်ဖိုင်တွဲများတွင် ထည့်သွင်းရန် မိတ္တူတစ်ခုစီ ယူလာရမည် ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏နားလည်မှုကို အောက်ပါတို့မှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- ကျောင်းသားများ၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း (တင်ပြရန်အတွက် မိတ္တူကူးရန် လိုအပ်ပါမည်)။
- ကျောင်းသားများ၏ ဆွေးနွေးချက်အား ကြည့်ရှုလေ့လာခြင်းနှင့် နားထောင်ခြင်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ယူမှုလုပ်ငန်းအတွက် အဖြေမှန်သည် တစ်ခုမကရှိနိုင်ပါသည်။ အကြောင်းအရာသည် ပထမစာသင်နှစ်ဝက်နှင့် ဒုတိယစာသင်နှစ်ဝက်တို့မှ အကြောင်းအရာအားလုံးအပေါ် အခြေခံရန် လိုအပ်ပါသည်။ လူမှုရေးကျင့်ဝတ်၊ စည်းကမ်း၊ အခွင့်အရေး၊ တာဝန်များ၊ အခြားသူများနှင့် ငြိမ်းချမ်းစွာနေထိုင်ခြင်းစသည့် သင်ကြားမှုလေးမျိုးနှင့် သက်ဆိုင်သည့် ခေါင်းစဉ်များဖြင့် အချက်အလက်များကို တင်ပြရန် အရေးကြီးပါသည်။ ရွေးချယ်ခွင့်တစ်ခုသည် မိမိကိုယ်ကို၊ အခြားသူများ၊ အုပ်စုနှင့် လူ့အဖွဲ့အစည်း၊ သဘာဝနှင့် ကမ္ဘာကြီးတို့နှင့် သက်ဆိုင်သည့် သင်ယူမှုနယ်ပယ်လေးခုကို အသုံးပြုရန် ရွေးချယ်မှုတစ်ခုဖြစ်သည်။ ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ် (အခန်း ၁) ရှိ လေ့ထောင့်ကွက် (၁.၂) ကို ကိုးကားပါ။ သို့ရာတွင် ၎င်းသည် သင်ယူမှုလုပ်ငန်း၏ လိုအပ်ချက်တစ်ခုမဟုတ်ပါ၊ ၎င်းတို့၏ အချက်အလက်များကို စီစဉ်ရန် နည်းလမ်းတစ်ခုအကြောင်း အကြံပြုချက်တစ်ခုဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| အချိန် | ၁၀ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် –

- အတန်းကို စက်ဝိုင်းပုံစံထိုင်စေပြီး စာသင်ချိန်တစ်လျှောက်လုံး ၎င်းတို့၏ အကျိုးရှိသော ကြိုးစားအားထုတ်မှုနှင့် စုံစမ်းမေးမြန်းမှုအတွက် အသိအမှတ်ပြု ချီးမွမ်းပါ။
- ကျောင်းသားများအား ၎င်းတို့၏ ပိုစတာများကို ပြသရန် တောင်းဆိုပါ (၎င်းတို့ကို ကိုင်ဆောင်ထားစေပါ၊ သို့မဟုတ် အခြားကျောင်းသားများက ပိုစတာများကို မြင်နိုင်စေရန် ၎င်းတို့ရှေ့ရှိ ကြမ်းပြင်ပေါ်တွင် ချထားလိုက်ပါ)။
- ကျောင်းသားအချင်းချင်း တစ်ဦး၏ ပိုစတာကို တစ်ဦးက မှတ်ချက်ပေးရန် ကျောင်းသားများကို ဖိတ်ခေါ်ပါ။ (၅ မိနစ်)

## အိမ်စာလုပ်ငန်း။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် – မြန်မာကျောင်းဆရာ တစ်ဦး ဖြစ်လာခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်တွင် စူးစမ်းလေ့လာထားသော အဓိကအကြောင်းအရာများကို ကျောင်းသားများ ပြန်လည်သုံးသပ်ရန်နှင့် ဤနားလည်သဘောပေါက်မှုသည် မြန်မာကျောင်းဆရာတစ်ဦးဖြစ်ရခြင်းအတွက် မည်ကဲ့သို့ အထောက်အကူပြုကြောင်း ဆွေးနွေးရန်ဖြစ်သည်။

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မြန်မာကျောင်းဆရာတစ်ဦးအနေဖြင့် ၎င်းတို့၏ အရေးကြီးသော အခန်းကဏ္ဍနှင့် ပတ်သက်၍ နားလည်သဘောပေါက်ကြောင်း သရုပ်ပြရန် ဖြစ်သည်။ သင်ခန်းစာ (၂.၁.၄) တွင် ရေးထားသော ၎င်းတို့၏ သင်ကြားရေးဒဿန ကြေညာချက်ကို အသုံးချနိုင်သည်။ ၎င်းတို့သည် ထုတ်ပြန်ချက်တွင် ထည့်သွင်းနိုင်သည် (သို့မဟုတ်) ကြေညာချက်ကို ပြန်လည်ရေးသားနိုင်သည်။ သို့မဟုတ် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်တွင် စူးစမ်းလေ့လာခဲ့သော အဓိကအကြောင်းအရာများသည် အရည်အချင်းရှိပြီး ယုံကြည်မှုရှိသော မြန်မာကျောင်းဆရာတစ်ဦး ဖြစ်လာစေရန် အထောက်အကူဖြစ်စေကြောင်း ရှင်းပြရန် စာပိုဒ်လေးပိုဒ်ကို ရေးသားနိုင်သည်။

၎င်းတို့သည် ၎င်းတို့၏ အဖြေတွင် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်မှ အညွှန်းကိန်း (က) (၃.၁.၁) ကို ပြည့်မီရန် အရေးကြီးသည်၊ သင်ခန်းစာ (၃.၁.၄) ကို ကြည့်ပါ။

(က) (၃.၁.၁) မြန်မာ့လူ့ဘောင်အသိုက်အဝန်းတွင် လက်ခံထားသည့် ဆရာများအတွက် စံအဖြစ် လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ် (၅) သွယ် နှင့် ဆရာအခန်းကဏ္ဍကို ဖော်ပြသည်။

**ဆရာ့မှတ်စု**

ကျောင်းသားများ၏ နောက်ဆုံးပြန်လည်သုံးသပ်မှုများကို အကဲဖြတ်သုံးသပ်ရန်နှင့် စာသင်နှစ် ကုန်ဆုံးပြီးဟု သတ်မှတ်ပေးထားသော လုပ်ငန်းဆောင်ရွက်မှုအား တင်သွင်းမှုနှင့် ပတ်သက်သော ညွှန်ကြားချက်များပေးရန် တောင်းဆိုနိုင်ပါသည်။

ဤသင်ယူမှုလုပ်ငန်းအတွက် မှန်ကန်သောအဖြေ တစ်ခုထက်မကရှိနိုင်ပါသည်။ အကြောင်းအရာသည် ပထမစာသင်နှစ်ဝက်နှင့် ဒုတိယစာသင်နှစ်ဝက်တို့မှ အကြောင်းအရာ အားလုံးအပေါ်အခြေခံရန် လိုအပ်ပါသည်။ ဥပမာတစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

> စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သည် မူလတန်းအောက်ဆင့် ကျောင်းသားများကို ဘဝအတွက် ကိုယ်ကျင့်တရား၊ ကျင့်ဝတ်နှင့်တာဝန်သိသော ဆုံးဖြတ်ချက်များ ချနည်းကို သင်ယူနိုင်စေရန် ကူညီပေးခြင်းအကြောင်းကို ကျွန်ုပ်နားလည်ပါသည်။ အချို့သောသူများနှင့် ယုံကြည်ချက်များ၊ တန်ဖိုးထားမှုများ မျှဝေနေချိန်တွင် တစ်ခါတစ်ရံ ၎င်းတို့၏ ယုံကြည်ချက်နှင့် တန်ဖိုးများသည် ကွဲပြားနိုင်ကြောင်း ကျောင်းသားများအား သိရှိနားလည်ရန် ကူညီပေးသည့် ကိစ္စလည်းဖြစ်သည်။ ကျောင်းသားများကို ကျောင်းနှင့်လူ့အဖွဲ့အစည်းတွင် ပိုမို၍ အပြုသဘော ဆောင်သော၊ တာဝန်သိပြီး လွတ်လပ်သော သင်ယူသူများဖြစ်လာစေရန် တွေးခေါ်မှုနှင့် ပြန်လည် သုံးသပ်သော အပြုအမူများ ဖွံ့ဖြိုးတိုးတက်စေရန်

ကူညီပေးသောကြောင့် ၎င်းသည် အရေးကြီးသော ဘာသာရပ်တစ်ခု ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ဆရာတစ်ဦးအနေဖြင့် ကျွန်ုပ်၏ အခန်းကဏ္ဍတွင် ကျောင်းသားများသည် ဘေးကင်းလုံခြုံသည်ဟုခံစားရသော ပံ့ပိုးကူညီမှုနှင့် အားလုံးအကျုံးဝင်သည့် စာသင်ခန်းအသိုင်းအဝိုင်းကို ဖန်တီးပေးခြင်းပါဝင်သည်။ စာသင်နှစ်အစတွင် ကျောင်းသားများသည် စာသင်ခန်းကျင့်ဝတ်ကို သတ်မှတ်ရာတွင် ကျောင်းသားများ ပါဝင်ကြောင်း သေချာစေသည့် လုပ်ငန်းလုပ်ဆောင်မှုများ ပါဝင်မည်ဖြစ်သည်။ တစ်နှစ်ပြီးတစ်နှစ် ဆက်သွားသည်နှင့်အမျှ မည်သည့်အရာ လုပ်ဆောင်ခဲ့သည် (သို့မဟုတ်) ပြောင်းလဲရန် လိုအပ်သည်များကို ဆုံးဖြတ်ရန် အတန်းတစ်ခုလုံး ပါဝင်သော ဆွေးနွေးမှုတစ်ခုအတွင်း ဤစာသင်ခန်းကျင့်ဝတ်ကို အခါအားလျော်စွာ ပြန်လည်ကြည့်ရှု၍ ဆုံးဖြတ်ပါမည်။

သင်ယူမှုပတ်ဝန်းကျင်သည် တက်ကြွစွာပါဝင်နိုင်သော ချဉ်းကပ်မှုကို အားပေးရန် လိုအပ်သည်။ သင်ယူမှုသည် အိမ်တွင်း (သို့မဟုတ်) အပြင်ဘက်တွင် ဖြစ်ပွားနိုင်သည်။ အရေးကြီးသည်မှာ ကျောင်းသားများအား လူ့အခွင့်အရေးနှင့် တာဝန်များကိုသိပြီး ဒီမိုကရေစီ နိုင်ငံသားဖြစ်မှုနှင့် ယဉ်ကျေးမှုကွဲပြားမှုများကို ပူးပေါင်းစုံစမ်းရန် အခွင့်အလမ်းများပေးရန်ဖြစ်သည်။ ဆရာတစ်ယောက်အနေနှင့် ကျွန်ုပ်သည် စံနမူနာပြထားပြီး လူတိုင်း၏ သဘောထားများကို တန်ဖိုးထား တတ်ရန်နှင့် မတူညီမှုများကို လေးစားတတ်ရန် သင်ကြားပေးဖို့လိုပါသည်။ ကျွန်ုပ်၏ကိုယ်ပိုင်ယူဆချက်များကို ဆင်ခြင်စဉ်းစားရန်နှင့် ကျောင်းသား တစ်ဦးစီ၏ သင်ယူမှုတိုးတက်မှုကို စောင့်ကြည့်ရန် ပြန်လည်သုံးသပ်သော တွေးခေါ်မှုတွင်လည်း ပါဝင်ရန် လိုအပ်ပါသည်။ သင်ယူခြင်းအတွက် အတားအဆီးများကို ခွဲခြားသတ်မှတ်ပြီး သင်ခန်းစာအစီအစဉ်များ (သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်အတွက် သင့်လျော်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်လည်း လိုအပ်ပါသည်။

နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံဆရာများ၏ ကျင့်ဝတ်ငါးသွယ်ကို ကျေပွန်ရန် လိုပါသည်။ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်တွင် ပါဝင်သောအကြောင်းအရာများကို စူးစမ်းရှာဖွေခြင်းဖြင့် ကျောင်းသားများအား ရုပ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တီထွင်ဖန်တီးမှုနှင့် စိတ်ခံစားမှု ရေးရာဆိုင်ရာ ပံ့ပိုးမှုများကို အားပေးကူညီနိုင်မည်ဖြစ်သည်။ ၎င်းတို့၏ စိတ်လှုပ်ရှားမှုများကို နားလည်နိုင်စေရန် ကူညီပေးနိုင်ပြီး ၎င်းတို့ကိုယ်တိုင်နှင့် အခြားသူများကိုပါ ယဥ်ကျေးမှုဆိုင်ရာ သတ္တဝါများအဖြစ် အသိအမြင်ရှိလာအောင် ကူညီပေးနိုင်ပါသည်။ မိဘများကို လေးစားပြီး ၎င်းတို့နှင့် ပုံမှန်ဆက်သွယ်မည်။ အတတ်ပညာရှင်ဖြစ်ရန်၊ စာနာစိတ်ဖြင့် ပြုမူလုပ်ဆောင်ရန်၊ အပြုသဘောဆောင်သော ဆက်သွယ်ပြောဆိုမှုများနှင့် ရိုးသားစွာ အစီရင်ခံရန် အမြဲရည်ရွယ်ပါသည်။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသောခံစားချက်ကို ဖန်တီးတတ်ရန်မှာ အဘယ်ကြောင့် အရေးကြီးသနည်း။

အဖြေ။ *စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသောခံစားချက် ဆိုသည်မှာ ရိုးရိုးရှင်းရှင်းနှင့် အံဝင်ခွင်ကျဖြစ်ခြင်းထက် ပိုပါသည်။ ဆိုလိုသည်မှာ ကျောင်းသားတစ်ဦးစီသည် တမူထူးခြားနေသော်လည်း စာသင်ခန်းနှင့် ကျောင်းတွင် လက်ခံကြိုဆိုလျက် သက်သောင့်သက်သာရှိစေရန် တန်ဖိုးထားခံရစေရန် လိုအပ်ပါသည်။ တစ်နည်းဆိုရသော် ၎င်းတို့သည် စာသင်ခန်းမိသားစု၏ အစိတ်အပိုင်းတစ်ခုဟု ခံစားမိစေရန် ဖြစ်သည်။*

*ကျောင်းသားများသည် ပညာရပ်ဆိုင်ရာ စွန့်စားမှုများကို ရယူပိုင်ဆိုင်လိုသော ခံစားချက်ရှိရန် လိုအပ်ပါသည်။ ကျောင်းသားအားလုံးသည် မတူကွဲပြားကြပြီး အချို့သော ကျောင်းသားများသည် အခြားသူများထက် သင်ယူရန် အတားအဆီးများ ရှိနေနိုင်သည်။ ဆရာတစ်ဦးအနေဖြင့် ကျောင်းသားအားလုံး စာသင်ခန်းအတွင်း ၎င်းတို့၏ တည်ရှိမှုကို တန်ဖိုးထားခံရကြောင်း သေချာစေရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။ ၎င်းတို့သည် အဖွဲ့ဝင်အဖြစ် ပါဝင်ခံစားမိစေရန် လိုအပ်ပါသည်။ သင်ယူမှုပတ်ဝန်းကျင်သည် တစ်ဦးနှင့်တစ်ဦး၏ အယူအဆများကို စိန်ခေါ်ရန် တက်ကြွသောဆွေးနွေးမှုများ လိုအပ်ပါသည်။ ကျောင်းသားများသည် အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်မရှိဘဲ ပါဝင်လုပ်ဆောင်ရန် အဆင်ပြေမည်မဟုတ်ပေ။*

မေးခွန်း ၂။ မတူကွဲပြားသော ယဉ်ကျေးမှုကို အသိအမှတ်ပြုခြင်းသည် မတူကွဲပြားသော လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန် မည်သို့ပံ့ပိုးကူညီပေးနိုင်သနည်း။

အဖြေ။ *တစ်ခါတစ်ရံတွင် ကမ္ဘာလောကကြီးကို အခြားသူ၏ရှုထောင့်မှနေ၍မြင်ရန် ခက်ခဲပါသည်။ ဤသို့အခက်အခဲတွေ့ရခြင်းမှာ ကျွန်ုပ်တို့သည် ယဉ်ကျေးမှုမှန်ဘီလူးဖြင့် အခြေအနေကို ကြည့်နေကြောင်းကို ကျွန်ုပ်တို့မသိခဲ့သောကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့၏ ပြုမူဆောင်ရွက်ပုံများသည် လူမှုဆက်ဆံရေးအခြေအနေ၏ ရလဒ်များပင်ဖြစ်ကြောင်း*

*အများအားဖြင့် ကျွန်ုပ်တို့ သတိမပြုမိကြပေ။ ကျွန်ုပ်တို့၏ အမြင်များသည် လွှမ်းမိုးခံရနိုင်ပြီး ထိုအမြင်များသည် ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်များကို လွှမ်းမိုးနိုင်ကြောင်း သိရှိလာသည်နှင့်အမျှ ကျွန်ုပ်တို့သည် ယဉ်ကျေးမှုများအကြား မတူကွဲပြားမှုများနှင့် တူညီမှုများကို သိရှိနားလည်လာပါသည်။*

*တစ်နည်းဆိုရသော် ကျွန်ုပ်တို့၏ မျက်လုံးများနှင့် စိတ်ကိုဖွင့်ထားနိုင်လျှင် ယဉ်ကျေးမှု ယုံကြည်ချက်များဖြစ်သည့် လူတို့၏ အပြုအမူ၊ လုပ်ရပ်များနှင့် အပြန်အလှန်အကျိုး သက်ရောက်မှုများအပေါ် ကျွန်ုပ်တို့၏ အသိအမြင်ကို မြှင့်တင်နိုင်ပါသည်။ ဤအသိတရားသည် ကျွန်ုပ်တို့အား ငြိမ်းချမ်းစွာနေထိုင်ရန်အတွက် လိုအပ်သည့် ကရုဏာနှင့် နားလည်မှုကို ပိုမိုဖွံ့ဖြိုးလာစေပါသည်။*[၂၀]

*ဆရာများအနေဖြင့် ယဉ်ကျေးမှုအားလုံးကိုလက်ခံပြီး အလေးထားရန် တိုက်တွန်းအပ်ပါသည်။ သို့တိုင် ယဉ်ကျေးမှုမတူကွဲပြားမှုကို နားလည်သဘောပေါက်အောင် လုပ်ဆောင်သည့်အခါ လေးစားမှုရှိရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ယဉ်ကျေးမှုယုံကြည်ချက်တစ်ခုသည် လူ့အခွင့်အရေးကို ချိုးဖောက်ပါက၊ ၎င်းကို လက်ခံနိုင်ဖွယ်ရာမရှိသည့် အပြုအမူဟု ကျွန်ုပ်တို့ သုံးသပ်နိုင်ပါသည်။ သို့သော် ဆရာများအနေနှင့် ခွဲခြားဆက်ဆံခြင်း (သို့မဟုတ်) ရိုင်းပျစော်ကားခြင်းမရှိဘဲ ပညာသင်ကြားပေးရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။ အပြုအမူသည် ထိုအုပ်စု၏ ဓလေ့ထုံးစံဖြစ်သည်ကို ကျွန်ုပ်တို့ ရိုးရှင်းစွာ အသိအမှတ်ပြုရန် လိုအပ်ပြီး လူသားများအနေဖြင့် ကျွန်ုပ်တို့တွင် ပါဝင်ရန် (သို့မဟုတ်) မပါဝင်ရန် ရွေးချယ်ခွင့်ရှိသည်။ ဤအချက်ကို ဆွေးနွေးနိုင်သည့် စာသင်ခန်းအတွင်း ဖြစ်ပေါ်လာသည့် အခြေအနေများကို သတိပြုမိရန် အရေးကြီးပါသည်။*

၂၀ Chatterjee Singh, N., & Duraiappah, A. K. (Eds.). (2020).

မေးခွန်း ၃။ ဆရာတစ်ဦးသည် သင်ကြားရေးအတွက် ငြိမ်းချမ်းသော သင်ကြားရေး ပတ်ဝန်းကျင်ကို မည်သို့ တည်ဆောက်နိုင်သနည်း။

အဖြေ။ *စာသင်ခန်းအတွင်း ငြိမ်းချမ်းသော သင်ကြားရေးပတ်ဝန်းကျင်ကို တည်ဆောက်ရန် ကျောင်းသားများအား ရပ်ရွာ၊ ကျောင်းနှင့် မိသားစုနောက်ခံများတွင် အတူတကွ နေထိုင်နည်းကို သင်ကြားပေးရန် အရေးကြီးပါသည်။*[၂၁]

*ကျောင်းသားများသည် အဖွဲ့ဝင်ဖြစ်သည်ဟူသောခံစားချက်ကို ခံစားရရှိရန် အရေးကြီးပါသည်။ ယဉ်ကျေးမှုဆိုင်ရာ တူညီမှုနှင့် ကွဲပြားမှုများကို နားလည်ရန်နှင့် နှစ်ခုလုံးကို တန်ဖိုးထားရန်အတွက် ကျောင်းသားများ နားလည်သဘောပေါက်အောင် ကူညီရန်လည်း အရေးကြီးပါသည်။ ထို့ကြောင့် အလေ့အကျင့်အသိုက်အဝန်း ထူထောင်ရန် အထူး အရေးကြီးပါသည်။ ကျောင်းသားအားလုံးသည် စာသင်ခန်းတွင်း စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း ခံစားရပြီး ငြိမ်းချမ်းသော သင်ကြားရေး ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားရန် အရေးကြီးကြောင်း ၎င်းတို့ ယုံကြည်ထားသည်များကို ပြောကြားခွင့်ရရှိရန် လိုအပ်ပါသည်။*

*လက်ခံနိုင်သော အပြုအမူကို စံနမူနာပြုလုပ်ရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် ချီးမွမ်းခြင်းနှင့် နှုတ်ဖြင့်အားပေးခြင်းသည် အပြုအမူများကို အပြုသဘောဆောင်၍ အားဖြည့်ပေးနိုင်ပါသည်။ ကျောင်းသားများအား ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် တာဝန်ယူမှုကို လက်ခံရန် အားပေးခြင်းသည် ငြိမ်းချမ်းသော ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် အထောက်အကူ ဖြစ်စေပါသည်။*

*ဆရာတစ်ဦးလုပ်ဆောင်နိုင်သော အရေးကြီးဆုံးလုပ်ဆောင်ချက်များထဲမှ တစ်ခုမှာ ကျောင်းသားများနှင့် အပြုသဘောဆောင်သော ဆက်ဆံရေး တည်ဆောက်ရန်ဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့၏ဘဝတွင် စိတ်ဒဏ်ရာများ ကြုံတွေ့ရပါက စံနမူနာပြုရသော ပုဂ္ဂိုလ်များ ကင်းမဲ့သွားနိုင်သည်။ ပြုစုစောင့်ရှောက်သော စံနမူနာပြ ပုဂ္ဂိုလ်မရှိလျှင် ကျောင်းသားများသည် ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်ရန် အတွက် လိုအပ်သောကျွမ်းကျင်မှုများကို သင်ယူရန် အခွင့်အရေးများကို လက်လွတ်*

[၂၁] Nasser, I. (2014, December).

*ဆုံးရှုံးသွားနိုင်ပါသည်။[၂၂] ဆရာသည် ကျောင်းသားများအား ပိုမို၍သဟဇာတရှိပြီး ငြိမ်းချမ်းသော သဘောထားများကို ထိန်းသိမ်းရန်အတွက် နည်းလမ်းများနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးနိုင်ပါသည်။ သို့မဟုတ်ပါက ဆရာသည် အခြေအနေများကို ခွဲခြမ်းစိတ်ဖြာပြီး လိုအပ်ပါက ကျွမ်းကျင်သော အကူအညီကို ရယူရန် ကျောင်းသားများကို လမ်းညွှန်နိုင်သည်။*

မေးခွန်း ၄။ ဆရာတစ်ဦးသည် စာသင်ခန်းအတွင်း ပြဿနာဖြေရှင်းမှုကို မည်သို့ပံ့ပိုးပေးနိုင်သနည်း။

အဖြေ။ *ကျောင်းသားများသည် ပူးပေါင်းပါဝင်ပြီး ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ၎င်းတို့၏ဘဝတွင် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းနိုင်စေရန် နည်းလမ်းအသစ်များကို သင်ယူရန် လိုအပ်ပါသည်။ ကျောင်းသားများအား ၎င်းတို့၏ အခြေအနေကို ခွဲခြမ်းစိတ်ဖြာရန်နှင့် ဖြစ်နိုင်သည့် ဖြေရှင်းနည်းများကို အကြံပြုပေးခြင်းဖြင့် ကျောင်းသားများကို ခွန်အားဖြစ်စေရန် အရေးကြီးပါသည်။[၂၃]*

*ဆရာက ကျောင်းသားများအကြား တင်းမာမှုများ မြင့်တက်လာသည်ကို တွေ့ရှိပါက အခြေအနေကို ခွဲခြမ်းစိတ်ဖြာပြီး ပျံ့နှံ့မသွားမီ အတန်းတစ်ခုလုံးပါဝင်သည့် ဆွေးနွေးမှုတစ်ခု ဖန်တီးနိုင်ပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် ဆရာက ကျောင်းသားများကို တိုက်ရိုက်မဟုတ်ဘဲ အပြုအမူများကို ကိုင်တွယ်ဖြေရှင်းနေခြင်း ဖြစ်ပါတယ်။ ဆရာသည် ကျောင်းသားများအား ပြဿနာကို အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ချဉ်းကပ်နည်းကို သင်ကြားပေးခြင်းဖြင့် ကျောင်းသားများကို ခွန်အားဖြစ်စေသည်။*

၂၂ Chatterjee Singh, N., & Duraiappah, A. K. (Eds.). (2020).

၂၃ Arigatou International. (2019).

*အဖွဲ့ လိုက်လှုပ်ရှားမှုများအကြောင်း ကျောင်းသားများ၏ သတိပြုမိမှုကို မြှင့်တင်ခြင်းသည် အုပ်စုများအတွင်းနှင့် အုပ်စုများကြားတွင် လူမှုရေးပြဿနာများ အဘယ်ကြောင့် ဖြစ်ပေါ်လာသည်ကို နားလည်ရန် ကူညီပေးသည်။ ပြဿနာအတွေ့အကြုံများသည် ပြင်းထန်သော ခံစားချက်များကို ဖြစ်ပေါ်စေနိုင်ပြီး ခက်ခဲခဲ့သည့် မှတ်ဉာဏ်များကို သတိရစေနိုင်သည်။ ထို့ကြောင့် ပဋိပက္ခဆိုင်ရာ ပုဂ္ဂိုလ်ရေးနှင့် အတတ်ပညာဆိုင်ရာ အတွေ့အကြုံများအကြောင်းနှင့် ဤအတွေ့အကြုံများသည် စာသင်ခန်းအတွင်းရှိ ပဋိပက္ခဖြေရှင်းခြင်းနည်းလမ်းများကို စီမံခန့်ခွဲရာတွင် မည်ကဲ့သို့ အဟန့်အတား ဖြစ်စေနိုင်ကြောင်း (သို့မဟုတ်) ပံ့ပိုးပေးနိုင်ကြောင်း ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။*

မေးခွန်း ၅။ မိမိကိုယ်ကို ထိန်းကျောင်းခြင်းအတွက် ပြန်လည်သုံးသပ်သော တွေးခေါ်မှုသည် အဘယ်ကြောင့် အရေးပါသနည်း။

*အဖြေ။ မိမိကိုယ်ကို ထိန်းကျောင်းခြင်းအကြောင်း သင်ကြားခြင်းနှင့် သင်ယူခြင်းသည် ပြန်လည်သုံးသပ်သော တွေးခေါ်မှုလိုအပ်ပါသည်။ ကျောင်းသားများကို ခေတ္တရပ်တန့်၍၊ တွေးတောပြီး လုပ်ဆောင်ခြင်းကို စံနမူနာပြရန် အရေးကြီးသည်။ ဤအရာက ကျောင်းသားများကို စိတ်အနှောင့်အယှက်ဖြစ်လာပါက (သို့မဟုတ်) စိတ်ပျက်လာပါက စိတ်ကိုတည်ငြိမ်စေရန် ကူညီပေးသည်။*

*ကျွမ်းကျင်မှုအသစ်များကဲ့သို့ပင် မိမိကိုယ်ကိုထိန်းကျောင်းခြင်းသည် ငြိမ်းဆင်သင်ကြားပေးရန် လိုအပ်သည်။ နမူနာလုပ်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် အလေ့အကျင့်များ လိုအပ်သည်။ အကယ်၍ ကျောင်းသားများသည် မသင့်လျော်စွာ ပြုမူပါက ၎င်းတို့အား ဆင်ခြင်သုံးသပ်ရန်နှင့် အခြေအနေကို တုံ့ပြန်ရန် အခြားနည်းလမ်းများအကြောင်း စဉ်းစားရန် အချိန်ပေးနိုင်သည်။ ပုံစံတကျဖြစ်ရန် ကူညီပေးသည်။ ဆိုလိုသည်မှာ ကျောင်းသားသည် အပြုအမူကို ပြန်လည်သုံးသပ်ရန် အချိန်ရပြီးနောက် စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုကို အစပျိုးရန် အလားအလာနည်းသောအခါတွင် အပြုအမူအကြောင်း အတူတူဆွေးနွေးမည်ဟု ဆိုလိုသည်။ ၎င်းသည် ကျောင်းသားအား မည်သည်ကမှားယွင်းခဲ့သနည်း၊ အဘယ်ကြောင့် ဤသို့ဖြစ်ပျက်သည်ဟု ထင်မြင်သနည်း၊ နောက်တစ်ကြိမ်တွင် အမူအကျင့်ကို ပြောင်းလဲရန် ၎င်းတို့သည် မည်သည်တို့ကို လုပ်ဆောင်နိုင်သနည်းတို့ကို မေးမြန်းရန် အထောက်အကူပြုသည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ယဉ်ကျေးမှုသည် ကမ္ဘာကြီးနှင့် ကျွန်ုပ်တို့၏ အပြန်အလှန် ဆက်သွယ်မှုများနှင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာရန် ကျွန်ုပ်တို့ ဖြတ်သန်းကြည့်ရှုသည့် မှန်ဘီလူးဖြစ်သည်။
- ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်က ကျွန်ုပ်တို့ကို ကရုဏာနှင့် နားလည်မှု ပိုမိုတိုးပွား လာစေသည်။
- ဆရာများသည် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများနှင့် သင်ကြားမှု နည်းလမ်းများကို ယဉ်ကျေးမှုမှန်ဘီလူးဖြင့် စစ်ထုတ်ရန် လိုအပ်သည်။
- ကျောင်းသားများသည် ခွဲခြားဆက်ဆံသည့် အပြုအမူများကို သတိပြုမိနိုင်ရန် လိုအပ်သည်။
  - ကျောင်းသားများအား ၎င်းတို့၏ အခြေအနေကို ခွဲခြမ်းစိတ်ဖြာရန်နှင့် အပြုအမူများကို ပြုပြင်ရန် ကူညီပေးခြင်းဖြင့် စွမ်းအားမြှင့်တင်ပေးပါ။
  - ကျောင်းသားများအား ပြဿနာဖြေရှင်းခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် ဆက်သွယ်ခြင်းအတွက် နည်းလမ်းများဖန်တီးနိုင်ရေး ကူညီပေးရန်လိုအပ်သည်။
- ကျောင်းသားများသည် ပညာရပ်ဆိုင်ရာ စွန့်စားရမှုများကို ရင်ဆိုင်ရန်အတွက် စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ရရှိရန် လိုအပ်သည်။
- စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်သည် ရိုးရှင်းသည့် လိုက်လျောညီထွေဖြစ်ခြင်းထက် ပိုမိုသာလွန်ပါသည်။
- မိမိကိုယ်ကို ထိန်းကျောင်းခြင်းတွင် ပြန်လည်သုံးသပ်သည့်တွေးခေါ်မှု လိုအပ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ အဓိကအချက်အလက်များကို ပေါင်းစပ်ထားသည့် ပိုစတာတစ်ခုကို ကျောင်းသားများ ဖန်တီးခဲ့ပြီးဖြစ်သည်။

ကျောင်းသားများသည် ပိုစတာပေါ်ရှိ အချက်အလက်များကို ပြန်လည်စဉ်းစားသုံးသပ်ပြီး ပညာရေး၊ လက်တွေ့တန်းပြ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ ဘာသာရပ်များတွင် သင်ယူခဲ့သည်များနှင့် ဆက်စပ်နိုင်သည်။ ဥပမာအားဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်တွင် သင်ယူခဲ့သည့် အရာများသည် ကျောင်းသားများ၏ အခြားဘာသာရပ်များတွင် သင်ယူခဲ့သည့်အရာများနှင့် မည်သို့ ကိုက်ညီမှုရှိသနည်း။

## ဆက်လက်ဖတ်မှတ်စရာများ

**၆.၁။**

Arigatou International. (2019). *Faith and children’s rights: A multi-religious study on the convention rights of the child* (Executive summary). https://arigatouinternational.org/our-work/faith-childrens-rights-crc-study-documents/

Brown, B. (2015). *Daring greatly: How the courage to be vulnerable transforms the way we live, love, parent and lead.* Penguin Life.

Council of Europe. (2015). *Teaching controversial issues through education for democratic citizenship and human rights: Training pack for teachers.* https://edoc.coe.int/en/human-rights-democratic-citizenship-and-interculturalism/-7738teaching-controversial-issues.html

Department of Basic Education. (n.d.). *KG syllabus: Expected learning outcomes of the respected learning areas.* Myanmar Ministry of Education.

Dunlea, M. (2019, September 4). *Every student matters: Cultivating belonging in the classroom.* Edutopia. https://www.edutopia.org/article/every-student-matters-cultivating-belonging-classroom

Gay, G. (2013). Teaching to and through cultural diversity. *Curriculum Inquiry, 43*(1), 48–70. https://doi.org/10.1111/curi.12002

Good Character. (2021). *Character education, mindfulness, social-emotional learning, and life skills resources for Grades K12. Teaching guide: Working out conflicts.* Live Wire Media. https://www.goodcharacter.com/elementaryschool/working-out-conflicts/

Keddie, A., & Mills, M. (2007). *Teaching boys: Developing classroom practices that work.* Allen & Unwin.

Nasser, I. (2014, December). *Education for peaceful living: A necessity from early childhood in contexts affected by violence.* Arigatou International. https://ethicseducationforchildren.org/en/knowledge-center/blog/-341education-for-peaceful-living-a-necessity-from-early-childhood-in-contexts-affected-by-violence-blog

Price, K. (2005). *It's okay to be different: Teaching diversity with Todd Parr.* National Council of Teachers of English. http://www.readwritethink.org/classroom-resources/lesson-plans/okay-different-teaching-diversity890-.html?tab=4

Rwehera, M. (2017, February). *National education strategic plan 2016–21 appraisal report* 27. UNESCO.

The Government of the Republic of the Union of Myanmar. (2016). *National education strategic plan 2016–21 Summary.* Ministry of Education.

The United States Institute of Peace. (2017). *Classroom strategies to teach peace from teachers for teachers.* https://www.usip.org/public-education/educators/classroom-strategies-teach-peace

UNESCO. (2018). *Preparing teachers for global citizenship education: A template.* https://bangkok.unesco.org/content/preparing-teachers-global-citizenship-education-template

UNESCO. (2020). *Rethinking learning: A review of social and emotional learning for education systems*. https://mgiep.unesco.org/rethinking-learning

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| အာဏာရှင် (Authoritarian) | အာဏာရှင် ချဉ်းကပ်မှုဆိုသည်မှာ အာဏာကို ချုပ်ကိုင်ထားသည်ဟု ဆိုလိုသည်။ |
| အပြုသဘောဆောင်သော အပြုအမူ (Constructive behaviour) | အပြုသဘောဆောင်သော အပြုအမူများသည် အပြန်အလှန်လေးစားမှုအပေါ် အခြေခံပြီး နားလည်သဘောပေါက်လိုစိတ် ပါဝင်သည်။ |
| ဓလေ့ထုံးတမ်းများ (Customs) | ဓလေ့ထုံးတမ်းများသည် ကျင့်ကြံပြုမူသော နည်းလမ်းများဖြစ်သည်။ ၎င်းတို့သည် လူမှုအဖွဲ့အစည်းအတွင်း တရားဝင်မဟုတ်သော စည်းမျဉ်းစည်းကမ်းများနှင့် ထုံးတမ်းအစဉ်အလာများဖြစ်သည်။ |
| ဆိုက်ဘာ အနိုင်ကျင့်ခြင်း (Cyberbullying) | ဆိုက်ဘာအနိုင်ကျင့်ခြင်းဆိုသည်မှာ အွန်လိုင်းပတ်ဝန်းကျင်တွင် အပြန်အလှန် ဆက်ဆံသည့်အခါ တစ်စုံတစ်ဦးကို အနိုင်ကျင့်ခြင်း (သို့မဟုတ်) အနိုင်ကျင့်ခံရခြင်းဟု အဓိပ္ပာယ်ရသည်။ |
| ဒီမိုကရေစီဆန်သော ခေါင်းဆောင်မှုပုံစံ (Democratic leadership style) | ဒီမိုကရေစီဆန်သော ခေါင်းဆောင်မှုပုံစံတွင် ဆုံးဖြတ်ချက်များချရာတွင် ၎င်းတို့၏ အဖွဲ့ဝင်များ ပါဝင်ပါသည်။ |
| အပျက်သဘောဆောင်သော အပြုအမူ (Destructive behaviour) | ပျက်စီးစေသော အပြုအမူများသည် အန္တရာယ်ဖြစ်စေပြီး အပျက်သဘောဆောင်သော ဘာသာစကားကို အခြေခံထားသည်။ |
| တိုက်ရိုက်ဒီမိုကရေစီ (Direct democracy) | နိုင်ငံသားများသည် ဥပဒေများနှင့် မူဝါဒများအပေါ် ဆုံးဖြတ်ချက်များချရာတွင် ကူညီပိုင်ခွင့်ရှိသည်။ |
| စည်းကမ်း (Discipline) | စည်းကမ်းဆိုသည်မှာ အပြုအမူကို ထိန်းညှိရန် ကျင့်ဝတ် (သို့မဟုတ်) အလေ့အကျင့်တစ်ခုဖြစ်သည်။ |
| ဖြန့်ဝေတရားမျှတမှု (Distributive justice) | ဖြန့်ဝေတရားမျှတမှုသည် လူ့အဖွဲ့အစည်းအတွင်း ကုန်စည်များ၊ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို ဖြန့်ဝေပေးသည့် တရားမျှတသော နည်းလမ်းများ ပါဝင်သည်။ |
| တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများ (Explicit rules) | တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများသည် ရှင်းလင်းပြတ်သားပြီး တိုက်ရိုက် စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ |
| သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများ (Implicit rules) | သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများသည် အစဉ်အမြဲ တိကျရှင်းလင်းမှု မရှိသော်လည်း ထိုစည်းမျဉ်းစည်းကမ်းများကို တရားသေလိုက်နာသင့်သည်ဟု မှတ်ယူထားကြသည်။ |
| ဥပဒေများ (Laws) | ဥပဒေများသည် အစိုးရကဲ့သို့ ဥပဒေများပြုရန် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုမှ ပြဋ္ဌာန်းသော အထူးစည်းမျဉ်းစည်းကမ်းအမျိုးအစားကို ရည်ညွှန်းပါသည်။ |
| အမြင်ရှုထောင့် (Perspective) | အမြင်ရှုထောင့်ဆိုသည်မှာ ကျွန်ုပ်တို့ ကမ္ဘာကြီးကို ရှုမြင်ပုံဖြစ်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **စည်းမျဉ်းများ (Regulations)** | စည်းမျဉ်းဆိုသည်မှာ ဥပဒေတစ်ရပ်ကို လိုက်နာကြောင်း သေချာစေရန် အာဏာပိုင်တစ်ဦးမှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းဖြစ်သည်။ |
| **ကိုယ်စားပြု ဒီမိုကရေစီ (Representative democracy)** | အခြားဒီမိုကရေစီနိုင်ငံများတွင် ပြည်သူများသည် ၎င်းတို့ကိုယ်စား ဆောင်ရွက်ပေးမည့်သူ တစ်ဦးကို ရွေးကောက်တင်မြှောက်ပြီး ပြည်သူများကို ကိုယ်စားပြုစေ၍ ၎င်းတို့ကိုယ်စား ပြောဆိုလုပ်ကိုင်စေသော ဒီမိုကရေစီပုံစံဖြစ်သည်။ |
| **စည်းမျဉ်းစည်းကမ်းများ (Rules)** | စည်းမျဉ်းစည်းကမ်းများသည် လမ်းညွှန်တစ်ခုဖြစ်သည်။ ၎င်းတို့သည် လူများ (သို့မဟုတ်) လူအုပ်စုများကို ကျင့်ကြံပြုမူရန် (သို့မဟုတ်) အချို့သော အလေ့အကျင့်များကို ပြဋ္ဌာန်းရန် လမ်းပြကြသည်။ |
| **ဘေးကင်းလုံခြုံရေးကွန်ရက် (Safety network)** | သင်ယုံကြည်စိတ်ချရပြီး အန္တရာယ်မှ ကာကွယ်ပေးမည့် သူများဖြင့် ဖွဲ့စည်းထားသည့်ကွန်ရက်။ |
| **မိမိကိုယ်ကို ထိန်းကျောင်းခြင်း (Self-regulate)** | မိမိ၏အပြုအမူနှင့် စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများကို ထိန်းကျောင်းခြင်းနှင့် ပြုပြင်ခြင်းတို့ကို ဆိုလိုသည်။ |
| **အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက် (Sense of belonging)** | ကျောင်းသားတိုင်းကို တန်ဖိုးထားသည့် နေရာတစ်ခု ဖန်တီး၍ ၎င်းတို့၏ ထူးခြားမှုကို လေးစားတန်ဖိုးထားပြီး ၎င်းတို့အား စာသင်ခန်းနှင့် ကျောင်းတွင် သက်သောင့်သက်သာ ရှိမှုတို့ကို ခံစားမိစေခြင်းဖြစ်သည်။ |
| **သင်ကြားပေးနိုင်သော အခိုက်အတန့် (Teachable moment)** | အယူအဆ (သို့မဟုတ်) ဘာဝတွက်တာ ကျွမ်းကျင်စရာတစ်ခုကို သင်ကြားပေးရန် မမျှော်လင့်ထားသော အခွင့်အရေး။ |

# ကျမ်းကိုးစာရင်း

Adams, C. (2020). *Cyberbullying: What teachers and schools can do*. Scholastic Teachers. https://www.scholastic.com/teachers/articles/teaching-content/cyberbullying-what-teachers-and-schools-can-do/

Arigatou International. (2019). *Faith and children's rights: A multi-religious study on the convention rights of the child* (Executive summary). https://arigatouinternational.org/our-work/faith-childrens-rights-crc-study-documents/

Australia's Magna Carta Institute Incorporated. (2020). *Rule of law education centre: Rules and laws.* https://www.ruleoflaw.org.au/primary-school-education/

Australian Electoral Commission. (2016). *Democracy rules.* https://education.aec.gov.au/democracy-rules/

Brancati, D. (2014, May). Democratic authoritarianism: Origins and effects. *Annual Review of Political Science.* https://www.researchgate.net/publication/271647244_Democratic_Authoritarianism_Origins_and_Effects

Brown, B. (2015). *Daring greatly: How the courage to be vulnerable transforms the way we live, love, parent and lead.* Penguin Life.

Burns, T. R., & Machado, N. (2013). *Social rule system theory: Universal interaction grammars.* Research Gate. https://www.researchgate.net/publication/259591669_SOCIAL_RULE_SYSTEM_THEORY_Universal_Interaction_Grammars

Chatterjee Singh, N., & Duraiappah, A. K. (Eds.). (2020). *Rethinking learning: A review of social and emotional learning frameworks for education systems.* UNESCO MGIEP.

Commonwealth of Australia. (2020). *Parliamentary education office: Democracy.* https://peo.gov.au/understand-our-parliament/how-parliament-works/system-of-government/democracy/

Council of Europe. (2015). *Teaching controversial issues through education for democratic citizenship and human rights: Training pack for teachers.* https://edoc.coe.int/en/human-rights-democratic-citizenship-and-interculturalism/7738-teaching-controversial-issues.html

Curwin, R. (2014, August 5). *Social and emotional learning: The 5 critical categories of rules.* https://www.edutopia.org/blog/5-critical-categories-of-rules-richard-curwin

Department of Basic Education. (n.d.). *Curriculum outline, morality and civics education primary level subject objectives.* Myanmar Ministry of Education.

Department of Basic Education. (n.d.). *KG syllabus: Expected learning outcomes of the respected learning areas.* Myanmar Ministry of Education.

Dunlea, M. (2019, September 4). *Every student matters: Cultivating belonging in the classroom.* Edutopia. https://www.edutopia.org/article/every-student-matters-cultivating-belonging-classroom

Fleischacker, S. (2004). *A short history of distributive justice.* Harvard University Press.

Gay, G. (2010). *Culturally responsive teaching: Theory, research, and practice* (2nd ed.). Teachers College Press.

Gay, G. (2013). Teaching to and through cultural diversity. *Curriculum Inquiry, 43*(1), 48–70. https://doi.org/10.1111/curi.12002

Good Character. (2021). *Character education, mindfulness, social-emotional learning, and life skills resources for Grades K-12. Teaching guide: Working out conflicts.* Live Wire Media. https://www.goodcharacter.com/elementaryschool/working-out-conflicts/

Keddie, A., & Mills, M. (2007). *Teaching boys: Developing classroom practices that work.* Allen & Unwin.

Lamont, J., & Favor, C. (2017). *Distributive justice, The Stanford Encyclopedia of Philosophy (Winter 2017 Edition), Edward N. Zalta (ed.).* https://plato.stanford.edu/archives/win2017/entries/justice-distributive

Nasser, I. (2014, December). *Education for peaceful living: A necessity from early childhood in contexts affected by violence.* Arigatou International. https://ethicseducationforchildren.org/en/knowledge-center/blog/341-education-for-peaceful-living-a-necessity-from-early-childhood-in-contexts-affected-by-violence-blog

Pekrun, R. (2014). *Emotions and learning: Educational practices series* (Vol. 24). UNESCO and International Bureau of Education.

Price, K. (2005). *It's okay to be different: Teaching diversity with Todd Parr.* National Council of Teachers of English. http://www.readwritethink.org/classroom-resources/lesson-plans/okay-different-teaching-diversity-890.html?tab=4

Rwehera, M. (2017, February). *National education strategic plan 2016–21 appraisal report* 27. UNESCO.

Stanley, M. (2020). Regulation – *The first 4000 years.* https://www.regulation.org.uk/history-1-to_1980.html

The Government of the Republic of the Union of Myanmar. (2014). *National Education Law 2014: Parliamentary Law No. 41.* 1376, New Moon of Thadingyut 7th day (September 30, 2014). Union Parliament.

The Government of the Republic of the Union of Myanmar. (2016). *National education strategic plan 2016–21 Summary.* Ministry of Education.

The United States Institute of Peace. (2017). *Classroom strategies to teach peace from teachers for teachers.* https://www.usip.org/public-education/educators/classroom-strategies-teach-peace

Turabik, T., & Gün, F. (2016). The relationship between teachers' democratic classroom management attitudes and students' critical thinking dispositions. *Journal of Education and Training Studies, 4*(12), 45–57. http://dx.doi.org/10.11114/jets.v4i12.1901

UNESCO. (2018). *Preparing teachers for global citizenship education: A template.* https://bangkok.unesco.org/content/preparing-teachers-global-citizenship-education-template

Urgel, M. (2019). *WEAVE: Innovating for refugee women.* World Fair Trade Organization. https://wfto.com/article/weave-%E2%80%93-innovating-refugee-women

Vygotsky, L. S. (1978). *Mind in society: The development of the higher psychological processes.* Harvard University Press.

World Fair Trade Organization. (2020). *About WFTO.* https://wfto.com/who-we-are

# နောက်ဆက်တွဲ

## နောက်ဆက်တွဲ (၁)။ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းနှင့် တုံ့ပြန်အကြံပြုချက်များအတွက် စံသတ်မှတ်ချက်များ

သင်ခန်းစာ (၅.၁.၂) တွင် ပါရှိသည့် သင်ယူမှုလုပ်ငန်း (၂) အတွက် ဤစာမျက်နှာကို အသုံးပြုပါ။

| | |
|---|---|
| **သင်ခန်းစာအစပျိုးခြင်း –**<br><br>ဆရာက စိတ်ဝင်စားမှုကို မည်ကဲ့သို့ လှုံ့ဆော်ပေးမည့် အကြောင်း အသေးစိတ်ရှင်းလင်းချက် ရှိပါသလား။ ထိရောက်ပါမည်လား၊ သင့်စိတ်ဝင်စားမှုကို လှုံ့ဆော်ပေးမည်လား။ မဟုတ်ပါက၊ နည်းဗျူဟာကို မြှင့်တင်ရန် နည်းလမ်းကို အကြံပြုပါ။ | |
| **သင်ယူမှုရည်ရွယ်ချက်များနှင့် အတန်းအဆင့် –**<br><br>ဤအသေးစိတ်အချက်အလက်များကို ထည့်သွင်းထားပါသလား။ | |
| **သင်ကြားပြသခြင်း –**<br><br>စာသင်ခန်းစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းအတွက် ဒီမိုကရေစီ လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကို ရှင်းပြရန် တိကျပြတ်သားသော ညွှန်ကြားချက်များ ရှိပါသလား။ ကျောင်းသားများကို သင်ပေးမည်ဆိုပါက ဤရှင်းလင်းချက်ကို အသုံးပြု၍ လမ်းညွှန်နိုင်ပါသလား။ | |
| **လက်တွေ့လုပ်ဆောင်ခြင်း –**<br><br>ကျောင်းသားများက မည်သည်ကို လုပ်ဆောင်ကြမည်နည်း၊ ဆရာက မည်သည်ကို လုပ်ဆောင်မည်နည်း ဆိုသည်ကို ရှင်းရှင်းလင်းလင်းရှိပါသလား။ သို့မဟုတ်ပါက ဤရှင်းလင်းချက်ကို ပိုမိုကောင်းမွန်စေရန် မည်ကဲ့သို့ပြုလုပ်နိုင်မည်နည်း။ | |

| | |
|---|---|
| **ပြန်လည်သုံးသပ်ခြင်း –**<br><br>စာသင်ခန်းစည်းမျဉ်းများ – အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဇယားကို သတ်မှတ်ရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးမှုမေးခွန်း ငါးခု ရှိပါသလား။ လုပ်ငန်းစဉ်ကို လမ်းညွှန်ပေးခြင်း မဟုတ်ပါက ယင်းကို မည်သို့ မြှင့်တင်နိုင်မည်နည်း။ | |
| **ဥပမာပေးခြင်း –**<br><br>စာသင်ခန်း၏အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဇယားသည် မည်သို့မည်ပုံရှိမည်ကို ဥပမာတစ်ခုရှိပါသလား။ ကျောင်းသားလူငယ်များ နားလည်နိုင်မည့် ဘာသာစကားဖြင့် ရေးထားပါသလား။ | |
| **ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်ကို စစ်ဆေးအကဲဖြတ်ခြင်း –**<br><br>ဒီမိုကရေစီ လုပ်ငန်းစဉ်သည် တာဝန်သိပြီး တက်ကြွသော နိုင်ငံသားများ၏ အရည်အချင်းများဖြစ်သည့် လေးစားမှု၊ သည်းခံမှု၊ သာတူညီမျှမှု၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် တရားမျှတမှုတို့ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသားများကို မည်ကဲ့သို့ ကူညီပေးမည် ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည့် စာပိုဒ် ငါးပိုဒ် ရှိပါသလား။ စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်၍ မည်သို့ အလေးပေးဖော်ပြထားသနည်း။ | |

# မှတ်စုများ

# မှတ်စုများ

ယူနက်စကို မြန်မာစီမံကိန်းရုံး